# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၉ ရက်၊ သောကြာနေ့။ Friday, 23 February 2018 ၉၂၀၉


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၁၄ ဒသမ ၉၄၉ ဘီလီယံ ချေးယူရန် အတည်ပြု၊ အရေးပေါ် ရန်ပုံငွေမှ ငွေကျပ် ၂၆၀၁၁ ဒသမ ၁၃၁ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

စာမျက်နှာ » ၅

နိုင်ငံစီးပွားတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း

စာမျက်နှာ » ၆

# ကျူးဘားနှင့် အာဂျင်တီးနား သံအမတ်ကြီးတို့အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တွေ့ဆုံ

## နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟက်တာ ကော်နီဒီအယ်လ်မေးဒါးအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)** **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



# ရန်ကုန်ဘူတာကြီး ဘက်စုံအဆင့်မြှင့်တင်ရေး ကန်ဒေါ်လာ သုံးဘီလီယံနီးပါး ရင်းနှီးမြှုပ်နှံရန် လျာထား

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်ဘူတာကြီး ဘက်စုံအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် တင်ဒါအောင် ကုမ္ပဏီအဖွဲ့အစည်းက အမေရိကန်ဒေါ်လာ သုံးဘီလီယံနီးပါး ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး စီမံကိန်းကြီးတစ်ခုလုံးအား ရှစ်နှစ်ခန့်ကြာမြင့်မည့် စီမံကိန်းတစ်ခုအဖြစ် လျာထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်ဘူတာကြီး ဘက်စုံအဆင့်မြှင့်တင်ရေး စီမံကိန်းအတွက် ရင်းနှီးတည်ဆောက်လိုသူများကို တင်ဒါအဆိုပြုလွှာခေါ်ယူခဲ့ပြီး တင်ဒါအောင် ကုမ္ပဏီအဖွဲ့အစည်းအား ဖေဖော်ဝါရီ ဒုတိယပတ်က ထုတ်ပြန်ကြေညာခဲ့ရာတွင် စီမံကိန်း ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့ကာ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား(အောက်မြန်မာပြည်) အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

ရန်ကုန်ဘူတာကြီး ဘက်စုံအဆင့်မြှင့်တင်ရေး စီမံကိန်းနှင့်ပတ်သက်၍ လက်ရှိတင်ဒါအောင် ကုမ္ပဏီအဖွဲ့အစည်းနှင့် သဘောတူညီ စာချုပ်ချုပ်ဆိုနိုင်ပါက စာချုပ်ချုပ်ဆိုအပြီး ရှစ်နှစ်အကြာတွင် စီမံကိန်းအလုံးစုံပြီးစီးရန် လျာထားကြောင်း အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ယနေ့ကျင်းပသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ◯



ရန်ကုန်ဘူတာကြီး ဘက်စုံအဆင့်မြှင့်တင်ရေး စီမံကိန်းပုံစံငယ်အား တွေ့ရစဉ်။




ကြေးမုံ

# ပြည်သူ့အတွက် စည်ပင်ဥပဒေပေါ်ပေါက်ရေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကြမ်းတစ်ခုထုတ်ပြန်သည်ကို သတိထားမိပါသည်။ လွှတ်တော်တွင် တင်ပြအတည်ပြုမည်ဟုလည်း သိရပါ၏။

ဥပဒေများရေးဆွဲပြဋ္ဌာန်းခြင်း၏ အနှစ်သာရမှာ အများပြည်သူ၏ အကျိုးစီးပွားကို မျှမျှတတဖြင့် ကာကွယ်ပေးရန်ဖြစ်သည်ဟု ယေဘုယျအားဖြင့် သဘောရပါသည်။ လူများစု၏အကျိုးစီးပွားကို အဓိကထားသလို လူနည်းစု၏ အခွင့်အရေးကိုလည်း အသိအမှတ်ပြုရသည်ဖြစ်သဖြင့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းတော့မည်ဆိုလျှင် အသေးစိတ်စဉ်းစားရပါ၏။ ထို့အတူ ခြုံငုံ၍လည်း ရှုမြင်ရန်လိုပါမည်။ ဘက်စုံ ရှုထောင့်စုံမှလည်း သုံးသပ်ရန်သင့်ပါ၏။

သည့်အတွက် ရှေ့မျိုးဆက်က လူကြီးများဆိုသကဲ့သို့ *Law* (လော) ရေးဆွဲရာတွင် မလောဖို့လိုသည်ဟု ဆိုရပါမည်။ အထူးသဖြင့်တော့ ဥပဒေ၏ သက်ရောက်မှုကို တိုက်ရိုက်ဆက်ခံရမည့် ပြည်သူလူထု၏ သဘောဆန္ဒကို နားထောင်ရန်လည်း လိုမည် ဖြစ်ပါသည်။

ဘက်စုံထောင့်စုံမှ ရှုမြင်သုံးသပ်ရခြင်းဖြစ်သည့်အတွက် ဘက်စုံထောင့်စုံမှ နားလည်တတ်ကျွမ်းသော ပညာရှင်တို့နှင့်လည်း နှီးနှော ဆွေးနွေးရန်လိုအပ်ပါမည်။ ဒီမိုကရေစီကင်းမဲ့သည့် ကာလများစွာကို ဖြတ်သန်းခဲ့ရသော နိုင်ငံဖြစ်သည့်အတိုင်း ပညာရှင်တို့၏ အကြံပြုဝေဖန်ချက်တို့ကို ဟန်ပြသဘောရယူအသုံးပြုခဲ့သည့် အလေ့အကျင့်တို့ကို သတိပြု ရှောင်ကြဉ်ရန်လည်း လိုပါမည်။

လူများစုအကျိုးစီးပွားနှင့် လူနည်းစုအခွင့်အရေးကို အလေးထားရသည့်အတွက် အချို့သော ဥပဒေများမှာ ပြည်သူလူထု သေသေချာချာ နားလည်ပြီး သဘောတူညီကြရန်လိုပါ၏။

နိုင်ငံတကာထုံးတမ်းအရ မြို့ပြစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများကို ရေးဆွဲရာတွင် မြို့ပြ၏ အနာဂတ်ပုံစံကို ချမှတ်ပြီး ရေးဆွဲကြသည်။ မိမိတို့မြို့ကို စီးပွားရေးမြို့တော်အဖြစ် အဓိကဖြစ်စေချင်သည်လား၊ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းသည့် မြို့တော်အသွင်လား၊ စက်မှုလက်မှု မြို့တော်လား၊ နိုင်ငံ၏ ဂုဏ်ယူစရာနိမိတ်ပုံ မြို့တော်လား စသည်ဖြင့် မြို့ပြပုံသဏ္ဍာန်ကို ရွေးရှုချမှတ်ကြပါသည်။ မြို့တော်စည်ပင်သာယာရေး ဥပဒေဆိုသည်မှာ မြို့တော်ပုံမှန်လည်ပတ်နေပြီး နေချင်စဖွယ်မြို့တော်၊ သန့်ရှင်းပြီး မြို့နေသူများ ကျန်းမာရေး၊ ကိုယ်စိတ်လုံခြုံရေးတို့ဖြစ်နေဖို့ စီမံခန့်ခွဲထိန်းသိမ်းရန်အတွက် ပြဋ္ဌာန်းသတ်မှတ်ရပါသည်။

ယခင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေက ယခင်ရန်ကုန်မြို့ကို ဦးတည်ခဲ့တာဖြစ်သည့်အတွက် ယနေ့ကာလ၊ အနာဂတ် မျှော်မှန်းချက်တို့နှင့် ကွဲလွဲသွေဖည်မှုများ ရှိနေမည်ဟု ယူဆပါသည်။ သည့်အတွက်ပဲ ဥပဒေသစ်များ ရေးဆွဲပြဋ္ဌာန်းရန် ကြိုးစားနေကြရခြင်း ဖြစ်သည်ဟု ရှုမြင်ပါ၏။

ထို့ပြင် ယနေ့ ရန်ကုန်မြို့၏ အကျပ်အတည်း အခက်အခဲများကို စနစ်တကျဖြေရှင်းရမည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားချက်များလည်း ပါဝင်ရန် လိုအပ်ပါမည်။ မြို့ပြများ၏ ကျပ်တည်းနေမှု၊ ခက်ခဲမှုများကို ဖြေလျှော့ရန် မြို့သစ်များ ချဲ့ထွင်ရန် လိုအပ်ပါကလည်း ပြည်ထောင်စုတစ်ခုလုံးနှင့် ယှဉ်တွဲစဉ်းစားစီမံရန် လိုပါမည်။ မြို့တစ်မြို့ တိုးချဲ့ဖွံ့ဖြိုးရေးဆိုသော်လည်း နိုင်ငံတစ်ခုလုံး၏ ဖွံ့ဖြိုးမှုနှင့် ဆက်စပ်နေပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေဆိုသော်လည်း ကျယ်ပြန့်သည့် ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ရှုမြင်စဉ်းစားသော အမြင်ရှိရပါမည်။ မြို့တစ်မြို့တည်း ကွက်စဉ်းစားဖို့မသင့်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအတွက် ခြုံငုံသုံးသပ်မှု လိုအပ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေဟုဆိုသော်လည်း ပြည်ထောင်စု တစ်ခုလုံးနှင့် ယှဉ်တွဲဆန်းစစ်ရမည့် ဥပဒေဖြစ်ပါသည်။

ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေကို အကောင်အထည်ဖော်မည့် တာဝန်ခံများ၏ အရည်အချင်းနှင့် အကန့်အသတ်များကိုလည်း ဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေရေးဆွဲပြဋ္ဌာန်းဖို့က လွယ်ကူလှသည်မဟုတ်တာ သေချာပါ၏။ ဥပဒေရေးဆွဲနေသူတို့ တာဝန်ယူဆောင်ရွက်နေရသည့် လုပ်ငန်းမှာ အလွန်အရေးကြီးသလောက် ကြိုးကြိုးပမ်းပမ်း အားထုတ်ရမည်လည်းဖြစ်၏။ ပြည်သူလူထုကလည်း ဝိုင်းဝန်းကူညီကာ ဝေဖန်အကြံပြုကြရမည်ဟု ယူဆပါ၏။

ပြည်သူ့အစိုးရခေတ်မှာ ပြည်သူလူထုအကျိုးကို ရှေးရှုသောဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ပါစေသတည်း။ ။

# ပြည်ထောင်စုနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ရဟန်းသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းများတွင် ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် မဟာဝိဇိတာရုံ မင်္ဂလာရာမ ကျောင်းတိုက်ရှိ ဓမ္မဝိဇိတဗိမာန်တော်ကြီးတွင် သံဃာတော်များ၊ ရှင်သာမဏေများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ဘုန်းတော်ကြီးကျောင်းများတွင် ကျန်းမာရေးနှင့် ညီညွတ်သော အလေ့အကျင့်ကောင်းများဖြစ်သည့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အာဟာရဖွံ့ဖြိုးရေး၊ သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်များ ပေါ်ထွန်းလာစေရေးကို ဦးတည်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာနခွဲ၊ အာဟာရဖွံ့ဖြိုးရေးဌာနခွဲ၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲ၊ သွားနှင့် ခံတွင်းကျန်းမာရေးဌာနခွဲ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ၊ အရေပြား အထူးကုဆရာဝန်ကြီးများနှင့် မျက်စိ အထူးကုဆရာဝန်ကြီးများပူးပေါင်း၍ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သည်။ အဆိုပါ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက လာရောက်ကြည့်ရှုအားပေးခဲ့သည်။

သံဃာတော်များအား မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများအား ဆေးစစ်ခြင်း၊ အရေပြား၊ သွားနှင့် ခံတွင်းကျန်းမာရေး၊ အထွေထွေရောဂါများအား ဆေးစစ်ခြင်း၊ အာဟာရအခြေအနေ ဆန်းစစ်ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းတို့ကို သံဃာတော်နှင့် ရှင်သာမဏေ စုစုပေါင်း ၁၁၂ ပါးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်**

# ရပ်/ကျေးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ခေတ်စနစ်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲကို ရွှေပြည်သာမြို့နယ်ရုံး Community Centre ခန်းမ၌ ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမိုးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများက စာကြည့်တိုက်ပိုင်းဆိုင်ရာ ဘာသာရပ်များကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်မှူး ၂၈ ဦးတို့က မိမိတို့စာကြည့်တိုက်၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၂၀၀၀ | - | ၉၄၂၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၂၀၀၀ | - | ၉၄၂၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၀/၈၂၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၅ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၉၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၄၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၂/၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၇/၇၅၅ ကျပ်၊ အောက်တိန်း၉၂ တစ်လီတာ ၇၁၅/၇၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၁. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၃. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၉. ၆၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၁၄၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉. ၉၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၅၃၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၇. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၉၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၇. ၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၄. ၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



ဖေဖော်ဝါရီ ၂၂ ရက်တွင် အင်းစိန်အထက(၁)ကျောင်း၌ စတုတ္ထနေ့အဖြစ် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုပြီး ပျော်ရွှင်စွာ ထွက်လာကြစဉ်။

# စတုတ္ထတန်းနှင့်အဋ္ဌမတန်း စာမေးပွဲ စတုတ္ထနေ့ဖြေဆို

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာတစ်နိုင်ငံလုံးတွင်ရှိသော စတုတ္ထတန်းနှင့် အဋ္ဌမတန်းကျောင်းသား ကျောင်းသူများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အတန်းတင်စာမေးပွဲများကို ဖေဖော်ဝါရီ ၁၉ ရက်မှစတင်ကျင်းပဖြေဆိုလျက်ရှိရာ အင်းစိန်မြို့နယ်တွင်လည်း ခရိုင်ပညာရေးဌာနအစီအစဉ်ဖြင့် စစ်ဆေးခြင်း၌ စတုတ္ထတန်းစာမေးပွဲကို စာဖြေဌာန ၄၄ ခုဖြင့် ဖြေဆိုသူကျောင်းသား ကျောင်းသူ ၃၇၈၅ ဦး၊ ပျက်ကွက်သူ ၃၃ ဦးရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ပညာရေးဌာနအစီအစဉ်ဖြင့် စစ်ဆေးခြင်းတွင် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူစာရင်းရှိ ၃၉၁၆ ဦးရှိပြီး ဖြေဆိုသူကျောင်းသား ကျောင်းသူ ၃၈၉၂ ဦး၊ ပျက်ကွက်သူ ၂၄ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာစာဖြေဌာနကြီးကြပ်ရေးမှူးများက ကူညီဆောင်ရွက်ပေးကြပြီး မြို့နယ်ပညာရေးမှူး ဦးကျော်ဦးနှင့်အဖွဲ့က စာဖြေဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေး အားပေးခဲ့သည်။

**ညဏ်ဟိန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

☆ **ကျူးဘားမှ**

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများနှင့်အတူ ကျန်းမာရေး၊ ပညာရေး၊ ရာသီဥတုပြောင်းလဲမှုကိစ္စတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်များဖြစ်သော အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (FEALAC)၊ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့(NAM)နှင့် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး (South-South Cooperation) တို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

အလားတူ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာရီယာ အလစ်ရှာ ကာ့ ဇို နီ ဒီ ဆွန် ချိုင်းန်အား လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စနှင့်အတူ စီးပွားရေး၊ ကုန်သွယ်ရေး၊ပညာရေး၊အားကစား၊ ယဉ်ကျေးမှု၊ နည်းပညာကဏ္ဍတို့၌လည်းကောင်း၊ ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး(South-South Cooperation)၊ အရှေ့ အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (FEALAC) တို့၌ လည်းကောင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာရီယာ အလစ်ရှာ ကာ့ ဇို နီ ဒီ ဆွန် ချိုင်းန်အား လက်ခံတွေ့ဆုံစဉ်။

# မေရီချက်(ပ်)မင်း နားမကြားကလေးများကျောင်းနှင့် အစ္စလာမ်သက်ကြီးဂေဟာ အလှူငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သံတမန်လမ်းရှိ မေရီချက်(ပ်)မင်း နားမကြားကလေးများကျောင်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အလှူငွေပေးအပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူငွေကျပ်သိန်း ၅၀ ကိုပေးအပ်ရာ မေရီချက်(ပ်)မင်း နားမကြားကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်သိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မေရီချက်(ပ်)မင်း နားမကြားကလေးများကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး အချက်အပြုတ် သင်တန်းသားများကို အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သယ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်းရှိ အစ္စလာမ် သက်ကြီးဂေဟာသို့ ရောက်ရှိကာ အလှူငွေပေးအပ် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ပြောကြားပြီး အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ အစ္စလာမ် သက်ကြီးဂေဟာ အုပ်ချုပ်ရေးအတွင်းရေးမှူး ဟာဂျီဦးလှဝေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**

တာချီလိတ်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးသန်းလွင်နှင့် မြို့နယ်ဦးစီးမှူးဦးဇော်မိုး၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသိုက်ထွန်းအေးတို့က အရည်အသွေးပြည့်မီစွာ သတ်မှတ်ချိန် ပြီးစီးဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင်(VDP)ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ဌာနမတည်ငွေကျပ် သိန်း၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၅သိန်းဖြင့် အရှည်ပေ ၁၀၀၀၊ အကျယ် ၁၀ ပေ၊ ထုခြောက်လက်မရှိ မိုင်းဖုန်း(ခ)ကျေးရွာအဝင် ကွန်ကရစ်လမ်း၊ပါလိုင်ကျေးရွာတွင်ဆောက်ထားသော ရေပေးဝေရေးလုပ်ငန်း၊ မိုင်းကိုးကျေးရွာအုပ်စု ပါဘီး (၅) ကျေးရွာတွင် တည်ဆောက်လျက်ရှိသော ၂၄ ပေ × ၁၈ပေ ၉ ဒသမ ၆လက်မ ရှိ ကျေးလက်အိမ်ရာနှင့်ရေပေးဝေရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပါဘီး(၅) ကျေးလက်အိမ်ရာနှင့်ပါခုတ်နိုကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများမှာ ပြည်နယ်မွမ်းမံလုပ်ငန်းများဖြစ်ပြီး ကျေးရွာကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိကာ လိုအပ်ချက်များကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

○ **ရန်ကုန်ဘူတာကြီးမှ**

မြန်မာ့မီးရထား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် အဆိုပါ စီမံကိန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ရန်ကုန်ဘူတာကြီး ဘက်စုံအဆင့်မြှင့်တင်ရေး စီမံကိန်း၏ စီမံကိန်း အဆိုပြုတင်ဒါကို Oxley Holdings, Min Dhama Co.,Ltd & Sino Great Wall Co.,Ltd တို့ပါဝင်သော Consortium အဖွဲ့က တင်ဒါအောင်မြင်ခဲ့ပြီးနောက် ယင်းကုမ္ပဏီအဖွဲ့အစည်းနှင့် နိုင်ငံတော်၏ စီမံကိန်းအပေါ် လိုလားချက်များအား ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်အတွက် စေ့စပ်ညှိနှိုင်း ဆွေးနွေးရေးကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကာ လာမည့် မတ်လမှစ၍ စီမံကိန်းညှိနှိုင်းဆောင်ရွက်မှုများကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဒီစီမံကိန်းကြီး ဆောင်ရွက်နိုင်ဖို့ စီမံကိန်းဖြစ်မြောက်ရေးကော်မတီ၊ တင်ဒါခေါ်ယူရေးနဲ့ စိစစ်ရေးကော်မတီ၊ အထောက်အကူပြု ကော်မတီဆိုပြီး ကော်မတီသုံးခုကို အဆင့်ဆင့်ဖွဲ့ပြီး ဆောင်ရွက်ခဲ့ပါတယ်၊ စီမံကိန်း Preferred Bidder ရွေးချယ်နိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက စီးပွားရေးရာကော်မတီကို ထပ်တင်ပြရပါတယ်၊ မူအားဖြင့် သဘောတူတဲ့အခါ ထပ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့လည်း ညှိနှိုင်းဆောင်ရွက်ဖို့အတွက် ထပ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း တင်ဒါအဆိုပြုလွှာတင်တဲ့ Oxley Holding နဲ့ FMI ကုမ္ပဏီတို့ကို ထပ်မံစိစစ်မှုတွေ လုပ်ခဲ့ပါတယ်၊ အဓိက အားဖြင့် စီမံကိန်းကာလ၊ နည်းပညာပိုင်းဆိုင်ရာ အမှတ်ရရှိမှု၊ မြန်မာ့မီးရထား (နိုင်ငံတော်)ကို ထည့်ဝင်ငွေတို့ကို နှိုင်းယှဉ်ချက်အရ Consortium of Oxley Holdings & Min Dhama Co.,Ltd ကို ရွေးချယ်ခဲ့ပါတယ်၊ ဒါ့အပြင် စီးပွားရေးကော်မတီကို နှစ်ကြိမ်တိုင် တင်ပြခွင့်ပြုချက်ရယူပြီး ကက်ဘိနက်ကို တင်ပြသဘောတူခွင့်ပြုတဲ့အတွက် ဒီကုမ္ပဏီအဖွဲ့အစည်းကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်၊ ဒီစီမံကိန်းနဲ့ ပတ်သက်ပြီး Negotiation ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရမှာဖြစ်ပြီးတော့ လွှတ်တော်ကို တင်ပြမယ့်အပိုင်းတွေရှိပါတယ်၊ အခုအဆင့်က တင်ဒါအောင် ကုမ္ပဏီအဖွဲ့ကို ရွေးချယ်တဲ့အဆင့်သာဖြစ်ပြီးတော့ နိုင်ငံတော်က လိုလားချက်တွေကို စေ့စပ်ညှိနှိုင်းမှုအဆင့်ဆင့် ပြုလုပ်ပြီးလို့ သဘောတူညီစာချုပ်ချုပ်ဆိုနိုင်တဲ့အခါမှ စာချုပ်ချုပ်တဲ့အချိန်ကနေ ရှစ်နှစ်အကြာမှာ စီမံကိန်း ပြီးစီးမှာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

မြန်မာ့မီးရထား အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် ရန်ကုန်ဘူတာကြီး အဆင့်မြှင့်တင်ရေးစီမံကိန်းကိုလည်း ဆောင်ရွက်ရန် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်ကတည်းက တင်ဒါခေါ်ယူခဲ့ရာ လိုအပ်ချက်များ ရှိနေသည့်အတွက် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ထပ်မံခေါ်ယူခဲ့ပြီး EOI ခေါ်ယူခဲ့ရာတွင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီအဖွဲ့အစည်းပေါင်း ၃၄ ဖွဲ့ တင်သွင်းခဲ့ပြီး ၁၈ ဖွဲ့ ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ ယင်းမှ တင်ဒါအဆိုပြုလွှာ RFP ခေါ်ယူခဲ့ရာတွင်ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီအဖွဲ့အစည်း ခုနစ်ခု တင်ဒါပုံစံ ဝယ်ယူခဲ့ပြီး ကုမ္ပဏီအဖွဲ့အစည်းသုံးခုက တင်သွင်းခဲ့ကြောင်း၊ ယင်းတွင် Tender Security အဖြစ် အမေရိကန်ဒေါ်လာ ၄ သန်း ပေးသွင်းမှုတွင် ကုမ္ပဏီအဖွဲ့အစည်း နှစ်ခုက ပေးသွင်းခဲ့ပြီး ယင်းကုမ္ပဏီ နှစ်ခုအနက်မှ သတ်မှတ်ချက်အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေကို မဟာရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရပြီး ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေ ဧရိယာ ၆၃ ဒသမ ၆၂၂ ဧကအနက် ၃၆ ဧကပေါ်တွင် ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ ဘက်စုံဖွံ့ဖြိုးရေးနှင့် ပို့ဆောင်ရေးစနစ်များ ပါဝင်မည့် စီမံကိန်းတစ်ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြေအသုံးပြုမှုအနေဖြင့် ပေးသွင်းငွေ၊ ဟိုတယ်အဆောက်အအုံ စသည့် စီးပွားရေးဖြစ် အသုံးပြုသည့် ဧရိယာအပေါ် မူတည်၍ ပေးသွင်းငွေ၊ လက်ရှိ ရထားပို့ဆောင်ရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာတို့အပါအဝင် စီမံကိန်းတင်ဒါအောင် ကုမ္ပဏီအဖွဲ့အစည်းက နိုင်ငံတော်သို့ ဆောင်ရွက်ပေးရမည့် သတ်မှတ်ချက်များ ပြည့်မီမှုအပေါ် တင်ဒါရွေးချယ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ရန်ကုန်ဘူတာကြီး ဘက်စုံအဆင့်မြှင့်တင် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုလုံး၏ ခန့်မှန်းရင်းနှီးမြှုပ်နှံမှုကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံမှ ၃ ဘီလီယံခန့်အဖြစ် လျာထားခန့်မှန်းထားကြောင်း သိရသည်။

**ဆုနှင်းလဲ့**

# ပြုံချမ်း ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ သမ္မတထရန့်သမီး တက်ရောက်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏သမီးဖြစ်သူ အိုင်ဗန်ကာထရန့်သည် တောင်ကိုရီးယားနိုင်ငံ ပြုံချမ်း ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

သမ္မတဒေါ်နယ်ထရန့်၏ သမီးဖြစ်သူ သမ္မတအကြံပေး အိုင်ဗန်ကာထရန့်က ပြုံချမ်း ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တတ်ရောက်မည့် အမေရိကန်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်မည်ဖြစ်ကြောင်း ယနေ့ ထုတ်ပြန်ခဲ့သည့် သမ္မတဒေါ်နယ်ထရန့်၏ အမိန့်စာတစ်ရပ်တွင် ပါရှိသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရက်ဆန်ဒါးစ်နှင့် တောင်ကိုရီးယားနိုင်ငံအခြေစိုက် အမေရိကန် စစ်ဌာနချုပ်အကြီးအကဲတို့ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

သမ္မတအကြံပေး အိုင်ဗန်ကာထရန့်က ပြုံချမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် အမေရိကန် အားကစားသမားများအား ဂုဏ်ပြုပါကြောင်းနှင့် အားကစားသမားများအားလုံး အောင်ပွဲခံနိုင်ရန် တောင်းဆုပြုလျက်ရှိကြောင်း သူ၏ အစီရင်ခံစာတစ်ရပ်တွင် ထည့်သွင်းဖော်ပြထားသည်။

တောင်ကိုရီးယားခရီးစဉ်တွင် သမ္မတအကြံပေး အိုင်ဗန်ကာထရန့်က တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်နှင့် ညစာစားရန် စီစဉ်ထားကြောင်း သိရသည်။

သို့သော် မြောက်ကိုရီးယားတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားခြင်းမရှိကြောင်း အမေရိကန် ထိပ်တန်းအရာရှိတစ်ဦးက ဆိုသည်။

ထိုသို့ တောင်ကိုရီးယား ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ် တက်ရောက်သည်သာမက သမ္မတဒေါ်နယ်ထရန့်၏ သမီးဖြစ်သူ သမ္မတအကြံပေး အိုင်ဗန်ကာထရန့် တက်ရောက်ခြင်းသည် အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုမြင့်မားရန် သမ္မတထရန့်၏ ကြိုးပမ်းချက် တစ်ရပ်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့် လေ့လာသူများက ဆိုသည်။ **အင်န်အိတ်ချ်ကေ**



# အာဏာရပါတီအကြီးအကဲအဖြစ် နာဝပ်ရှုရစ်ဖ် အရည်အချင်းမပြည့်မီဟု တရားရုံးချုပ်ဆုံးဖြတ်



**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၂**

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှာရစ်ဖ်သည် အာဏာရပါကစ္စတန်မွတ်စလင်လိဂ်ပါတီ၏ ခေါင်းဆောင်အဖြစ် အရည်အချင်းမပြည့်မီကြောင်း နိုင်ငံတော်တရားရုံးချုပ်က ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆုံးဖြတ်လိုက်ကြောင်း၊ ရှာရစ်ဖ်သည် ပြည်သူ့ရေးရာဌာနန္တရရာထူးတစ်ခုတွင် တာဝန်ထမ်းဆောင်နိုင်လောက်သည့် အရည်အချင်းများနှင့် ကိုက်ညီမှုမရှိဟု ဆုံးဖြတ်ချက်တွင် ဖော်ပြထားကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပါကစ္စတန်တရားသူကြီးချုပ် မီယန်ဆာကစ်နီဆာ ဦးဆောင်သော တရားရုံးချုပ် တရားသူကြီးအဖွဲ့သည် ပါလီမန်က ၂၀၁၇ ခုနှစ်တွင် အတည်ပြုခဲ့သော ရွေးကောက်ပွဲ ဥပဒေကို ကိုးကား၍ ဦးတိုက်လျှောက်ထားလွှာများကို ကြားနာစစ်ဆေးမှုတစ်ရပ်ပြုလုပ်ခဲ့ပြီးနောက် အထက်ပါအတိုင်း ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ရေးသားဖော်ပြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီဥက္ကဋ္ဌရာထူးအတွက် အရည်အချင်း မပြည့်ဝသူတစ်ဦးသည် ပါတီအကြီးအကဲအဖြစ် တာဝန်ထမ်းရွက်ခွင့်မရှိကြောင်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်တွင် ဖော်ပြသည်။

နာဝပ်ရှာရစ်ဖ်သည် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် ၎င်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ဖော်ကြေညာရန် ပျက်ကွက်ခဲ့သဖြင့် အဂတိလိုက်စားမှုဖြင့် အပြစ်ရှိပြီး အရည်အချင်းမပြည့်မီကြောင်း သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။ နာဝပ်ရှုရစ်ဖ်နှင့် ပတ်သက်၍ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများ၏ ဦးတိုက်လျှောက်ထားချက်များ ၁၆ ခုထက်မနည်း ရှိသည်ဟု ဆိုသည်။

ပါကစ္စတန်အထက်လွှတ်တော် ရွေးကောက်ပွဲကို မတ် ၃ ရက်တွင် ကျင်းပရန်ရှိနေပြီး အမြင့်ဆုံးတရားရုံးဖြစ်သော တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကြောင့် ရွေးကောက်ပွဲအပေါ် အကျိုးသက်ရောက်မှုရှိစေနိုင်သည်ဟု ယူဆရသည်။

အာဏာရပါတီမှ အမတ်လောင်းများအနေဖြင့် တရားရုံးချုပ်၏ ဆုံးဖြတ်ချက် အကျိုးသက်ရောက်မှုအရ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုမရှိတော့ကြောင်း၊ အကြောင်းမှာ နာဝပ်ရှုရစ်ဖ်က အတည်ပြုသော အမတ်လောင်းများဖြစ်သဖြင့် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုမရှိတော့ခြင်းဖြစ်ကြောင်း တရားရုံးချုပ်ရှေ့နေ ဟက်မက်ဟာဘစ်က ပြောကြားသည်။

**ဆင်ဟွာ**

# တောင်တရုတ်ပင်လယ်ပြင်တွင်း၌ ရေအောက် မဟာတံတိုင်း တရုတ် တပ်မတော် တည်ဆောက်နေဟုဆို

**ပေကျင်း ဖေဖော်ဝါရီ ၂၂**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ) သည် တောင်တရုတ်ပင်လယ်အတွင်း "ရေအောက်မဟာတံတိုင်း"ဟု အမည်ပေးထားသော ထောက်လှမ်းရေးစနစ်တစ်ရပ်ကို တည်ဆောက်လျက်ရှိကြောင်း၊ ပင်လယ်ရေအောက်စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများတွင် အားသာချက်ရရှိရေးအတွက် ယင်းသို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် တောင်တရုတ်ပင်လယ်အတွင်း ယင်း၏ စစ်ရေယာဉ်များကိုလည်းကောင်း၊ ရေအောက်ထောက်လှမ်းရေးဆိုင်ရာ အာရုံခံကိရိယာများကို လည်းကောင်း ကွန်ရက်သဖွယ် ချိတ်ဆက်မှု ပြုလုပ်နေသည်ဟု သတင်းများ ပေါ်ထွက်လာကြောင်း ပီတီအိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံက ၎င်းပိုင်ဆိုင်သည်ဟု ကြေညာထားသော ဒေသတွင်း၌ နိုင်ငံခြား စစ်ရေယာဉ်များ၏ စစ်ရေးလှုပ်ရှားမှုများကို ထောက်လှမ်းသိရှိနိုင်ရန် လုပ်ဆောင်နေကြောင်း တရုတ်ပြည်တောင်ပိုင်း နံနက်ခင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

ဟိုင်နန်ပြည်နယ်အနီး တောင်တရုတ်ပင်လယ်ပြင်အတွင်း၌ ဟိုင်နန်လျှပ်စစ် မဟာဓာတ်အားလိုင်းအတွက် ပင်လယ်ရေအောက်တွင် ကေဘယ်ကြိုးများ ဖြန့်ကြက်မှုကိုလည်း အပြီးသတ်ဆောင်ရွက်ခဲ့သည်။ ကေဘယ်ကြိုးဖြန့်ကြက်မှုအရ ဟိုင်နန်ပြည်နယ် ယန်ရှီကျွန်းမှ ကွမ်တုန်ပြည်နယ်တွင်းရှိ ဒုန်လောင်းရေလက်ကြားကို ဖြတ်ကာ ကွမ်ကျိုးမြို့အထိ ဆက်သွယ်ထားသည်။

တောင်တရုတ်ပင်လယ်ပြင်ကို တရုတ်နိုင်ငံက စိုးမိုးနိုင်ရေးအတွက် အမေရိကန်နှင့် ရုရှားရေငုပ်သင်္ဘောများသွားလာမှုကို ထောက်လှမ်းသိရှိနိုင်ရေးအတွက် စစ်ရေယာဉ်များနှင့် ပင်လယ်ရေအောက် အာရုံခံကိရိယာများပါဝင်သော ကွန်ရက်တစ်ခုကို တည်ဆောက်နိုင်ရန် တရုတ်နိုင်ငံရှိ နိုင်ငံပိုင် သင်္ဘောတည်ဆောက်ရေးကော်ပိုရေးရှင်းက အဆိုပြုထားသည်ဟု ဗြိတိန်အခြေစိုက် သတင်းဝက်ဘ်ဆိုက်တစ်ခုကို ကိုးကားလျက် တောင်တရုတ်ပင်လယ် နံနက်ခင်း သတင်းစာတွင် ရေးသားဖော်ပြထားသည်။

**ပီတီအိုင်**



# သေနတ်ကိုင်ဆောင်ရမ်းကားမှု ဆန့်ကျင်ရေး ချီတက်ပွဲအတွက် ဟောလိဝုဒ် အနုပညာရှင်များ ငွေကြေးလှူဒါန်း

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၂**

သေနတ်ကိုင်ဆောင်ရမ်းကားမှု ဆန့်ကျင်ရေး ကျောင်းသားများ၏ စုဝေးချီတက်ပွဲအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ စီလှူဒါန်းကြမည်ဟု အမေရိကန် ဟောလိဝုဒ်ရုပ်ရှင်လောကမှ ထိပ်တန်းနာမည်ကြီး ပုဂ္ဂိုလ်များဖြစ်ကြသော ဂျော့ဂျ်ကလူနီ၊ အော်ပရာဝင်းဖရေး၊ စတီဗင် စပီးလ်ဘတ်ဂ်နှင့် ဂျက်ဖရီကတ်ဇင်ဘတ်တို့က ကတိကဝတ်ပြုလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

"မိမိတို့၏ အသက်ဝိညာဉ်များအတွက် ချီတက်ပွဲ"ဟု အမည်ပေးထားသော ဆန္ဒပြချီတက်ပွဲအား ကျောင်းသားကျောင်းသူများက ဦးဆောင်၍ ကျင်းပခြင်းကို မိမိတို့အပြည့်အဝ ထောက်ခံကြောင်း၊ ယင်းဆန္ဒပြပွဲအတွက် ဒေါ်လာ ၅၀၀၀၀၀ လှူဒါန်းမည်ဖြစ်ကြောင်း အမေရိကန်ရုပ်ရှင်မင်းသား၊ ဒါရိုက်တာ၊ ရုပ်ရှင်ထုတ်လုပ်သူ၊ ဇာတ်ညွှန်းရေးသူ ကလူနီနှင့် ၎င်း၏ဇနီး အာမယ်ကလူနီတို့က ကတိပြုခဲ့ကြသည်။ အာမယ်ကလူနီသည် ထင်ပေါ်ကျော်ကြားသော လူ့အခွင့်အရေးရှေ့နေတစ်ဦး ဖြစ်သည်။

ကလူနီနှင့် ဇနီးတို့နည်းတူ အခြားသော ဟောလိဝုဒ်အကျော်အမော်များကလည်း ဆန္ဒပြချီတက်ပွဲအတွက် ငွေကြေးလှူဒါန်းကြရန် ကတိပြုကြသည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ မာဂျိုရီစတုန်းမင်းဒေါက်ကလပ် အထက်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၁၄ ရက်က ကျောင်းသားတစ်ဦးက သေနတ်ပစ်ခတ်မှုကြောင့် ၁၇ ဦးသေဆုံးခဲ့ရပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၁၄ ဒသမ ၉၄၉ ဘီလီယံချေးယူရန်အတည်ပြု
# အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၂၆၀၁၁ ဒသမ ၁၃၁ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၁၄ ဒသမ ၉၄၉ ဘီလီယံချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေအတိုးနှင့်စပ်လျဉ်း၍ JICA စီမံကိန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် SME ကော်မတီကိုယ်စားလှယ်များ ညှိနှိုင်းပြီး အခြားသော ပြည်တွင်းချေးငွေအတိုးနှုန်းများနှင့် ချိန်ဆ၍ သင့်လျော်သော အတိုးနှုန်းဖြစ်သည့် ၈ ဒသမ ၅ ကို သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ချေးငွေသက်တမ်း နှစ်(၄၀)အတွင်း ချေးငွေသက်တမ်း သုံးနှစ် သတ်မှတ်ပါက ၁၃ ကြိမ်အထိ ထုတ်ချေးနိုင်ပြီး ချေးငွေသက်တမ်း ငါးနှစ်သက်မှတ်ပါက ၈ ကြိမ်အထိ လည်ပတ်ထုတ်ချေးနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့လည်ပတ်သည့် အကြိမ်များမှသာ SME လုပ်ငန်းရှင်အရေအတွက်များများကို ထုတ်ချေးနိုင်မည်ဖြစ်ပါကြောင်း၊ စီမံကိန်း အဆင့်-၁ တွင် အာမခံမပေးအပ်နိုင်သည့် SME များကို ချေးငွေထုတ်ချေးနိုင်ခြင်း မရှိခဲ့သဖြင့် ယခုစီမံကိန်းအဆင့်-၂ တွင် အာမခံမရှိသူများ ချေးငွေရရှိအောင် CGI စနစ်ဖြင့် လမ်းဖွင့်ပေးထားခြင်းသည်လည်း ဖြေလျှော့မှုတစ်ခုပင်ဖြစ်ပါကြောင်း၊ SME လုပ်ငန်းရှင်များဘက်ကလည်း SME ချေးငွေ လျှောက်ထားသည့်အခါ လိုအပ်ချက်များကို ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ခြင်းအားဖြင့် ပူးပေါင်းကူညီရမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၂၆၀၁၁ ဒသမ ၁၃၁ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်းမြေထိစပ်လျက်ရှိသော နယ်နိမိတ်အရှည်မှာ ၁၈၂ ဒသမ ၆၈ မိုင်ရှိပြီး နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ခဲ့ရာ ၁၂၆ ဒသမ ၆၈ မိုင်အား ခြံစည်းရိုးကာရံထားပြီးဖြစ်ပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယ သုံးနိုင်ငံ နယ်နိမိတ်ဆုံသည့် နေရာ B-1 အထိ ၅၆ မိုင် ဆောင်ရွက်ရန် ကျန်ရှိကြောင်း၊ စတုတ္ထအဆင့်အဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၁ ဒသမ ၅ မိုင် နယ်စပ်ခြံစည်းရိုးကာရံခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၂ မိုင်ကို သွပ်ဆူးကြိုးအဝိုင်း နှစ်ပေထပ်တိုးပုံစံ ခြံစည်းရိုးပြောင်းလဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ BP-၆၈ အနီးမှ BP-၆၉ အနီး အထိ ၁၁ ဒသမ ၅မိုင်အရှည်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေမှ ဘဏ္ဍာငွေကျပ် ၂၀ ဘီလီယံဖြင့် သွပ်ဆူးကြိုးအဝိုင်း နှစ်ပေ ထပ်တိုးပုံစံခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့က သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက် ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးယူရန်ကိစ္စ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံအခြေခံအဆောက်အအုံရန်ပုံငွေတို့ထံမှ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ချေးယူရန်ကိစ္စနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ သန်း ၈၀ ချေးယူရန်ကိစ္စတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးယူမည့် ဂျပန်ယန်း ၁၅ ဘီလီယံသည် အိမ်ရာလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ပြီး ဝင်ငွေနည်းပြည်သူများ အိမ်ရာပိုင်ဆိုင်ခွင့် ရရှိရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ခြင်း၊ တစ်ဖက်တွင်လည်း အစိုးရဘဏ္ဍာရန်ပုံငွေသုံးစွဲရမှုကို သက်သာစေနိုင်မည်ဆိုသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ သက်သာသော အတိုးနှုန်းထားဖြင့် နှစ်ရှည်ပေးဆပ်ရင်း အနာဂတ်တွင် ပိုင်ဆိုင်မည့် အိမ်ရာတွင် နေထိုင်ခွင့်ရရှိ၍ လုံခြုံစိတ်ချရသည့် နေရေးကို ရရှိရန် JICA မှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးငွေရယူရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးရန် တင်ပြအပ်ပါကြောင်း။

အလားတူ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၆၀ သည် မဟာမဲခေါင်ဒေသခွဲအတွင်းရှိ လမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်-ပုသိမ်လမ်း၊ ပဲခူး-သန်လျင်လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းတို့သည် မြန်မာနိုင်ငံ၏စီးပွားရေး အသက်သွေးကြောလမ်းမကြီးများဖြစ်ခြင်း၊ ထိုမှတစ်ဆင့် စီးပွားရေးတိုးတက်မှု အမြင့်ဆုံးဇုန်များနှင့် ဆက်သွယ်မည့် အခြေအနေများရှိခြင်း၊ မြန်မာနိုင်ငံ၏ ပြည်သူအများဆုံး သွားလာနေသည့်လမ်းများလည်း ဖြစ်ခြင်းကြောင့် ချေးငွေရယူနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ချေးယူမည့် အမေရိကန်ဒေါ်လာသန်း ၈၀ သည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံလမ်းတစ်လျှောက်ရှိ မြန်မာနိုင်ငံ၏ မြို့ကြီးများဖြစ်သော မော်လမြိုင်၊ ဘားအံနှင့် မြဝတီမြို့များ၏ လူမှုစီးပွားနှင့် မြို့ပြအခြေခံအဆောက်အအုံကဏ္ဍအား တိုးတက်မြင့်တင်စေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်အချက် ၁၁ ပါ မြို့ပြများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုသည့် စီမံကိန်းဖြစ်ပါသဖြင့် ရယူနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းအတွက် ချေးယူမည့် ဂျပန်ယန်း ၁၅ ဘီလီယံသည် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်း ပထမအဆင့်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်ထားပြီးဖြစ်သော ရန်ကုန်မြို့ရှိ အိမ်ရာများအား ရောင်းချမည်ဖြစ်ပြီး စီမံကိန်း ဒုတိယအဆင့်တွင် JICA စံနှုန်းနှင့်အညီ အသစ်ဆောက်လုပ်မည့် အိမ်ရာများကို ရောင်းချရမည်ဖြစ်ပါကြောင်း၊ စီမံကိန်း ဒုတိယအဆင့်တွင် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်သာမက အခြားပုဂ္ဂလိကဘဏ်များကိုလည်း PFI အဖြစ် ပါဝင်စေပြီး အိမ်ရာဝယ်ယူလိုသူများသို့ ငွေထုတ်ချေးရမည်ဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် PFI ဘဏ်များအကြား ချေးငွေစာချုပ်များ ချုပ်ဆိုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အိုးပိုင်အိမ်ပိုင်မရှိသေးသူများ အိုးအိမ်ပိုင်ဆိုင်နိုင်စေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က အကောင်အထည်ဖော် ဆောင်ရွက်မည့်အရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း။

ထို့ပြင် အမေရိကန်ဒေါ်လာသန်း ၃၆၀ ဖြင့် မဟာမဲခေါင်ဒေသခွဲရှိ လမ်းမကြီးများသည် မြန်မာနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် အရေးပါလှပါကြောင်း၊ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းသည် ဗီယက်နမ်၊ လာအို၊ ထိုင်းနှင့် ရန်ကုန်မြို့တော်၏ သီလဝါအထူးစီးပွားရေးဇုန်မှတစ်ဆင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ မြို့တော် ပုသိမ်မြို့တို့ကို ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ တောင်- မြောက် စင်္ကြံလမ်းသည် ရန်ကုန်-မန္တလေးမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့လည်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါကြောင်း။

ယင်းစီမံကိန်းသည် အရှေ့-အနောက်စင်္ကြံလမ်း၊ တောင်-မြောက် စင်္ကြံလမ်းတို့နှင့် ဆက်စပ်လျက်ရှိသော စီမံကိန်းဖြစ်ပါကြောင်း၊ မဟာမဲခေါင်ဒေသခွဲရှိ အဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင်သည့် စီမံကိန်း၏ မြန်မာနိုင်ငံအတွင်းရှိ အစိတ်အပိုင်းတစ်ခုဖြစ်သော ရန်ကုန်-ပုသိမ်လမ်း၊ ပဲခူး-သန်လျင်လမ်းနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းတို့အား လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၃၆၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုနိုင်ရန် တင်ပြအပ်ပါကြောင်း။

ထိုနည်းတူ အမေရိကန်ဒေါ်လာသန်း ၈၀ ဖြင့် ဆောင်ရွက်မည့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံတစ်လျှောက်ရှိ မြို့ကြီးသုံးမြို့ဖြစ်သော မော်လမြိုင်၊ ဘားအံနှင့် မြဝတီမြို့များ၏ လူမှုစီးပွားဘဝနှင့် မြို့ပြအခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းဖြစ်သည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်အမှတ် (၁၁)အရ မြို့ပြများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုနိုင်သည့် စီမံကိန်းလည်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းချေးငွေကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်သူများအတွက် မအောင်မြင်သည့် စီမံကိန်းများနေရာတွင် For Show များ လုပ်နေမည့်အစား ပြည်သူများအမှန်တကယ်လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားရရှိရေး၊ ဆက်သွယ်ရေးလမ်းများ၊ တံတားများ ကောင်းမွန်ရေးတို့တွင် ဘတ်ဂျက်အလေအလွင့်မရှိစေဘဲ သုံးငွေကို ထိထိရောက်ရောက် သုံးစွဲနိုင်လျှင် အနာဂတ်နိုင်ငံ၏ တိုးတက်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပိုလျှံငွေပြန်အပ်ခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းများနှင့်ပတ်သက်၍ လမ်းညွှန်ချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်မှသာ ဘတ်ဂျက်လိုငွေနှင့် GDP အချိုးကိုလည်း ယခုထက်လျော့ကျသွားစေနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ငွေလုံးငွေရင်းအသုံးစရိတ်ပါ လုပ်ငန်းစီမံကိန်းများနှင့် ပတ်သက်ပြီး လုပ်ငန်းအပ်နှံဆောင်ရွက်မှုများတွင် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိခြင်း၊ စံချိန်စံညွှန်း မပြည့်မီခြင်း၊ အချိန်မီမပြီးစီးနိုင်ခြင်း၊ ကန်ထရိုက်လုပ်ငန်းများ အကျိုးစီးပွားဆက်နွယ်မှုများနှင့် အုပ်စုဖွဲ့ဆောင်ရွက်နေမှုများကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုစသည့် ဖြစ်ရပ်များကို စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အမှန်တကယ်ကုန်ကျမည့် PAE နှုန်းထားများထက် ပိုမိုတောင်းခံမှုများကို ဝန်ကြီးဌာနအနေဖြင့် စနစ်တကျစိစစ်ရန်၊ ငွေလုံးငွေရင်း အသုံးစရိတ်များကို ထိရောက်စွာသုံးစွဲနိုင်ရေးနှင့် အချိန်မီပြီးစီးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခေါ်)ဒေါက်တာအားကာမိုးက နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးဆန်ဆန် ကိုယ်ပိုင်ရန်ပုံငွေဖြင့် လည်ပတ်သင့်ပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်ကို မှီခိုသည်ဖြစ်စေ၊ မမှီခိုသည်ဖြစ်စေ၊ အကျိုးအမြတ်ရရှိမှုနည်းပြီး အရှုံးများနေမည်ဆိုပါက မဆောင်ရွက်သင့်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရန် အချိန်လွန်ပြီး ပြုပြင်ခြင်းမဆောင်ရွက်ပါက ပျက်စီးသွားမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲနေသည့် ဈေးကွက်စီးပွားရေးစနစ်နှင့် မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ယန္တရားတစ်ခုလုံးကို ပြန်လည်ဆန်းစစ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှ အသုံးစရိတ်အားလုံးကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲခွင့်ပြုထားသည်မှာ စီးပွားရေးလုပ်ငန်း ရှစ်ခုရှိပြီး ထုတ်လုပ်၊ ဖြန့်ဖြူးမှုနှင့် ဝန်ဆောင်မှုများကို မိမိကိုယ်ပိုင်ငွေက ကျခံသုံးစွဲရမည်ဖြစ်ပြီး ကျန်အသုံးစရိတ်များကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲခွင့်ပြုထားသည့် စီးပွားရေးအဖွဲ့အစည်း ၁၁ ခုရှိပါကြောင်း၊ အရှုံးပေါ်နေသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းက ရှစ်ခုနှင့် ဘဏ္ဍာရန်ပုံငွေပြင်ပအနေဖြင့် မြန်မာ့သင်္ဘောကျင်း တစ်ခုကို ရှစ်လအတွက် အရှုံးဖြစ်ပေါ်နိုင်အနေဖြင့် တွက်ချက်လျာထားသည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။

အလားတူ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးကျော်နီနိုင်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန် (ခေါ်)မောင်တင်သစ်၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၊ မိုးညှိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင်တို့က ဆွေးနွေးကြသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

# နိုင်ငံစီးပွားတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

## ပထမအကြိမ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး

၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးရမည့် (၅)ကြိမ်မြောက် အခွန်အကောက်ဥပဒေဖြစ်ကြောင်း၊ ယခုဥပဒေမူကြမ်းကို ရေးဆွဲရာတွင် နိုင်ငံတော်အတွက် အခွန်ရရှိရေးအတွက်သာမက အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်တာဝန်ကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ထမ်းဆောင်နိုင်မည့် အခွန်နှုန်းထားများ ရရှိစေရေးတို့အတွက် ပြဋ္ဌာန်းရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဥပဒေကြမ်းတင်သွင်းရခြင်းရည်ရွယ်ချက်နှင့် အကျိုးအကြောင်း ရှင်းလင်းဖော်ပြချက်အရ သိရှိပါသည်။ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ တွင် ပြဋ္ဌာန်းထားသော်လည်း ပြည်သူများက အခွန်ပေးဆောင်လိုသည့် စိတ်ဆန္ဒရှိစေရေးနှင့် အခွန်ပေးဆောင်သင့်ကြောင်း ခံယူလာစေရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းမပြုပါက နိုင်ငံအတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိဦးမည်မဟုတ်ပါ။ ယခု ဥပဒေမူကြမ်းသည် ယင်းအခြေအနေကို ကျော်လွှားနိုင်မည်ဟု ယုံကြည်မိပါသည်။

### အခွန်ပေးဆောင်ရန် လစ်ဟင်းခဲ့သော

ယင်းဥပဒေကြမ်း၏ ပုဒ်မ ၂၅ တွင် "ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်ပနေ နိုင်ငံသား၏ ပြည်ပမှ ဝင်ငွေရလမ်းတစ်ခုခု သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ရန် လစ်ဟင်းခဲ့သော သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့သောဝင်ငွေများ၊ နှစ်တစ်နှစ်အတွင်း ပြည်ပ၌ မြေ၊ အဆောက်အအုံနှင့် ယင်းအဆောက်အအုံ၏ အဓိကအစိတ်အပိုင်းများ အပါအဝင်ဖြစ်သော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် ရွှေနှင့် အခြားအဖိုးတန်ပစ္စည်းများ အပါအဝင် ယာဉ်ကဲ့သို့သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ ထိတွေ့ကိုင်တွယ်၍ရသော ပစ္စည်းများ၊ ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ အစုရှယ်ယာထည့်ဝင်ခြင်း စသည်တို့အတွက် အသုံးပြုသည့်ငွေကြေးများ၊ လက်ဝယ်ရှိငွေကြေးတို့နှင့် ပတ်သက်၍ အောက်ပါအခွန်နှုန်းထားများအတိုင်း အခွန်ကျသင့်စေရမည်။ ဝင်ငွေခွန်ဥပဒေအရ ဒဏ်ငွေတပ်ရိုက်ခြင်းမပြုရ။ သို့ရာတွင် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အရေးယူခြင်းကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

(က) ဤဥပဒေ အကျိုးသက်ရောက်သည့်နေ့မှစ၍ ပထမခြောက်လကာလအတွင်း သတ်မှတ်ထားသောပုံစံများဖြင့် တင်ပြလာသော ကိစ္စရပ်များအတွက် သုံးရာခိုင်နှုန်း၊

(ခ) ပထမခြောက်လ ကုန်ဆုံးပြီးနောက် ဒုတိယခြောက်လကာလအတွင်း သတ်မှတ်ထားသောပုံစံများဖြင့် တင်ပြလာသော ကိစ္စရပ်များအတွက် ငါးရာခိုင်နှုန်း။"ဟု ဖော်ပြထားပါသည်။

### အခွန်ခေါင်းစဉ်ကြီး လေးမျိုး

မြန်မာနိုင်ငံ၏ အခွန်စနစ်မှ အခွန်ခေါင်းစဉ်ကြီး လေးမျိုး၏အောက်တွင် အခွန်အမျိုးအစားပေါင်း ၂၁ မျိုးရှိပါသည်။ ပထမ အခွန်ခေါင်းစဉ်ကြီးဖြစ်သည့် ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် ကိုးမျိုးရှိပြီး ဒုတိယအခွန်ခေါင်းစဉ်ကြီးဖြစ်သည့် ဝင်ငွေနှင့် ပိုင်ဆိုင်မှုပေါ်တွင် ကောက်ခံသည့် အခွန်အကောက်သည် ဝင်ငွေခွန်ဖြစ်ပါသည်။ တတိယ အခွန်ခေါင်းစဉ်ကြီးမှာ အကောက်ခွန်ဖြစ်ပါသည်။ စတုတ္ထ ခေါင်းစဉ်ကြီးဖြစ်သည့် နိုင်ငံတော်ပိုင်ပစ္စည်းများအပေါ်ကောက်ခံသည့် အခွန်အကောက်တွင် ၁၀ မျိုးရှိပါသည်။

အထက်ပါ အခွန်၂၁ မျိုးကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာန ရှစ်ခုနှင့် နေပြည်တော်ကောင်စီတို့က ကောက်ခံကြပါသည်။ စုစုပေါင်း အခွန်ရငွေတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အခွန်ဝင်ငွေမှာ ၈၃ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အခွန်ရငွေသည် ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် ကျပ် ၃၃၇၂ ဘီလီယံမှ ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် ကျပ် ၆၅၁၇ ဘီလီယံသို့ တိုးမြှင့်ရရှိလာသော်လည်း အခွန်ဝင်ငွေနှင့် ဂျီဒီပီအချိုးမှာ ၈ ဒသမ ၃ ရာခိုင်နှုန်းခန့်သာရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အခွန်ဝင်ငွေနှင့် ဂျီဒီပီအချိုးမှာ ပျမ်းမျှခြင်းအားဖြင့် ၁၅ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။

နိုင်ငံတိုင်းတွင် အစိုးရ၏ အသုံးစရိတ်ကို အခွန်ဝင်ငွေကသာ အဓိကရရှိကြပါသည်။ သင့်တင့်လျောက်ပတ်သည့် အခွန်ရရှိမှုသာ နိုင်ငံ၏ကာကွယ်ရေး၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ပြီး နိုင်ငံ၏စီးပွားရေးတိုးတက်ကာ ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို တိုးတက်မြင့်မားစေမည်ဖြစ်ပါသည်။

### ခန့်မှန်းထား

၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတွင် ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကို ဇယား(၁)ဖြင့် ဖော်ပြရာတွင် ပြည်ထောင်စု၏ ဘတ်ဂျက်နှင့်အညီဖြစ်စေရန်အတွက် ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်ထိ ခြောက်လတာကာလအတွက် အခွန်မှ ဝင်ငွေကို ကျပ် ၂၇၉၁ ဘီလီယံ ခန့်မှန်းထားပါသည်။ အခွန်နှစ်ကိုမူ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ ကာလအတိုင်း ဆက်လက်ထားရှိရမည်ဟု ဖော်ပြထားပါသည်။

ဝင်ငွေခွန်ဥပဒေကို "၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေ"အမည်ဖြင့် ၁၉၇၄ ခုနှစ်တွင် စတင်ပြဋ္ဌာန်းပါသည်။ ထိုဥပဒေပုဒ်မ ၁၄ တွင် **ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေ**နှင့်ပတ်သက်၍ မည်သို့အခွန်ထမ်းဆောင်ရမည်ကို ဖော်ပြထားပါသည်။ ၁၉၈၉ ခုနှစ်တွင် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းပြီးနောက် ပုဒ်မ ၁၄-က **အခြားရလမ်းများမှဝင်ငွေ**နှင့် ပုဒ်မ ၁၄-ခ **အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေတွင် ထည့်သွင်းရမည့်ဝင်ငွေများ**ကို ဖြည့်စွက်လိုက်ပါသည်။

၂၀၀၆ ခုနှစ်တွင် လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် လည်းကောင်း ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ဖြင့် ထပ်မံပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ရာ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၄ သည် အောက်ပါအတိုင်း ပြောင်းလဲဖြစ်ပေါ်လာပါသည်-

"၁၄။ **စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ** မည်သူမဆို မိမိမည်ကဲ့သို့ရရှိခဲ့သည်ကို အတိအကျ မဖြေရှင်းနိုင်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၊ သို့မဟုတ် ငွေအပါအဝင်ဖြစ်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ်အတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခေါင်းစဉ်ဖြင့် ယင်းပစ္စည်းတန်ဖိုး သို့မဟုတ် ငွေအပေါ်တွင် အခွန်ထမ်းဆောင်ရမည်။ ဤပုဒ်မအရ ဝင်ငွေကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း တွက်ချက်ရမည်"ဟု ဖော်ပြထားပါသည်။

### အခွန်လွတ်ငြိမ်းချမ်းသာခွင့်

အခွန်လွတ်ငြိမ်းချမ်းသာခွင့် (Tax Amnesty) ကို နိုင်ငံအများအပြားတွင် ကျင့်သုံးလေ့ရှိပါသည်။ မကြာမီက ကျင့်သုံးလိုက်သော ဒေသတွင်းနိုင်ငံများမှာ အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသည် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် အခွန်ဥပဒေတွင် အခန်း(၉) အဖြစ် ဝင်ငွေကြေညာချက်အစီအစဉ် ၂၀၁၆ (The Income Declaration Scheme 2016) ကို ပြဋ္ဌာန်းပါသည်။ အိန္ဒိယနိုင်ငံ၏ ဥပဒေအရ ယခင်ကရရှိသည့် ဝင်ငွေများအပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျသင့်အခွန်များ ထမ်းဆောင်ရန် ပျက်ကွက်ထားသူများသည် သတ်မှတ်ကာလ လေးလအတွင်းတွင် ကြေညာပါက ကြေညာသော ဝင်ငွေအပေါ်တွင် ၄၅ ရာခိုင်နှုန်း အခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ အခွန်လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံနှင့် ညီမျှသောငွေများသည် အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ အခွန်လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေ ( Law Regarding Tax Amnesty )ကို ဥပဒေအမှတ် ၁၁ အဖြစ် ၂၀၁၆ ခုနှစ်တွင် သီးခြားဥပဒေဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေတွင် အခွန်ကင်းလွတ်ခွင့်ကာလကို ခြောက်လ သတ်မှတ်ထားပြီး ကြေညာသည့်ဝင်ငွေအပေါ်တွင် နှစ်ရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအကြား အခွန်ပေးဆောင်ရန် သတ်မှတ်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ အခွန်လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်အတွင်းသို့ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၃၀ နှင့်ညီမျှသော ဝင်ငွေများ ပြန်လည်ဝင်ရောက်လာပါသည်။

### စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ

နိုင်ငံအများစုတွင် အခွန်လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ အခွန်ရခြင်းထက် နိုင်ငံ၏ ရေရှည်အကျိုးအတွက် ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးများ ပေါ်ပေါက်လာစေရန်ဖြစ်ပါသည်။ သို့မှသာ ပြည်သူများ အလုပ်အကိုင်ရရှိပြီး တိုင်းပြည်၏ ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်မှ စတင်ပြဋ္ဌာန်းသော ဝင်ငွေခွန်ဥပဒေတွင် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေနှင့် ပတ်သက်၍ ပုဒ်မတစ်ခု သီးခြားပါရှိသဖြင့် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ပြဋ္ဌာန်းသည့် အခွန်အကောက်ဥပဒေတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းခဲ့သော်လည်း အခွန်နှုန်းထားများ မြင့်မားသဖြင့် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်နယ်ပယ်အတွင်းသို့ အရင်းအနှီးများ ပြန်လည်စီးဝင်မှု သိသိသာသာမရှိကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ရန်လစ်ဟင်းခဲ့သော သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့သော ဝင်ငွေများအပေါ်တွင် သက်သာသောနှုန်းထားဖြင့် အခွန်ထမ်းဆောင်နိုင်စေရန် ရေးဆွဲထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

### နောက်ဆုံးအခွင့်အရေး

မြန်မာနိုင်ငံ၏ ဝင်ငွေခွန်ဥပဒေကိုလည်း အပြည်ပြည်ဆိုင်ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အကူအညီဖြင့် အသစ်ရေးဆွဲပြီးဖြစ်ကြောင်းနှင့် လွှတ်တော်သို့ တင်သွင်းပြဋ္ဌာန်းရန်သာ ရှိတော့ကြောင်း သိရပါသည်။ ထိုဥပဒေသစ်ပြဋ္ဌာန်းပါက ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ဖျက်သိမ်းမည်ဖြစ်ပြီး စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေနှင့် ပတ်သက်၍လည်း ပြဋ္ဌာန်းချက်ပါရှိတော့မည် မဟုတ်တော့ကြောင်း သိရပါသည်။ သို့ဖြစ်၍ အကြောင်းမျိုးမျိုးကြောင့် ဝင်ငွေခွန်ပေးဆောင်ရန် ပျက်ကွက်ခဲ့ရသော အခွန်ထမ်းပြည်သူများအတွက် **ဤဥပဒေသည် နောက်ဆုံးအခွင့်အရေးပေးသည့် အခွန်လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေ (Tax Amnesty) ဖြစ်ပါသည်။** ပေးဆောင်ရမည့် အခွန်နှုန်းထားများကို အင်ဒိုနီးရှားနိုင်ငံ၏ အခွန်လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကဲ့သို့ သိသိသာသာလျှော့ချထားသဖြင့် ဝင်ငွေခွန်ရငွေများ တိုးတက်လာမည့်အပြင် နိုင်ငံ၏ ငွေကြေးဈေးကွက်အတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ ဝင်ရောက်လာပြီး တိုင်းပြည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။ ယခုဥပဒေမူကြမ်းသည် အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ရန် လစ်ဟင်းပျက်ကွက်နေသူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်နိုင်စေရန် အခွင့်အလမ်း ဖိတ်ခေါ်ဖန်တီးပေးခြင်းဖြစ်ပြီး လက်တွေ့ပူးပေါင်း ပါဝင်လုပ်ဆောင်ကြခြင်းဖြင့် ပြည်သူများအတွက်၊ နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါသည်။ လက်ရှိအစိုးရသည် နိုင်ငံစီးပွားတိုးတက်ရေးကို ဖော်ဆောင်နိုင်စေရန်အတွက် ရဲဝံ့ပြတ်သားသော ဆုံးဖြတ်ချက်ဖြင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း ပုဒ်မ ၂၅ ကို ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလိုက်ခြင်းဖြစ်ကြောင်း သုံးသပ်ရသဖြင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ကြိုဆိုထောက်ခံပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

> "ယခု ဥပဒေမူကြမ်းသည် အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ရန် လစ်ဟင်းပျက်ကွက်နေသူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်နိုင်စေရန် အခွင့်အလမ်း ဖိတ်ခေါ်ဖန်တီးပေးခြင်းဖြစ်ပြီး လက်တွေ့ ပူးပေါင်းပါဝင်လုပ်ဆောင်ကြခြင်းဖြင့် ပြည်သူများအတွက်၊ နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းလာနိုင်မည်ဖြစ်. . .

# တည်ငြိမ်တိကျ၊ စေ့စပ်သေချာ၊ ကျန်းမာစွာနဲ့ အောင်ပွဲခံပါ

## အန်ကယ်ပညာ

မြန်မာစာဖြေဆိုပြီး၍ အိမ်ပြန်လာသောစတုတ္ထတန်းသမီးငယ်သည် သူ၏ထုံးစံအတိုင်း ဝရန်တာမှအတင်းပြေးလာပြီး အိမ်တံခါးမကို လက်စုံတွန်း၍ ဝင်ချလာသည်။ အိမ်ထဲဝင်လိုက်သည်နှင့် သူ၏စာမေးပွဲခန်း အတွေ့အကြုံတို့ကို မနားတမ်းဖောက်သည်ချလေတော့၏။ သူ၏ပြောစကားနှင့် အမူအရာတို့ကိုကြည့်ရသည်မှာ ပေါ့ပါးလွန်း၏။ လန်းဆန်းနေ၏။ မိမိအနေဖြင့် စကားကို နား၍ပြောရန် ပြောနေသည့်ကြားမှပင် စာမေးပွဲခန်းကြီးကြပ်သူ ဆရာမနှစ်ဦး၏အကြောင်း၊ ထိုနှစ်ဦး၏ စာမေးပွဲမဖြေမီ မှာကြားသည့် စကားများ၊ မေးခွန်းအကြောင်းနှင့် ဖြေဆိုခဲ့ပုံတို့ကို စုံစေ့အောင် ဇာတ်စုံခင်းနေလေ၏။

စာတွေက ကျက်လိုက်ရတာသာများတာ ဖြေရတာက နည်းနည်းလေးနှင့် လွယ်လွယ်လေးတွေဟူသည့် မှတ်ချက်ကိုပင် ပေးနေသေး၏။ သူပြောဆိုနေပုံကိုကြည့်၍ ဖခင်တစ်ယောက်အနေဖြင့် ဖြေနိုင်လားဆိုသည့် စကားမေးရန်အကြောင်းမရှိတော့ကြောင်း သိလိုက်၏။ သူ့အနေဖြင့်လည်း ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံကို ပြောပြချင်ရှာပေလိမ့်မည်။ သူ့အတွက် အစိုးရစစ်ဟူသည့် စာမေးပွဲ၏ အတွေ့အကြုံသစ် မဟုတ်ပါလား။ ဖခင်တစ်ယောက်အနေဖြင့် စာမေးပွဲမဖြေမီ ဖြေရမှာကို ကြောက်သလိုဖြစ်နေခဲ့သေးလားဟု မေးဖြစ်ခဲ့ရာ မဖြစ်ပါဘူးဟူသည့် တိကျသည့် အဖြေကိုသာ ပေးလေ၏။ ကောင်းလေစွ။

### စိတ်လှုပ်ရှားမှုတွေကို ဖြေလျှော့ပစ်ကြပါ

၆-၃-၂၀၁၈ ရက်နေ့မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတော့မည်။ ရက်ပိုင်းမျှသာလိုတော့၏။ ဆယ်တန်းကလေးရှိသော အမေမိဘအချင်းချင်းတွေ့ကြ ဆုံကြပြီဆိုလျှင် ကလေးတွေတော့မသိဘူး၊ ကျွန်မတို့တော့ ရင်တွေတုန်နေတာပဲဆိုသည့်စကား ကြားရလေ့ရှိ၏။ စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ၏ စိတ်ကိုလည်း ထိုခံစားမှုက ထိုးဖောက်မွှေနှောက်နေမည်မလွဲပေ။ အဘယ်ကြောင့်ပါနည်း။

တက္ကသိုလ်ဝင်စာမေးပွဲကို ဘဝတစ်ဆစ်ချိုးစာမေးပွဲဟု ဆိုကြသည်။ အစိုးရစစ် စာမေးပွဲဖြစ်သည်။ အောင်ချက်ရာခိုင်နှုန်းနည်းသည်။ ကျောင်းသားကျောင်းသူများ ကိုယ်တိုင်ထားရှိသည့် ရည်မှန်းချက်များနှင့် မိဘများ၏ သားသမီးများအပေါ်ထားရှိသည့် မျှော်လင့်ချက်များရှိသည်။ ကံဟုခေါ်သည့် ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ ကျောင်းသင်ခန်းစာများအပေါ် ထားရှိဆောင်ရွက်ခဲ့ကြသည့် ကာယကံ၊ ဝစီကံ၊ မနောကံတို့၏ အတိမ်အနက် ကွဲပြားမှုရှိမည်၊ စသည် စသည်တို့သည် စိတ်လှုပ်ရှားမှုကိုဖြစ်ပေါ်စေသည့် အကြောင်းရင်းများပင် ဖြစ်ပေသည်။

ထိုသို့စာမေးပွဲအတွက် စိတ်လှုပ်ရှားကြသည်ဆိုရာတွင် မိဘတစ်ဦးတည်း မဟုတ်၊ ကျောင်းသား ကျောင်းသူတစ်ဦးတည်းမဟုတ်၊ ယခုနှစ်ဖြေဆိုခွင့်တင်ထားသည့် ကျောင်းသား ကျောင်းသူရှစ်သိန်းကျော်နှင့် ၎င်းတို့နှင့်

> အရေးကြီးဆုံးအချက်မှာ ကျောင်းသား ကျောင်းသူတို့အနေဖြင့် ကျန်းမာရေးကောင်းနေရန်နှင့် ခွန်အားရှိနေရန် လိုအပ်ပါသည်။ ယခုလသည် မြန်မာပြက္ခဒိန်အရ တပေါင်းလ ဖြစ်ပါသည်။ နေ့ပူညချမ်း တပေါင်းလသရမ်းဟူသည့် ရာသီအကူးအပြောင်းနှင့် နေ့ည အပူချိန်ကွာခြားချက်များကြောင့် ဖြစ်ပေါ်တတ်သည့် ဖျားနာမှုများ၊ ကျန်းမာရေးကို ထိခိုက်စေသည့် အပြုအမူ၊ အသွားအလာ၊ အနေအထိုင်နှင့် အစားအသောက်တို့ကို ဂရုပြုဆင်ခြင်ကြရပေမည်။ မိဘများအနေဖြင့် အဆိုပါကိစ္စရပ်များအတွက် စောင့်ရှောက်ပေးကြရမည်ဖြစ်သလို အာဟာရနှင့် ခွန်အားကို ဖြစ်စေသည့် အစားအစာတို့ကို စီမံပေးကြရန် လိုအပ်

သက်ဆိုင်သည့်မိဘများအားလုံး၏ တူညီသော စိတ်ခံစားမှုသာဖြစ်ပေ၏။ ယခုအချိန်တွင် မိဘများအနေဖြင့် သားသမီးများအပေါ် ထားရှိသည့် မျှော်လင့်ချက်နှင့် ကိုယ်ပိုင်ဆန္ဒတို့ကို သိုသိပ်စွာထားသင့်သည့် အချိန်ဖြစ်ပါသည်။ မျှော်လင့်ချက်ကြီးမားသည်နှင့်အမျှ ကြီးမားသည့် အထောက်အပံ့နှင့်စောင့်ရှောက်မှုတို့ကို တစ်နှစ်ပတ်လုံးပေးခဲ့ပြီး ဖြစ်ပါလိမ့်မည်။ ယခုအချိန်တွင် မိဘများ၏စကားတို့သည် သားသမီးတို့၏ စာမေးပွဲအတွက် အားကိုသာဖြစ်စေ၍ ဖိအားသဘောသို့ မသက်ရောက်စေသင့်တော့ပါပေ။

ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူတို့အနေဖြင့်လည်း စာမေးပွဲကို စာမေးပွဲအဖြစ်သာ သဘောထားတတ်ဖို့ လိုပါသည်။ ဘဝတစ်ဆစ်ချိုး စာမေးပွဲ၊ အစိုးရစစ်စာမေးပွဲ၊ အောင်ချက်နည်းသည့်စာမေးပွဲဟူ၍ မည်သို့ပင် ဆိုဆိုကျက်ရ၊ တွက်ရတာတွေအများကြီးထဲက နည်းနည်းလေးပဲ ဖြေရတာ ဟူသည့် စတုတ္ထတန်းကျောင်းသူတစ်ဦး၏ စာမေးပွဲအပေါ်ထားရှိသည့် သဘောထားမှတ်ချက်ကို သတိပြုမိစေလိုပါသည်။ ကိုယ်စီထားရှိကြသည့် ရည်မှန်းချက်နှင့် ကိုက်ညီသည့် ဝီရိယစိုက်ထုတ်မှုများကို ပြုလုပ်ခဲ့ကြပြီး ဖြစ်ကြပေလိမ့်မည်။ သို့ဖြစ်၍ ယခုအချိန်အခါတွင် မိမိတို့၏ ကိုယ်ပိုင်ရည်မှန်းချက်များ၊ မိဘများ၏ ဆန္ဒနှင့် မျှော်လင့်ချက်များကို ခဏတာမေ့ထားသင့်ကြပေသည်။

ဥပမာအားဖြင့် ပြောရမည်ဆိုလျှင် အောင်မြင်မှုသရဖူဖြစ်သည့် ရွှေခါးပတ်ကို အရယူရန်ရည်မှန်းထားသည့် ကြိုးဝိုင်းထက်က လက်ဝှေ့သမားကို ပမာပြုလို၏။ ရွှေခါးပတ်သည် သူ့ရည်မှန်းချက်ဖြစ်၏။ လတ်တလော သူလုပ်ရမည့်အလုပ်မှာ ရွှေခါးပတ်ရရှိရေးဆိုသည်ထက် ပြိုင်ဘက်ကို အနိုင်ထိုးသတ်ရေးဖြစ်၏။ နိုင်ဖို့သာ ဦးစားပေးဖြစ်၏။ ရွှေခါးပတ်သည် ရည်မှန်းချက်ဖြစ်သော်လည်း ထိုးသတ်နေသည့်အချိန်တွင် အနိုင်ရရေးကို ဦးစားပေး၍ ရည်မှန်းချက်ကို မေ့ပျောက်ထားသည့် သဘောသာဖြစ်၏။

ဤကဲ့သို့ မေ့ထားနိုင်ပြီဆိုလျှင် ငါ့မိဘတွေက ငါ့ကို ဘယ်နှဘာသာဂုဏ်ထူးနဲ့ အောင်စေချင်တာ၊ ငါကလည်း ဘယ်တက္ကသိုလ်ကို တက်ချင်တာ၊ ငါတစ်ခုခုများ လွဲချော်သွားခဲ့ရင်ဆိုတဲ့ ဖိစီးမှု၊ ပူပန်မှုတွေ လျော့သွားပေလိမ့်မည်။ ထို့အပြင် စာမေးပွဲမေးခွန်းတို့သည် သင်ထား၊ ကျက်ထားတွက်ထားသည့် သင်ခန်းစာများထဲက ရွေးထုတ်မေးထားသည်များသာဖြစ်ပါသည်။ ဤသို့ဆိုလျှင် နာမည်ကြီးလှသည်ဆိုသည့် တက္ကသိုလ်ဝင်စာမေးပွဲသည် စာလုပ်ထားသူများအတွက် အတွေးပို၊ အကြောက်ပို၍ စိတ်လှုပ်ရှားနေရန် လိုသေး၏လော။

### စိတ်လေနေလျှင် ဆင်ခြင်တတ်ပါစေ

စိတ်လေသည်ဆိုသည့်စကားမှာ ကျောင်းသား ကျောင်းသူတို့နှင့်သာ သက်ဆိုင်ပေလိမ့်မည်။ ဤသို့သောရက်များတွင် ဖြစ်တတ်ကြပါသည်။ ရာသီအခေါ်အားဖြင့် နွေမိန်တပေါင်းဟုဆိုအပ်သည့် အချိန်ရာသီဖြစ်ပေရာ ပတ်ဝန်းကျင် တောတောင် မြင်ကွင်းတို့တွင် ရွက်ဟောင်းကြွေကျ မြူခိုးထနှင့် ရှစ်ခွင်တိုင်းမှိုင်းလည်၊ ဘယ်ဝယ် ဘယ်ဆီလွမ်းရပါမည်ဆိုသည့်အတိုင်း အလွမ်းခံပုဂ္ဂိုလ် ပျောက်ချက်သားဖြင့် လူသားတို့ စိတ်လေတတ်ကြပါသည်။ ထို့အပြင် ယခုအချိန်သည် ကျောင်းသား ကျောင်းသူတို့အတွက် ရပြီးသည့်စာကို ပြန်နွှေးသည့်အချိန်သာ ဖြစ်ပေသည်။ မရသေးသည့်စာကို ကျက်နေရစဉ်ကလောက် စာလုပ်ရသည်ကို အရသာမတွေ့တော့။ ကျက်ပြီးသားဟင်းကို ထပ်ကာတလဲလဲ နွှေးနေရသည်ကို ပျင်းလာသည့်သဘော ဖြစ်ပေသည်။ ဤသို့သော ကိုယ်တွင်းကိုယ်ပနှစ်ဌာန၏ ပယောဂကြောင့် စိတ်လေတတ်ကြပါသည်။ ဘာလုပ်ကြမည်နည်း။

ကိုယ်စိတ်နှစ်ပါး အနားပေးလိုက်ရုံသာ ဖြစ်ပေသည်။ မိဘ ညီအစ်ကိုမောင်နှမ သူငယ်ချင်းများနှင့် စကားပြောနိုင်သည်။ ကိုယ်နှစ်သက်စွဲလမ်းသည့် သီချင်းတစ်ပုဒ်ကို အော်ဆိုပစ်လိုက်နိုင်သည်။ အညောင်းပြေ အညာပြေလမ်းတစ်ကွေ့လောက် လျှောက်ပစ်နိုင်သည်။ တစ်ရေးတစ်မော အိပ်ပစ်နိုင်သည်။ စာအလုပ်တွင် နစ်မွန်းနေသည့် ကိုယ်စိတ်နှစ်ပါးကို အပန်းဖြေပေးလိုက်ခြင်းဖြစ်ပါသည်။ ကိုယ်စိတ်နှစ်ပါး လန်းဆန်းသွားချိန်တွင် ငါ့မှာမပြီးသေးသော အလုပ်တစ်ခုရှိသေးသည်၊ ဒီအလုပ်ကို ပြီးမြောက်အောင် အကောင်းဆုံးလုပ်ဆောင်သွားမည်ဆိုသည့်စိတ်နှင့် စာအလုပ်ကိုဆက်လုပ်ဖို့လိုပါသည်။

### ပြင်ဆင်ထားကြရအောင်

စာမေးပွဲအတွက်ပြင်ဆင်မှုများအနက် စာလုပ်ခြင်းနှင့် မသက်ဆိုင်သည့် ပြင်ဆင်မှုများဖြစ်ပါသည်။ သတ်မှတ်ထားသည့် အချိန်အတွင်းသာ ဖြေဆိုရမည်ဖြစ်၍ အချိန်ကြည့်နိုင်ရန် အချိန်မှန်ကိုဖော်ပြနိုင်သည့် လက်ပတ်နာရီတစ်လုံး လိုပါသည်။ ကိုယ်ရေးနေကျဖြစ်သည့် အမျိုးအစားကို မင်လိုက်ကောင်း၊ မကောင်း စစ်ဆေးထားသည့် ဘောပင်များ၊ အဖုအထစ်ကင်းပြီး စကေးကိုက်သည့် ပေတံရှည်တစ်ချောင်း၊ အနေတော်ချွန်ထက်အောင် ပြုပြင်ထားသည့် ခဲတံများ၊ သပ်ရပ်စွာဖျက်နိုင်သည့် ခဲဖျက်တစ်ခုနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားတို့ကို စာမေးပွဲခန်းသို့ တစုတစည်းတည်း ယူဆောင်သွားနိုင်အောင် သီးသန့်ပြင်ဆင်ထားဖို့လိုအပ်ပါသည်။

နောက်တစ်ချက်အနေဖြင့် အရေးကြီးဆုံးအချက်မှာ ကျောင်းသား ကျောင်းသူတို့အနေဖြင့် ကျန်းမာရေးကောင်းနေရန်နှင့် ခွန်အားရှိနေရန် လိုအပ်ပါသည်။ ယခုလသည် မြန်မာပြက္ခဒိန်အရ တပေါင်းလ ဖြစ်ပါသည်။ နေ့ပူညချမ်းတပေါင်းလသရမ်းဟူသည့် ရာသီအကူးအပြောင်းနှင့် နေ့ည အပူချိန်ကွာခြားချက်များကြောင့် ဖြစ်ပေါ်တတ်သည့် ဖျားနာမှုများ၊ ကျန်းမာရေးကို ထိခိုက်စေသည့် အပြုအမူ၊ အသွားအလာ၊ အနေအထိုင်နှင့် အစားအသောက်တို့ကို ဂရုပြုဆင်ခြင်ကြရပေမည်။ မိဘများအနေဖြင့် အဆိုပါကိစ္စရပ်များအတွက် စောင့်ရှောက်ပေးကြရမည်ဖြစ်သလို အာဟာရနှင့် ခွန်အားကို ဖြစ်စေသည့် အစားအစာတို့ကို စီမံပေးကြရန် လိုအပ်ပါသည်။

### ပျော်ပျော်ပါးပါး ဖြေလိုက်ကြရအောင်

စာတွေကလည်း ရနေပြီ၊ ကျန်းမာရေးလည်းကောင်းသည်၊ စာမေးပွဲခန်းထဲ ရောက်ခဲ့ပြီ။ ဘယ်လိုစိတ်ထားနှင့် ဘာတွေလုပ်ကြမည်နည်း။ မဖြေခင် ဖြေဆိုရမည့်ထိုင်ခုံမှာထိုင်ရင်း စိတ်ကိုတည်ငြိမ်အောင်ထားလိုက်ပါ။ အလွယ်ကူဆုံးနည်းမှာ မည်သည့်အကြောင်းအရာကိုမျှ မစဉ်းစားဘဲ မျက်လွှာချလျက် အသက်ပြင်းပြင်း အကြိမ်နှစ်ဆယ်ခန့် ရှူထုတ်လိုက်ခြင်းဖြစ်၏။ စိတ်လှုပ်ရှားမှုကြောင့်ဖြစ်သော နှလုံးခုန်နှုန်းနှင့် အံဝင်ခွင်ကျဖြစ်သွားပေလိမ့်မည်။ စိတ်သည် တဖြည်းဖြည်းတည်ငြိမ်သွားလိမ့်မည်။ ဖြေရမည့်ပမာဏသည်လည်း ကိုယ်ရထားသည့်စာတွေထဲက သုံးနာရီစာသာဖြေရမည်ဖြစ်သည်။ မေးခွန်းပုစ္ဆာတို့သည် ငါတို့သင်ထားသမျှ ကျက်မှတ်ထားသည့်စာတွေထဲကသာဖြစ်သည်ဟူသည့် စိတ်မျိုးထားကြည့်လိုက်ပါ။ တွေးပြီးစိတ်ပူနေခြင်းတွေ ဘယ်ပျောက်သွားမှန်းမသိ ပျောက်သွားပါလိမ့်မည်။ ထိုအသိသည် မိမိကိုယ်မိမိ ယုံကြည်သည့်စိတ်ပင်ဖြစ်၏။ ထိုယုံကြည်စိတ်ဖြင့်ပင် အဖြေလွှာပေါ်တွင် မိမိ၏ အမည်၊ ခုံနံပါတ်တို့ကိုတပ်၍ ဘေးမျဉ်းများကို တည်ငြိမ်စွာတားနေရင်း မေးခွန်းစာရွက်ကို စောင့်နေရုံသာဖြစ်၏။

မေးခွန်းစာရွက် လက်ထဲရောက်ရှိလာချိန်တွင် အေးဆေးတည်ငြိမ်စွာ အစအဆုံး တစ်ခေါက်ဖတ်လိုက်ဖို့ လိုပါသည်။ ထိုသို့ဖတ်ပြီးချိန်တွင် ရင်ထဲက အလုံးကြီးကျသွားသလို ပေါ့ပါးသွားပါလိမ့်မည်။ ဘာကြောင့်ဆိုသည်ကို ကိုယ်တိုင်စာမေးပွဲခန်းဝင်ချိန်ရောက်မှသာ အဖြေရှာကြစေလိုပါသည်။ ကြိုတင်၍ အာမခံချက်ပေးနိုင်သည်မှာ စာမေးပွဲအတွေ့အကြုံကို ပြန်ပြောပြခဲ့သည့် စတုတ္ထတန်းကျောင်းသူ၏ စကားအတိုင်း စာတွေက ကျက်လိုက်ရတာသာ များတာ၊ ဖြေရတာက နည်းနည်းလေးနှင့် လွယ်လွယ်လေးဆိုသည့် စကားမျိုး ရင်ထဲတွင်ကြိတ်၍ ပြောနေကြပေလိမ့်မည်ဟူသည့်အချက်ပင် ဖြစ်ပါသည်။

ဖြေဆိုသည့်အပိုင်းတွင် မေးခွန်း၏လိုလားချက်ကို သေချာစွာသိဖို့ လိုပါသည်။ မေးခွန်းနံပါတ်၊ အဖြေလွှာတွင်တပ်သည့် နံပါတ်၊ ဖြေဆိုရမည့် အကြောင်းအရာတို့ ကိုက်ညီနေဖို့လိုပါသည်။ ဖြေဆိုရမည့် ပုဒ်စာအရေအတွက် အပိုအလိုမရှိ ဖြေဆိုရပါမည်။ ဖြေဆိုရာတွင် အကြောင်းအရာမှန်ကန်မှုအပြင် စာလုံးပေါင်းသတ်ပုံ၊ သန့်ရှင်းသပ်ရပ်မှုတို့ကိုပါ အလေးထားကြရန် လိုအပ်ပါသည်။ မိမိအနေဖြင့် အားလုံးဖြေဆိုပြီးပြီဟုယူဆချိန်တွင် မေးခွန်းနှင့် အဖြေလွှာ အသေးစိတ် ပြန်စစ်ဆေးရပါမည်။ ဖြေဆိုမှုအတွက် ကျေနပ်ပြီ၊ ဖြေဆိုချိန်ပြည့်ပြီ၊ အဖြေလွှာကို အပ်လိုက်ပြီဆိုလျှင် ထိုဘာသာရပ်ကို မေ့ထားလိုက်လို့ရပေပြီ။ လိုအပ်ချက်များရှိနေပါကလည်း ပြန်တွေး၍စိတ်လေးမနေစေလိုပေ။ ပြန်ပြင်၍မရနိုင်တော့သည့်အတူ နောက်တစ်နေ့ဖြေဆိုမည့် ဘာသာအတွက်သာ အာရုံစိုက်အားထည့်ကြစေလိုပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် တက္ကသိုလ်ဝင်စာမေးပွဲသည် လူငယ်မြန်မာတစ်ဦး ဖြတ်သန်းရသည့် ခက်ခဲသော မှတ်တိုင်တစ်ခုဟု ဆိုချင်ပါသည်။ ထိုမှတ်တိုင်ကိုဖြတ်ကျော်နိုင်ရန် ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်နှင့် မိဘဆရာတို့ကပါ တစ်နှစ်တာကြိုးစားပြင်ဆင်ခဲ့ကြရပါသည်။ ထိုသို့ကြိုးစားပြင်ဆင်ခဲ့ကြခြင်း၏ ရလဒ်ကောင်းတို့ကိုလည်း ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်ကြိုနေကြပေပြီ။ ဤသို့ဖြစ်ရသည်မှာလည်း ဂုဏ်ယူဝံ့ကြွားဖွယ်ရာမှတ်တိုင်တစ်ခု ဖြစ်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။ တက္ကသိုလ်တစ်ခုခုတွင် ဘာသာစုံဂုဏ်ထူးထွက်သည့်တိုင်အောင် လူတို့စိတ်ဝင်စားမှု နည်းပါးကြပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်မှုအတွက်ကိုမူ လူအများက ချီးကျူးဂုဏ်ပြုကြသလို ထူးချွန်သူကိုယ်တိုင်ကလည်း ဘဝတစ်သက်တာ မှတ်တမ်းတစ်ခုအဖြစ် ဂုဏ်ယူဝမ်းမြောက်နေကြရပေသည်။ သို့ဖြစ်၍ ကျောင်းသား ကျောင်းသူများအနေဖြင့် တစ်နှစ်တာကာလပတ်လုံး ကြိုးစားပြင်ဆင်လာသမျှ၏ အကျိုးရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် "တည်ငြိမ်တိကျ၊ စေ့စပ်သေချာ၊ ကျန်းမာစွာနဲ့ အောင်ပွဲခံပါ"ဟူ၍သာ။ ။

## စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မူလရန်ပုံငွေဖြင့် လွင်ပြေဟိန်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော လမ်းကူးကျေးရွာနှင့် တာလီကျေးရွာ စိမ့်စမ်းရေ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရွှေကူမြို့နယ် ကျေးလက်ဦးစီးမှူး ဦးယဉ်ခိုင်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ပြီးစီးမှုကြောင့် လမ်းကူးကျေးရွာနှင့် တာလီကျေးရွာရှိ အိမ်ခြေ ၂၂၁ အိမ်၊ လူဦးရေ ၁၁၇၆ ဦးတို့သည် သောက်သုံးရေကို ရာသီမရွေးရရှိနေပြီဖြစ်၍ ဒေသခံပြည်သူများ အဆင်ပြေဝမ်းသာလျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**



သာရဝေါမြို့ လျှပ်စစ်မျှုးရုံးအုပ်ချုပ်မှုနယ်မြေအတွင်းရှိ ဇီးဖြူကုန်းစည်ပင်ဈေးမှ ဈေးသူ ဈေးသားများ လျှပ်စစ်ဓာတ်အားသုံးစွဲသည့်အခါ လျှပ်စစ်အန္တရာယ်ကင်းရှင်းအောင် မည်သို့သုံးစွဲရမည်ကို ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ်လျှပ်စစ်မျှုး ဦးမျိုးသိန်းဌေးနှင့် လျှပ်စစ်ဝန်ထမ်းများက အသိပညာပေးဆောင်ရွက်စဉ်။ **မြင့်နိုင်(ပြည်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ရေနေ့ ၂၀၁၈ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

❂ ကျောဖုံးမှ

သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အနာဂတ်စိန်ခေါ်မှုများအတွက်

အခမ်းအနားတွင် ဒုတိယသမ္မတက ရေချိုရရှိမှု၏ အရေးပါမှုနှင့် ရေချိုအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသုံးစွဲနိုင်ရေး အာရုံစိုက်လာစေရန် မတ် ၂၂ ရက်ကို ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်၍ နှစ်စဉ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလျက် ရှိနေကြပါကြောင်း၊ ကမ္ဘာ့ရေနေ့သည် ရှားပါးသည့် အရင်းအမြစ်များ၏ စဉ်ဆက်မပြတ် တည်ရှိမှုကိုအသုံးပြုနေသော အနာဂတ်စိန်ခေါ်မှုများအတွက် ပြင်ဆင်ရန်သတိပေးသည့် နေ့တစ်နေ့လည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေနှင့် ဆက်နွယ်သည့် နိုင်ငံတကာပူးပေါင်းလှုပ်ရှားမှုများတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှစတင်၍ ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားများကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ကြီးမှူး၍ ရေနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်သူများ၊ အစိုးရမဟုတ်သည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပလျက်ရှိပါကြောင်း။

### ရေအတွက်သဘာဝပတ်ဝန်းကျင်

၂၀၁၈ ခုနှစ် ကမ္ဘာ့ရေနေ့၏ အထူးပြုအကြောင်းအရာမှာ "Nature for Water" (ရေအတွက်သဘာဝပတ်ဝန်းကျင်)ဖြစ်ပါကြောင်း၊ ၂၁ ရာစုနှစ်အတွက် ရေဆိုင်ရာစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် တည်ရှိနေသည့် သဘာဝပတ်ဝန်းကျင်အခြေအနေများကို မည်သို့အသုံးပြုနိုင်မည်ဆိုသည်ကို ဖော်ထုတ်ရန်ရည်ရွယ်၍ "Nature for Water" (ရေအတွက်သဘာဝပတ်ဝန်းကျင်)ဟု သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ သဘာဝအခြေအနေများမှ ရှာဖွေတွေ့ရှိထားသည့် ရလဒ်များကို အသုံးပြု၍ ရေကြီးခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် ရေထုညစ်ညမ်းမှုလျှော့ချခြင်းတို့တွင် အဖြေရှာဆောင်ရွက်နိုင်ရေးအတွက်လည်း ဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေ၏ ၂ ဒသမ ၁ သန်းခန့်သည် မိမိတို့အိမ်များတွင် လုံခြုံဘေးကင်းသည့် သောက်သုံးရေမရရှိနိုင်သေးသည့်အတွက် ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ထိခိုက်မှုများရှိနေပါကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် (Sustainable Development Goal)များတွင် "၂၀၃၀ ပြည့်နှစ်၌ လူသားတိုင်းအတွက် ရေနှင့် မိလ္လာစနစ် ရရှိနိုင်ရေးနှင့် ရေရှည်စီမံခန့်ခွဲနိုင်ရေး"ဟူ၍ ရည်မှန်းချက်အမှတ်စဉ်(၆)တွင် ထည့်သွင်းဖော်ပြထားပါကြောင်း။

### ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရေသည် သက်ရှိများအတွက် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်ပါကြောင်း၊ ရေသည် လူသားများ အသက်ရှင်သန်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် မရှိမဖြစ်လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း ရေကြောင့်ပင် သေကျေပျက်စီးဆုံးရှုံးရသည့် သဘာဝဘေးအန္တရာယ်များနှင့်လည်း ရင်ဆိုင်နေရပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ရေနှင့်ဆက်နွယ်သည့် အခက်အခဲပြဿနာများကို ကမ္ဘာ့နေရာအနှံ့အပြားတွင် တွေ့ကြုံနေရပါကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံဆောင်ရွက်ကြရာတွင် ရေနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း လူများ၏ ပယောဂကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိများ ဘေးအန္တရာယ်မဖြစ်စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု

မြန်မာနိုင်ငံသည် အလယ်ပိုင်းခြောက်သွေ့ဒေသများမှလွဲ၍ ကျန်ဒေသများတွင် မိုးကောင်းမွန်စွာ ရွာသွန်းလေ့ရှိပြီး မြစ်ချောင်းများ၊ သဘာဝရေကန်များနှင့် ရေခိုအောင်းလွှာ အမြောက်အမြားရှိနေပါကြောင်း၊ လူဦးရေအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးအတွက်ဖြစ်စေ လုံလောက်သည့် ရေအရင်းအမြစ်များရှိသည်ဟု ဆိုနိုင်ပါကြောင်း၊ ရေအရင်းအမြစ်ကို အသုံးချနိုင်မည့် အခွင့်အလမ်း (Potential) များပြားပါကြောင်း၊ အဆိုပါအခွင့်အလမ်းများကို အသုံးချနိုင်ရန် လိုအပ်နေဆဲဖြစ်သည့်အတွက် နိုင်ငံအများစုကဲ့သို့ ရေကြီးခြင်း၊ ရေရှားပါးခြင်းနှင့် ရေထုညစ်ညမ်းခြင်း စသည့် ရေနှင့်ဆက်နွယ်သည့် ပြဿနာများကို ခံစားနေရပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး၊ ထိရောက်ကောင်းမွန်သောရေကို သုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး၊ ရေသိုလှောင်နိုင်ရေး၊ ဝန်ကြီးဌာနအလိုက် မျှတစွာ ရေခွဲဝေသုံးစွဲနိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ရေနှင့်ဘတ်ဂျက်ခွဲဝေသုံးစွဲနိုင်ရေးတို့အတွက် ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု (IWRM) ကို အကောင်အထည်ဖော်ရေးသည် အရေးကြီးလှပါကြောင်း။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် "အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများအတွက် အရေးပါသော တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ"တွင် ကောင်းမွန်သော ရေသံသရာစီမံခန့်ခွဲမှု၊ စီမံအုပ်ချုပ်မှုနှင့် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းပြီး ရေရှည်ရရှိနိုင်မည့် သောက်သုံးရေပေးဝေရေး၊ မိလ္လာစနစ်နှင့် ရေဆိုးစီမံခန့်ခွဲမှုဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေးနှင့် တိုးချဲ့ရေးတို့အတွက် နိုင်ငံတော်အဆင့်၊ ဒေသန္တရအဆင့် ထိန်းသိမ်းကြီးကြပ်ရေးစီမံကိန်းများ ထူထောင်ရေးအပါအဝင် ရေနှင့်ဆက်နွယ်သည့်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များအတွက် ငွေကြေးထောက်ပံ့ခြင်းကို စောင့်ကြည့်သည့် ဒေသတွင်းစနစ်တစ်ခု ထူထောင်ရေးတို့ကို ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း၊ ဆွေးနွေးမှုရလဒ်အဖြစ် Yangon Declaration ကို ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လအတွင်း ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် World Water Forum 2018 တွင် ထည့်သွင်းဆွေးနွေးနိုင်ရေးအတွက် အာရှ-ပစိဖိတ်ရေဖိုရမ်နှင့် ပူးပေါင်းပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

### သတ်မှတ်ထား

၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိကို "ရေဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဆယ်စုနှစ်"ဟု ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ထားပါကြောင်း။

အဆိုပါ ဆယ်စုနှစ်အတွက် ရည်ရွယ်ချက်များလည်း ချမှတ်ထားပါကြောင်း၊ ရေဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆယ်စုနှစ်ကို ဒေသတွင်း၌သာမက ကမ္ဘာ့နိုင်ငံများနှင့်ပါ အတူတကွ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွက် အဓိကလိုအပ်နေသည့် လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးအတွက် မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ ရေအရင်းအမြစ်များအားလုံးကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် အဓိကကျသည့် မြစ်များနှင့် မြစ်ဝှမ်းများကို စနစ်တကျစီမံခန့်ခွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်သည့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများနှင့် ဆုံးဖြတ်ချက်အထောက်အကူပြုစနစ်များ တည်ဆောက်မှုနှင့်အတူ ရေနှင့်ဆက်နွယ်သည့် ဌာနအဖွဲ့အစည်းများရှိ ဝန်ထမ်းများနှင့် ပတ်သက်ဆက်နွယ်သူများအားလုံးကိုလည်း စွမ်းဆောင်မှုအရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

### တိုးမြှင့်ဆောင်ရွက်

နိုင်ငံအတွက် အရေးပါသည့် ရေနှင့်ဆက်နွယ်သော ရေပေးဝေမှု၊ မိလ္လာနှင့် ရေသန့်စနစ်များ ပြည့်စုံကောင်းမွန်စေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းစေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေအားလျှပ်စစ်၊ စက်မှုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း စသည့် ကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေးနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေး စီမံဆောင်ရွက်မှုများတွင် အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရေအသုံးပြုသူများအကြား ရေသုံးစွဲမှုနှင့်ပတ်သက်သည့် အသိပညာ၊ ဗဟုသုတ၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ ဆွေးနွေးတိုင်ပင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်း တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

### များစွာအထောက်အကူဖြစ်

ယနေ့ကျင်းပသည့် ကမ္ဘာ့ရေနေ့ ၂၀၁၈ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအပါအဝင် ရေနှင့်ဆက်နွယ်သက်ဆိုင်သူများအားလုံး၏ ဆွေးနွေးအကြံပြုချက်များသည် နိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် လိုအပ်သည့် မဟာဗျူဟာများနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရာတွင် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ ရေဆိုင်ရာလုပ်ငန်းများသည် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အဓိကကျသည့် လုပ်ငန်းများဖြစ်သည့်အတွက် မှန်ကန်သည့်အကျိုးရလဒ်များ ရရှိစေရန် ကမ္ဘာ့ကုလသမဂ္ဂမှချမှတ်ထားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (Sustainable Development Goals) ကို ဆက်လက်ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို Video Projector ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကမ္ဘာ့ရေနေ့ ၂၀၁၈ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Hong Liang၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး Mr. Wouter Jurgens၊ World Bank Country Director Ms. Ellen Goldstein နှင့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

### (၈) ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်

ကမ္ဘာ့ရေနေ့ ၂၀၁၈ အခမ်းအနားတွင် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ စဉ်ဆက်မပြတ် ဆည်မြောင်းဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုများနှင့် အဖြေများ၊ ရေကြီးရေလျှံမှုအတွက် ကြိုတင်သတိပေးစနစ်၊ ကုန်းတွင်းပို့ဆောင်မှုအနေအထားနှင့် ဖွံ့ဖြိုးရေးစီမံချက်၊ အမျိုးသားရေဖြန့်ဝေမှု မြောင်းများနှင့် သန့်ရှင်းရေးအတွက် တည်ဆောက်မှုများ၊ ရန်ကုန်ကြေညာချက် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရေနှင့်ပတ်သက်သည့် ပါဝင်ထောက်ပံ့မှုများ၊ မြန်မာရေချိုကဏ္ဍ၊ စိုက်ပျိုးရေးအခြေပြုလုပ်ငန်းများအတွက် ရွှေ့လျားရေစွမ်းအားဆိုင်ရာအခြေအနေများ၊ ဧရာဝတီမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ တက်လှမ်းမှုများ၊ မြန်မာနိုင်ငံအတွင်းရှိ အဓိကရေဝေရေလဲဒေသကြီးများတွင် ရေအရင်းအမြစ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကနဦး ဆောင်ရွက်မှုများ၊ ရေဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုနှင့် လုပ်ငန်းများကိုပြည်သူလူထုထံ အသိပညာပေးဖြန့်ဖြူးခြင်း၊ ရေအတွက်သဘာဝပတ်ဝန်းကျင်၊ မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်း စက်မှုလုပ်ငန်း၊ ရေနှင့်ကျန်းမာရေး၊ ရေထိန်းသိမ်းရေးနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်း၊ ရေအရင်းအမြစ်စီမံခန့်ခွဲခြင်း၊ ကျေးလက်ရေပေးဝေရေး ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂ၏ ရေသဘောတူညီချက်နှင့် မြန်မာ၊ ဧရာဝတီရေအရင်းအမြစ်များ အသုံးချမှု၊ တောင်သမန်အင်း ရေညစ်ညမ်းမှုမှ သင်ခန်းစာများ၊ ဧရာဝတီမြစ်ဝှမ်းဒေသ အစီရင်ခံချက်၊ ချင်းတွင်းမြစ်ဝှမ်းဒေသ အဖွဲ့အစည်းမှတစ်ဆင့် မြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ထိန်းသိမ်းမှု၊ ဧရာဝတီမြစ်ကြောင်းပို့ဆောင်ရေး၊ ဧရာဝတီမြစ်နှင့် မြန်မာ့စီးပွားရေး၊ သဘာဝဘေးလျော့ပါးရေးရှုထောင့်၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအပါအဝင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ နိုင်ငံတကာ ရေအသုံးချမှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ၊ မြန်မာ့စွမ်းအင်စီမံချက်၊ လူငယ်အင်ဂျင်နီယာများ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အဆိုအမိန့်များ၊ မြန်မာနိုင်ငံရှိ သဘာဝကန်ကြီးများတွင် ရေနှင့်ပတ်သက်သည့် ရောဂါဖြစ်ပွားမှုအခြေအနေထိန်းချုပ်ခြင်းဆိုင်ရာ အကြောင်းအရာများနှင့် ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် (၈)ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်တွင် ထည့်သွင်းဆွေးနွေးမည့် အကြောင်းအရာများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကျူးဘားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဘန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားနိုင်ငံသံအမတ်ကြီး မစ္စတာ ဟက်တာကော်န် ဒီအယ်လ်မေးဒါးအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကျူးဘား-မြန်မာ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပပေးနိုင်ခဲ့မှု၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် UNDP မှ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်မှစပြီး ပံ့ပိုးကူညီဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းပြောကြားရာ Mr. Knut Ostby က UNDP အနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း၊ UNDP အနေဖြင့် နောင်ပြုလုပ်မည့် ရွေးကောက်ပွဲများအတွက် ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံကျော် ပန်းချီဆရာကြီး ၇၃ ဦး၏ လက်ရာပန်းချီကားများ ပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက် (ရန်ကုန်)က ဦးစီးကျင်းပသော "ပြတိုက်လှုပ်ရှားမှု ပန်းချီပြပွဲ" (Museum Activity Art Exhibition) ကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိရာ ပန်းချီပညာရှင်များ၊ ဝါသနာရှင်များနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာကြည့်ရှုလျက်ရှိသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားလျက်ရှိသော ပန်းချီဆရာကြီး ၇၃ ဦး၏ လက်ရာမြောက်ပန်းချီကား ၇၃ ခုကို ရွေးချယ်ပြသထားခြင်းဖြစ်သည်။ ယင်းပန်းချီကားများကို ဆီဆေး၊ ရေဆေးတို့ဖြင့် ရေးဆွဲထားပြီး မြန်မာ့ရှုခင်းများ၊ ရိုးရာဝတ်စားဆင်ယဉ်မှုများ၊ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာပွဲတော်များ၊ ကျေးလက်ဒေသ သဘာဝအလှအပများကို ပေါ်လွင်အောင် ရေးဆွဲထားသည့် ပန်းချီကားများအပြင် ခေတ်ပေါ်ပန်းချီကားများနှင့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ ပုံတူပန်းချီကားများလည်းပါဝင်သည်။



ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက် (ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက "အမျိုးသားပြတိုက်မှာ ပန်းချီပြပွဲနဲ့ပတ်သက်ပြီး မလုပ်နိုင်ခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ကြာခဲ့ပါပြီ၊ ကျွန်မတို့ပြတိုက်မှာ ခေတ်အဆက်ဆက် ပန်းချီလက်ရာတွေ ရှိပါတယ်၊ ဒါပေမယ့် ၁၉၉၀ လောက်အထိပဲ စုဆောင်းနိုင်ခဲ့တာပါ၊ အဲဒီနောက်ပိုင်းမှာ မစုဆောင်းနိုင်ခဲ့ပါဘူး၊ ဒါကြောင့် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းတာမျိုးအပြင် နှစ်ပေါင်း ၂၀ လောက်ကွာဟသွားခဲ့တဲ့ ပန်းချီဆရာတွေရဲ့ လက်ရာတွေကို ပန်းချီလေ့လာသူ ပြည်သူတွေသိရှိနိုင်ဖို့ ရည်ရွယ်ကျင်းပရခြင်း ဖြစ်ပါတယ်၊ ဒီပြပွဲကိုတော့ ပြတိုက်တာဝန်ရှိသူတွေ၊ ပန်းချီအနုပညာရှင်တွေနဲ့ ပူးပေါင်းပြီး ပြသတာပါ၊ ကျန်ရှိနေသေးတဲ့ ပန်းချီဆရာကြီးတွေရဲ့ လက်ရာမြောက် ပန်းချီကားတွေကိုလည်း ပြပွဲတွေကျင်းပပြီး ဆက်လက်ပြသသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသလျက်ရှိရာ ပန်းချီပညာရှင်များ၊ ဝါသနာရှင်များ၊ နိုင်ငံခြားသားများနှင့် ပြည်သူများ လာရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ပြပွဲ၌ ပန်းချီဆရာကြီး ဦးလွန်းကြွယ်အပါအဝင် ပန်းချီဆရာများက လက်တွေ့သရုပ်ဖော်ရေးဆွဲခြင်း အစီအစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းကဲ့သို့ရေးဆွဲသည့် ပန်းချီကားများကို အမျိုးသားပြတိုက်(ရန်ကုန်)သို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ Museum Talk အစီအစဉ်ကို ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့ပြီး ယင်းအစီအစဉ်တွင် ပြတိုက်နှင့် အနုပညာသမားများ ဆက်စပ်မှုအကြောင်းအရာများအပေါ် ပန်းချီဆရာကြီးဦးလွန်းကြွယ် အပါအဝင် ပန်းချီဆရာများက ဆွေးနွေးဟောပြောခဲ့ကြသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ

၁။ **ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး**

(က) မူးယစ်ဆေးဝါးစိုက်ပျိုးမှုထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သောမှုခင်းများ လျှော့ချရေး။

(ခ) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးရေးအတွက် ထိရောက်သောဥပဒေ ပြဋ္ဌာန်းသတ်မှတ်ရေး။

(ဂ) မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး။

(ဃ) ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော လုပ်ငန်းများအပေါ် မှီခိုနေရမှု လျှော့ချနိုင်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးအပါအဝင် အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၂။ **သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး**

(က) ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ အန္တရာယ်ကျရောက်လွယ်သော လူအုပ်စုနှင့် ပြည်သူလူထုအတွက် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ကုသမှုအခွင့်အလမ်းများ ပိုမိုရရှိစေရေးနှင့် ကုသရေးဝန်ဆောင်မှုများ၏ အရည်အသွေး ပြည့်မီရေး။

(ဂ) မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များနှင့် လူထုအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာဆိုးကျိုးများနှင့် အန္တရာယ်များ လျှော့ချရေး။

(င) ဆေးကုသရာတွင် အသုံးပြုသော ထိန်းချုပ်မူးယစ်ဆေးဝါးများအား စနစ်တကျမှန်ကန်လုံလောက်စွာ အသုံးပြုနိုင်ရေး။

၃။ **နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး**

မူးယစ်ဆေးဝါး ပြဿနာကို ကာကွယ်တားဆီးရာတွင် ဘုံပြဿနာအဖြစ် ကိုယ်စီတာဝန်ရှိသည်ဟူသော သဘောတရားကို ခံယူ၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး။

၄။ **သုတေသနလုပ်ငန်းများတိုးမြှင့်ရေး**

မူးယစ်ဆေးဝါးပြဿနာ၏ ပကတိအခြေအနေမှန်ကို သိရှိနိုင်ရန် သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာမှု (Research and Analysis) လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး။

၅။ **လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရေး**

ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများအပါအဝင် အန္တရာယ်ကျရောက်လွယ်သော လူအုပ်စုများအတွက် ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ တရားမျှတမှုအခွင့်အလမ်းနှင့် လူမှုရေးဝန်ဆောင်မှုများ ရရှိစေရန် ဖန်တီးပေးရေး။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့**

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။

# ရခိုင်ပြည်နယ်အတွင်း ဂျပန်နိုင်ငံအစိုးရအထောက်အပံ့ဖြင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများ လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**



ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စုစီမံကိန်း (UEHRD)လုပ်ငန်းစဉ်များတွင်ပါဝင်ဆောင်ရွက်အားဖြည့်နိုင်ရန် ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ခြောက်ဖွဲ့က ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီမံကိန်း(၂)ရပ် လက်မှတ်ရေးထိုးပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E Mr. Tateshi HIGUCHI, UNICEF, WFP, UNFPA, UNDP, UNHCR, UN Woman အဖွဲ့မှ ဌာနေကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ စီမံကိန်းများအလိုက် အထောက်အပံ့များအတွက် ဂျပန်နိုင်ငံအစိုးရအား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ စီမံကိန်းများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းများတွင် မြန်မာနိုင်ငံအစိုးရ ဦးဆောင်မှုဖြင့် UEHRD လုပ်ငန်းစဉ်ပါ ပြန်လည်လက်ခံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးခြင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးများ ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးက ဂျပန်နိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် ဂျပန်ယန်းငွေ ၂ ဒသမ ၂ ဘီလီယံခန့် အကူအညီပေးရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် သဘောတူညီခဲ့ပါကြောင်း၊ UEHRD မှတစ်ဆင့် ဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့ခြောက်ဖွဲ့သို့ ရန်ပုံငွေထောက်ပံ့မည်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Taro Kono အနေဖြင့် ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ပြန်လည်လက်ခံရေးစခန်းများနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်သို့ မျက်မြင် သွားရောက်လေ့လာပြီးနောက် ရခိုင်ပြည်နယ်အတွက် အကူအညီများ ဆက်လက်ပေးအပ်သွားရန် ဂျပန်အစိုးရက ဆုံးဖြတ်ခဲ့ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲ ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ်၏ ကုန်သွယ်ရေးနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် နှိုင်းယှဉ်ပါက နောက်ကျနေသည်ကိုတွေ့ရပါကြောင်း၊ ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှလည်း ကုန်သွယ်မှုတိုးတက်ရေးနှင့် ပြည်ပပို့ကုန် တိုးတက်ရေးတို့အတွက် အလားအလာရှိသော ဒေသထွက်ကုန်ပြပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခြင်းအားဖြင့် ဒေသထွက်ကုန်များအတွက် ဈေးကွက်ပိုမိုရရှိလာပြီး ကုန်ထုတ်လုပ်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် တောင်သူများအနေဖြင့် အသိဉာဏ်ဗဟုသုတများစွာရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆွေးနွေးပွဲတွင် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက ဈေးကွက်ဝင်ပြီး တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံများ၊ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များရယူဖြန့်ဝေခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်အခြေပြု စီးပွားရေးကဏ္ဍနှင့် ရေလုပ်ငန်းကဏ္ဍတို့ကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲနှင့် ဆွေးနွေးပွဲများကို ယနေ့မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲတွင် ဒေသထွက်ကုန်ပြခန်း ၂၀ ခန်း ပြသထားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ ကျောက်မျက်ရတနာရောင်းဝယ်ရေးစင်တာ၌ ပထမအကြိမ် ကျောက်မျက်ပြပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ကချင်ပြည်နယ်ရှိ ပြည်နယ်သူပြည်နယ်သားများအားလုံး အလုပ်အကိုင်ပိုမိုရရှိရေး၊ လူတစ်ဦးချင်းဝင်ငွေကောင်းမွန်လာစေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ ပံ့ပိုးကူညီမှု၊ ကချင်ပြည်နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)၏ ကြီးကြပ်မှုတို့ဖြင့် ကျောက်မျက်ရတနာပြပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ကျောက်မျက်ရတနာအရောင်းအဝယ်ရေးစင်တာ၌ မတ် ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြပွဲတွင် ကျောက်မျက်ရတနာအရောင်းအဝယ်များကို နိုင်ငံခြားသားများအား (Cash Memo) ချိပ်ပိတ်သယ်ဆောင်စနစ်ဖြင့် လည်းကောင်း၊ (စီ/ဒီ)အဆင့် ကျောက်စိမ်းဖြတ်သားများကို (မြန်မာကျပ်ငွေဖြင့်)တင်ဒါစနစ်ဖြင့် လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို အသင်းရုံးတွင် လာရောက်စုံစမ်းနိုင်ပါကြောင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား)မှ သိရသည်။

**သတင်းစဉ်**

# မန်းရွှေစက်တော်ဘုရား၌ ဂိတ်ဝင်ကြေး ကျပ် ၂၅၀၀ ကောက်ခံနေမှုကြောင့် ဘုရားဖူးပုံရိပ်ကို ထိခိုက်နိုင်

**မင်းဘူး(စကု) ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်မှ နှစ်ဆန်း ၁ ရက်နေ့ (ဇန်နဝါရီ ၂၁ ရက်မှ ဧပြီ ၁၇ ရက်ထိ) နှစ်စဉ်ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူမိဘပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မန်းရွှေစက်တော်ဘုရား၌ ဘုရားကြီးအဝင်မောင်းတံဂိတ်မှ ဘုရားဖူးကားများအား ကားရပ်နားခွင့် ကျပ် ၂၅၀၀ ကောက်ခံနေကြောင်း သိရှိရသည်။ ထိုသို့ ကောက်ခံနေမှုအပေါ် လူမှုကွန်ရက်၌ ယနေ့ရက်ပိုင်းပျံ့နှံ့လျက်ရှိသည်။ အဆိုပါ သတင်းနှင့်ပတ်သက်၍ ဘုရားဖူးလာပြည်သူများ၏ သဘောထားအမြင်များကို မေးမြန်းခဲ့ရာတွင် "ဦးတို့က နှစ်တိုင်းဘုရားလာဖူးနေကျပါ၊ အရင်နှစ်တွေတုန်းက လမ်းကြေးတံတားကြေးတွေပေးရတယ်၊ မနှစ်ကစပြီး အဲဒါတွေမရှိတော့လို့ ဝမ်းသာနေတာ၊ ဒီနှစ်လာတော့ ကားရပ်နားခွင့်ဆိုပြီး ကျပ် ၂၅၀၀ တောင်းတာ များလွန်းတယ်၊ သင့်တင့်တဲ့နှုန်းထားတစ်ခုပဲ ဖြစ်သင့်တယ်"ဟု မကွေးမြို့မှ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးတင်မောင်က ပြောသည်။

ပွင့်ဖြူမြို့မှ လုပ်ငန်းရှင်ဦးနိုင်က "ဒီလိုကောက်တာ လုံးဝမဖြစ်သင့်ဘူးလို့ ထင်ပါတယ်၊ ဘုရားအဝင် မောင်းတံဂိတ်က စကောက်လိုက်တော့ ဘုရားဖူးလာပြည်သူတွေ စိတ်အနှောင့်အယှက်ဖြစ်တာပေါ့၊ မကွေးတိုင်းဒေသကြီး အစိုးရနဲ့ ဘုရားကြီးရဲ့ပုံရိပ်တွေလည်း ကျဆင်းတာပေါ့၊ ဒီကိစ္စကို သက်ဆိုင်ရာက အမြန်ဆုံးတာဝန်ယူဖြေရှင်းပေးသင့်ပါတယ်၊ တအားလူစည်တဲ့ ပိတ်ရက်တွေဆိုရင် ကားအစီးရေ ၂၀၀၀ လောက်လာပါတယ်၊ တစ်စီးကို ကျပ် ၂၅၀၀ နဲ့ဆိုရင် ဘုရားပွဲတော်ရက်က သုံးလလောက်ဆိုတော့ စဉ်းစားကြည့်ပါဦး၊ ဘုရားဖူးလာပြည်သူငွေနဲ့ လူတစ်စုကိုလုပ်ကျွေးနေသလို ခံစားရပါတယ်" ဟု ပြောပြသည်။

မန္တလေးမြို့မှ ကားအော်ဒါလိုက်သူ ကိုကျော်နိုင်ထွန်းက "ကျွန်တော်က ဘုရားကိုနှစ်တိုင်း ကားအော်ဒါလိုက်နေကျပါ၊ ဒီနှစ်တော့ ကားရပ်နားခွင့် ကျပ် ၂၅၀၀ ပေးရတော့ သိပ်အဆင်မပြေဘူး၊ ဘယ်တန်ခိုးကြီးဘုရားမှလည်း ဒီလောက်မပေးရဘူး၊ စိတ်အနှောင့်အယှက်တော့ဖြစ်တယ်"ဟု ဆိုသည်။

ဆက်လက်၍ မန်းရွှေစက်တော်ဘုရားဂေါပကဥက္ကဋ္ဌ ဦးသိန်းလှိုင်အား သွားရောက်တွေ့ဆုံခဲ့ရာတွင် ဘုရားကြီးတွင် နှစ်စဉ်ကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းသည့်အနေဖြင့် နဂါးမြီး၏ အနောက်ဘက်ရှိ ဇော်ဂျီကုန်းကားရပ်နားကွင်းနှင့် ငဖဲစောင်းတန်းအနီးရှိ သမုန်းကုန်း ကားရပ်နားကွင်းတို့ကို ဖော်ဆောင်ပေးခဲ့ပါကြောင်း၊ ဘုရားဖူးလာကားများမှာ တည်းကျောင်းဘေးတွင် ရပ်နားသည့်အတွက် ကားကျပ်ခြင်းဖြစ်ကြောင်း၊ ကားကွင်းများတွင် ကားများရပ်နားပါက ရေဘေး၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်ပါကလည်း ယာဉ်အန္တရာယ်များနှင့် ယာဉ်လမ်းပိတ်ဆို့မှုများကိုလည်း ကာကွယ်ရာရောက်ကြောင်း စသည့်ရည်ရွယ်ချက်များဖြင့် ကားကွင်းများဖော်ဆောင်ကာ တင်ဒါခေါ်ယူ၍ ကားကွင်းတစ်ကွင်းလျှင် ကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကားကွင်းနှစ်ကွင်းအတွက် ကျပ်သိန်း ၂၀၀ ဖြင့် လုပ်ငန်းရှင်အား လုပ်ပိုင်ခွင့်ချထားပေးခဲ့ပါကြောင်း၊ ဘုရားဖူးလာကားများကိုလည်း ကားရပ်နားစခန်းရှိသည့် နမ္ဗါဒ(၁)နှင့် နမ္ဗါဒ(၂) အဆင့်မြင့်တည်းခိုဆောင်များမှအပ ကျန်တည်းကျောင်းများတွင် မော်တော်ယာဉ်များကို မထားရဘဲ ကားရပ်နားကွင်းတွင်ထားရန် သတ်မှတ်ထားသော်လည်း ဘုရားဖူးကားများမှာ ကားရပ်နားကွင်းတွင်မနားဘဲ မိမိတည်းခိုရာတည်းကျောင်းနံဘေးတွင်သာ ရပ်နားကြသောကြောင့် ကားကွင်းတွင် ကားများမဝင်၍ ငွေကောက်ခံ၍မရကြောင်း ကားရပ်နားခွင့်လုပ်ငန်း လုပ်ကိုင်ခွင့်ရသူလုပ်ငန်းရှင်က ဂေါပကအဖွဲ့ထံတင်ပြရာ ဂေါပကအဖွဲ့မှ ဒေသအာဏာပိုင် တိုင်းဒေသကြီးအစိုးရထံ သဘောထားတောင်းခံခဲ့ရာ တိုင်းဒေသကြီးအစိုးရက မန်းရွှေစက်တော်ဘုရားကြီးအတွင်း ကားရပ်နားစခန်းလုပ်ငန်းကို အဆင်ပြေချောမွေ့စွာလုပ်ဆောင်နိုင်ရေးအတွက် ဘုရားပွဲအဝင်သင့်တော်သည့်နေရာတွင် မော်တော်ယာဉ်ထိန်းသိမ်းအပ်နှံခအား တစ်ပါတည်းကောက်ခံခြင်းလုပ်ငန်းကို မန်းရွှေစက်တော်ရာ ဂေါပကအဖွဲ့က သတ်မှတ်ပေးထားသောနေရာ၌ ကောက်ခံခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့သဖြင့် ကားထိန်းသိမ်းစောင့်ရှောက်ခ၊ အာမခံအပါအဝင် တစ်စီးလျှင် ကျပ် ၂၅၀၀ နှုန်းကောက်ခံရန် ဂေါပကအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် လေလံအောင်သူက ဘုရားဝင်းအဝင် မောင်းတံဂိတ်တား၍ ကောက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရားကြီး၌ ကားရပ်နားကွင်းလုပ်ဆောင်ခြင်းမှာ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းရာနည်းလမ်းကောင်းဖြစ်ပြီး ဘုရားဖူးလာပြည်သူများအနေဖြင့်လည်း သတ်မှတ်ထားသော ကားရပ်နားကွင်းတွင် ကားရပ်နားသည့်အတွက် ဘုရားပွဲတော်အတွင်း သဘာဝဘေးများဖြစ်ပေါ်ပါက ကားပိတ်ဆို့မှုမရှိသဖြင့် အန္တရာယ်ကင်းနိုင်မည်ဖြစ်သည်။ ဘုရားဂေါပကအဖွဲ့အနေဖြင့်လည်း မန်းရွှေစက်တော် ဘုရားပွဲတော်သည် ရက်ရှည်ဘုရားပွဲတော်ဖြစ်သည်နှင့်အညီ ကားရပ်နားခွင့် ကျပ် ၂၅၀၀ ကောက်ခံနေခြင်းအစား အခြားသင့်လျော်သောစီမံမှုတစ်ခု လုပ်ဆောင်မှသာလျှင် ဘုရားဖူးပုံရိပ်ကို ကျဆင်းနိုင်မှုအား ကာကွယ်ရာရောက်မည်ဟု ဘုရားဖူးလာသူများ၏ အကြံပြုချက်ကို ရေးသားတင်ပြလိုက်ရပါသည်။

**မေသူလွင် (မကွေး-ကိုယ်ပွား)**

## ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၂၅/၂၀၁၈)
၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ(People Life for Development Party)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ Golden View Tower၊ ဦးအောင်မြတ်လမ်းနှင့် (၁၂၃)လမ်းထောင့်၊ ပထမထပ်၊ အမှတ်(၂၃)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ(People Life for Development Party)**အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ(People Life for Development Party)**၏ မှတ်ပုံတင်အမှတ်မှာ (၁၀၇) ဖြစ်ပါသည်။

**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၂၆/၂၀၁၈)
၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(Karen National Democratic Party)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဦးအောင်မြတ်လမ်း၊ အမှတ်(၇)ရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(Karen National Democratic Party)**အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(Karen National Democratic Party)**၏ မှတ်ပုံတင်အမှတ်မှာ (၁၀၈)ဖြစ်ပါသည်။

**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နတ်သမီးရဲ့လက်ဆောင်ဆုနှင့် အိပ်ရာဝင်ပုံပြင်များ




တက္ကသိုလ် မလေးခိုင် စုစည်းဖော်ပြထားသည့် နတ်သမီးရဲ့ လက်ဆောင်ဆုနှင့် အိပ်ရာဝင် ပုံပြင်များစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မွေးမြူရေးခြံထဲက မောင်ရဲရင့်၊ စနိုပီခွေးရုပ်ကလေး၊ ဇူးဇူးလေးရဲ့ စွန့်စားခန်း၊ မုန်လာဥ ချိုချို၊ ရှဉ့်ကလေးနဲ့ မှင်စာကလေး၊ မိုးမိုးနှင့် သူ့အရိပ်၊ စာအုပ်ဖြတ်တတ်သော ကလေးမလေး၊ ဇူးဇူးလေးနှင့် တိုင်ကပ်နာရီ၊ ဖိနပ်ပျောက်ရှာပုံတော်၊ ညီအစ်ကို သုံးယောက်၊ ဝက်ဝံသုံးကောင်၊ ဘုရင်ကြီးရဲ့မုတ်ဆိတ်၊ ဝတ်ရုံတော်၊ ဖိုးကံကောင်းလေး၊ မြင်းနက်ကလေး၊ နတ်သမီးရဲ့လက်ဆောင်ဆုအပါအဝင် ပုံပြင်ပေါင်း ၃၃ ပုဒ်ကို စုစည်းဖော်ပြထားပါသည်။

စာအုပ်ကို တူဒေးစာအုပ်တိုက် အမှတ် H လှိုင်မြင့်မိုရ်ကန်လမ်း ကန်ရိပ်မွန်အိမ်ရာ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၃၈၅၊ ၅၀၇၃၉၁၊ ၅၀၇၃၉၂ နှင့် စာတိုက်သေတ္တာအမှတ်- ၁၁၀၅၁ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင် သင်တန်းဖွင့်

**ဖားဆောင်း ဖေဖော်ဝါရီ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဖားဆောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ခဲမဖြူကျေးရွာရှိ သောသီခိုခန်းမဆောင်၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ဖားဆောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းစိုးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး ခဲမဖြူကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောမူသောက သင်တန်းဖွင့်ပေးခြင်းကြောင့် မိမိကျေးရွာအတွင်းရှိ ဒေသခံများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များစွာရရှိမည်ဖြစ်၍ကျေးဇူးတင်ရှိပါကြောင်းနှင့် သင်တန်းတက်ရောက်မည့် သင်တန်းသားများအနေဖြင့် သင်တန်းကို ပျက်ကွက်မှုမရှိဘဲ သင်တန်းပြီးဆုံးသည်အထိ ကြိုးစားပြီး သင်ကြားစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက်ကာ သင်တန်းကို ၂၅ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသွားပါက သင်တန်းသားများအနေဖြင့် မိမိတတ်ကျွမ်းသောပညာဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၂၇/၂၀၁၈)
၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**ကို မှတ်ပုံတင်အမှတ်(၄၁)ဖြင့် ၁၉-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ်(၉၂/၂၀၁၀)ဖြင့်လည်းကောင်း၊ **ကရင်ဒီမိုကရက်တစ်ပါတီ**ကို မှတ်ပုံတင်အမှတ် (၅၁)ဖြင့် ၁-၂-၂၀၁၂ ရက်စွဲပါ ကြေညာချက်အမှတ် (၉/၂၀၁၂)ဖြင့်လည်းကောင်း၊ **စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**ကို မှတ်ပုံတင်အမှတ် (၈၈)ဖြင့် ၁၇-၆-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ်(၁၈/၂၀၁၅)ဖြင့်လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**၊ **ကရင်ဒီမိုကရက်တစ်ပါတီ**နှင့် **စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**တို့ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ်ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(Karen National Democratic Party)**အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလိုစိစစ်ပြီး **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(Karen National Democratic Party)**ကို မှတ်ပုံတင်အမှတ်(၁၀၈)ဖြင့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ ကြေညာချက်အမှတ်(၂၆/၂၀၁၈)ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၂၅ နှင့် ညွှန်ကြားချက်အမှတ် (၁/၂၀၁၃)အရ **ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**၊ **ကရင်ဒီမိုကရက်တစ်ပါတီ**နှင့် **စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းရမည်ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သော ပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(Karen National Democratic Party)**ပိုင်ပစ္စည်းများအဖြစ် စာရင်းပြောင်းလက်ခံရယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**၊ **ကရင်ဒီမိုကရက်တစ်ပါတီ**နှင့် **စည်းလုံးညီညွတ်သောကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**တို့အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာလိုက်သည်။

**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

### ❖ ဂေါ်ရန်ဂျီကျွန်းမှ

ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက ပြောကြားသည်။

လူထုခရီးသွားအခြေပြု ခရီးသွားလုပ်ငန်းဆိုသည်မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အစဉ်အလာတန်ဖိုး၊ အမွေအနှစ်နှင့် သဘာဝအရင်းအမြစ်များအား အကာအကွယ်ပေးခြင်း စသည်တို့ကို ကူညီဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံများ၏ လူနေမှုဘဝ သာယာဝပြောရေးကို အကျိုးပြုနိုင်ပြီး ရပ်ရွာအဆင့်တွင် တည်ထောင်ထားရှိသော ဒေသခံများပိုင်ဆိုင်သော ကိုယ်တိုင်လည်ပတ်၊ စီမံ၊ ဆွေးနွေးပါဝင်နိုင်သည့် ခရီးသွားလုပ်ငန်းကို ဆိုလိုခြင်းဖြစ်သည်။

ငရုတ်ကောင်းဒေသသည် ကျယ်ပြန့်သောပင်လယ်၊ ကမ်းခြေများ၊ ကျောက်ခက်ကျောက်စိုင်များ၊ အရွယ်အစားစုံလင်လှသည့် ကျွန်းစုများဖြင့် သာယာလှသည့် သဘာဝရှုခင်းများ ပြည့်နှက်နေသည့် ဒေသတစ်ခုဖြစ်သည်။ ကျေးရွာအုပ်စုများတွင် မတူညီသည့် သဘာဝအလှတရားများရှိပြီး ခရီးသွားများ သွားရောက်လည်ပတ်သင့်သည့် နေရာများဖြစ်သည်။ ထို့မှမကဘဲ ဒီရေရောက်တောများ၊ ရေတိမ်ဒေသများဖြင့် မတူညီသည့် ဂေဟစနစ်များကို မြင်တွေ့ရသည့်အပြင် ဆင်၊ ငှက်နှင့် မျောက်မျိုးစိတ် မျိုးစုံများလည်း ငရုတ်ကောင်းဒေသတွင် နေထိုင်ကျက်စားလျက်ရှိသည်။

ယခင်က ဂေါ်ရန်ဂျီကျွန်းနှင့် ပတ်ဝန်းကျင်ဧရိယာများသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငရုတ်ကောင်းဒေသ၏ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်ခဲ့သော်လည်း ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စီစဉ်မှုကို ဒေသခံများက ဆန့်ကျင်ခဲ့ခြင်းကြောင့် ငရုတ်ကောင်းဒေသသည် လူသိများလာခဲ့သည်။ ထို့မှမက လူမှုကွန်ရက်စာမျက်နှာများတွင်လည်း ဂေါ်ရန်ဂျီကျွန်းဝန်းကျင် သဘာဝအလှဓာတ်ပုံများကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များစွာ သွားရောက်လည်ပတ်ခဲ့ကြပြီး သုံးနှစ်အတွင်း ခရီးသွားဧည့်သည် ၂၀၀၀၀ ကျော် သွားရောက်လည်ပတ်ခဲ့ပြီး ဖြစ်သည်ဟု သိရသည်။

“ဒီမှာက အများအားဖြင့် ရေလုပ်ငန်းလုပ်ကြတဲ့သူတွေများတယ်၊ အခုဆို ရေသယံဇာတလည်း ရှားလာပြီဆိုတော့ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး ဝင်ငွေရအောင် လုပ်ကြရတာပေါ့၊ အဓိက ကျွန်တော်တို့ ရည်ရွယ်လိုက်တာက သဘာဝပတ်ဝန်းကျင်မပျက် ကိုယ့်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ပါ၊ ပြီးရင် ကိုယ့်ဒေသခံတွေလည်း အခြေမပြတ်ဖို့ အဲဒါကိုပဲ ရည်ရွယ်တာပါ၊ ပြီးတော့ ခရီးသွားလုပ်ငန်းကိုပဲ မှီခိုပြီးနေရတဲ့ ပုံစံလည်း မဖြစ်စေချင်ဘူး၊ အမြတ်အစွန်းကိုလည်း တအားကြီး မရည်ရွယ်ဘူး၊ နည်းနည်းပဲလာလာ လာပါစေ၊ လာတဲ့သူတွေကတော့ သဘာဝကို ချစ်မြတ်နိုးတဲ့သူတွေပဲ ဖြစ်စေချင်တယ်”ဟု သစ်ရောင်းမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

ငရုတ်ကောင်းဒေသသည် လူမှုအခြေပြု ခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်ရခြင်းမှာ ဒေသမြေယာပိုင်ဆိုင်မှုများသည် ပိုင်ရှင်မဲ့၊ ဘိုးဘွားပိုင်၊ မြေလွတ်၊ မြေလတ်၊ လယ်မြေ၊ ဥယျာဉ်ခြံမြေများ စသည်ဖြင့် ပုံစံအမျိုးမျိုး တည်ရှိနေခြင်းကြောင့်ဖြစ်သည်။ ဒေသခံများ၏ လယ်ယာများအားလုံးနီးပါးသည် နိုင်ငံတော်မှ လယ်ယာစိုက်ပျိုးရန် တရားဝင်ခွင့်ပြုချက် ပုံစံ ၇ ရရှိပြီး ဖြစ်သော်လည်း တစ်ဝက်ခန့်ကသာ ပုံစံ ၁၀၅ ကို ရရှိထားသည်။

ယင်းပြင် ငရုတ်ကောင်းဒေသဖွံ့ဖြိုးတိုးတက်ရန် ပင်လယ်ကမ်းခြေအနီးတစ်ဝိုက်ရှိ မြေနေရာများကို ဟိုတယ်ဇုန်တည်ဆောက်ရန် ဝယ်ယူလိုသူများရှိသော်လည်း မြေယာပိုင်ဆိုင်ခွင့် အခက်အခဲများကြောင့် အရောင်းအဝယ်ပြုလုပ်၍ မရနိုင်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် အလွတ်သဘောရောင်းဝယ်မှုများကို ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ ယင်းကြောင့် ငရုတ်ကောင်းဒေသသည် ငွေဆောင်၊ ချောင်းသာကမ်းခြေတို့ကဲ့သို့ အဆင့်မြင့်တည်းခိုဆောင်များ တည်ဆောက်ခွင့်မရှိဘဲ လူထုအခြေပြုခရီးသွားလုပ်ငန်းကိုသာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

“CBT ဆိုတဲ့အတွက် အဆောက်အအုံတွေဟာ ရပ်ရွာပိုင် ဖြစ်ရမယ်ပေါ့၊ ဒါကို အားလုံးက သဘောတူပါဝင်လာပြီဆိုရင် တည်းခိုနားနေရာတွေ တည်ဆောက်မယ်၊ ဝန်ထမ်းတွေကို သင်တန်းပေးမယ်၊ သောက်ရေသုံးရေရရှိမှု အဆင်သင့်ဖြစ်/မဖြစ်၊ သန့်ရှင်းမှုရှိ/မရှိ ဒါတွေကို စစ်ဆေးမယ်၊ ပြကွင်းပြကွက်တွေ ဖန်တီးမယ်၊ ဒါတွေကို ကျွန်တော်တို့ ပြင်ဆင်ပြီးသွားပြီဆိုရင်တော့ တရားဝင် မြန်မာနိုင်ငံရဲ့ လူထုအခြေပြု ခရီးသွားဒေသတစ်ခုအဖြစ် ဝန်ကြီးဌာနက သတ်မှတ်ပါလိမ့်မယ်၊ သတ်မှတ်ပြီးတဲ့နောက်မှာ ပံ့ပိုးမှုတွေ တောက်လျှောက်လာပါလိမ့်မယ်”ဟု ဒုတိယညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

ငရုတ်ကောင်းမြို့သို့ ရန်ကုန်မြို့မှ ကားဖြင့် တိုက်ရိုက်သွားနိုင်ပြီး ဂေါ်ရန်ဂျီကျွန်းရှိရာသို့ ယင်းမှ စက်လှေဖြင့် ငါးမိနစ်ခန့်သာ သွားရသည်။ ချောင်းသာ၊ ငွေဆောင်ကမ်းခြေများမှတစ်ဆင့် လာရောက်လိုပါက ဘုတ်များဖြင့်သော်လည်းကောင်း၊ ကမ်းခြေလမ်းတစ်လျှောက် ရွာလမ်းများမှတစ်ဆင့် ဆိုင်ကယ်စီး၍သော်လည်းကောင်း၊ စက်ဘီးစီး၍သော်လည်းကောင်း သွားရောက်လည်ပတ်နိုင်သည့်အပြင် ငွေဆောင်မှ ဂေါ်ရန်ဂျီသို့ ခြေကျင်ခရီးကြမ်း နှစ်သက်သူများအတွက် ခြေကျင်ခရီးလည်ပတ်နိုင်သည်။

**သတင်း- ခင်ဇာလီ၊ ဓာတ်ပုံ- စောသိန်းဝင်း**

## ဥတုရာသီ တောကိုမှီ၏



# မောင်တောမြို့နယ် ဂေါ်ဒူသာရကမ်းခြေ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦး အပါအဝင် လူငါးဦးအား လုပ်သေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ဂေါ်ဒူသာရကမ်းခြေ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်မည့် ဟူဆောင်းအာမက်၊ အာလီဟူဆိန်းတို့နှစ်ဦးနှင့် ၎င်းတို့ထံ ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦး၊ မောင်တောမြို့နယ် မြို့မကညင်တန်းရပ်ကွက်နေ ဆော်ယူဆလန်တို့အား လုပ်သေနတ် တစ်လက်၊ ၁၂ ဗို့ကျည် တစ်တောင့်၊ ငွေကျပ် ၁၂၈၀၀၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး တာကာငွေ ၁၀၅၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရှေးဦးစစ်ကြောချက်များအရ လုပ်သေနတ်၊ ဆက်စပ်ပစ္စည်းနှင့် ငွေများမှာ ဆော်ယူဆလန်၏ ပစ္စည်းများဖြစ်ကြောင်း စုံစမ်းသိရှိရပြီး ဖမ်းဆီး ရမိသူငါးဦးအား ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်ဆက်နွယ်မှု၊ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသည့်ရည်ရွယ်ချက်တို့ကို သိရှိနိုင်ရန် အသေးစိတ် ထပ်မံစစ်ကြောလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာအနီး တောစပ်တွင် အီနာဂါပုံးသီး ၁၁ လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**မိုးကောင်း ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာအရှေ့ဘက် တောလမ်းဘေးတွင် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီခွဲက ပီနံအိတ်နှင့် ထည့်ထားသည့် အီနာဂါပုံးသီး၊ အဝေးထိန်းရီမုတ်၊ မိုင်းဖြတ်စက်(ဂျန်ဘာ)နှင့် မိုင်းထောင်ရာတွင် အသုံးပြုသည့် ဆားကစ်တို့ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာ ဌာနေပြည်သူ့စစ်အဖွဲ့မှ ဦးမောင်အုန်းဦးဆောင်သော ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များသည် နယ်မြေခံတပ်သို့ ပြည်သူ့စစ်အင်အားဖြည့်တင်းရန်သွားရောက်စဉ် ဆားမော်ကျေးရွာအရှေ့ဘက် တောလမ်းဘေး၌ ပီနံအိတ်အတွင်းထည့်ထားသည့် အီနာဂါပုံးသီး ၁၁ လုံး၊ အဝေးထိန်းရီမုတ် နှစ်ခု၊ မိုင်းဖြတ်စက်(ဂျန်ဘာ)တစ်ခု၊ မိုင်းထောင်ရာတွင်အသုံးပြုသည့် ဆားကစ်တစ်ခုတို့အား တွေ့ရှိခဲ့၍ ဆားမော်နယ်မြေခံတပ်ရင်းသို့ အပ်နှံခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# တရားမဝင်သစ်များ ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးမြို့နှင့် မူဆယ်မြို့တို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်စဉ် ကိုယ်ပိုင်ယာဉ်ငယ်များပေါ် သို့ဝှက်သယ်ဆောင်လာသည့် သစ်များအား ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်က မူဆယ်သို့ သွားရောက်မည့် Toyota Alphard ယာဉ် တစ်စီးနှင့် မိုင်တိုင်အမှတ် ၁၉၅ မိုင် ၆ ဖာလုံ ကောင်းဆာကျေးရွာအနီးတွင် MarkII BLIT ယာဉ်တစ်စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် စောင်စများဖြင့် ဖုံးအုပ်၍ တရားမဝင် သယ်ဆောင်လာသော ပိတောက်ခါးရွေ ၆၉ တုံး၊ ၁ ဒသမ ၆၁၁၈ တန်နှင့် ပစ္စည်းသယ်ဆောင်လာ သည့်ယာဉ် နှစ်စီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ ဒသမ ၃၃၅ သန်းအား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တရားမဝင်ကုန်သွယ်မှုများအား တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၇၄၃ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၁၉၇ သန်း) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၉၄ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၄၆ စီး၊ သွင်းကုန် ၄၉၈ စီး၊ ရန်ကုန်-မြဝတီလမ်းတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၀၊ သွင်းကုန် ၁၈၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။ **ဝဝ၁**

# လူ ၅၂ ဦးကို တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နိုင်ရေး ဦးဆောင်ခေါ်လာသူနှစ်ဦးအား အရေးယူ

**မန္တလေး ဖေဖော်ဝါရီ ၂၂**



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများမှ အမျိုးသား အမျိုးသမီး ၅၀ ကျော်ကို တရုတ်နိုင်ငံရှိ စက်ရုံတစ်ခုတွင် အလုပ်လုပ်ကိုင်ရန် ဦးဆောင်ခေါ်လာသည့် ရွာသားနှစ်ဦးကို ဖေဖော်ဝါရီ ၂၁ ရက်ညပိုင်းက အုန်းချောကျေးရွာရှိ ၁၆ မိုင်စစ်ဆေးရေးဂိတ်တွင် တားဆီးကာ အမှုဖွင့်အရေးယူထားကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းအကူဌာနစုမှ ရဲအုပ်အောင်ဆွေလင်းဦးစီးအဖွဲ့ဝင်များ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့ဝင်များက မြင်းခြံမြို့နယ်မှ အမျိုးသား၊ အမျိုးသမီး ၅၂ ဦးအား ကြယ်တံခွန်မှန်လုံယာဉ်လိုင်းစင်းလုံးငှားဖြင့် မြင်းခြံမှမူဆယ်သို့ ခေါ်လာကြောင်း သတင်းအရ အုန်းချောကျေးရွာရှိ ၁၆ မိုင်စစ်ဆေးရေးဂိတ်တွင်စောင့်ဆိုင်း၍ မှန်လုံယာဉ်နှင့်အတူ အမျိုးသား ၄၄ ဦးနှင့် အမျိုးသမီး ရှစ်ဦးတို့ကို တားဆီးခေါ်ဆောင်ခဲ့သည်။

၎င်းတို့အား စစ်ဆေးခဲ့ရာတွင် တရုတ်နိုင်ငံ ဟွေ့ကျုံးပြည်နယ် တုံကွမ်မြို့ရှိ ပရိဘောဂစက်ရုံတွင် အလုပ်လုပ်ကိုင်နေသော မြင်းခြံမြို့နယ် ကူရွာနေ ကိုကျော်စိုးလင်း အသက်(၃၁)နှစ်နှင့် မကျီးသမျှားကျေးရွာနေ ကိုအောင်လင်း အသက်(၃၈)နှစ်တို့က အဆိုပါစက်ရုံတွင် တစ်လလျှင် လုပ်အားခ ကျပ်ငါးသိန်းရရှိကြောင်း ပြောကြားကာ ကိုကျော်စိုးလင်းက ၂၆ ဦးအား တစ်ဦးလျှင် ခရီးစရိတ်ကျပ် ၅၂၀၀၀၀ နှင့် ကိုအောင်လင်းက ၂၆ ဦးထံမှ တစ်ဦးလျှင် ငွေကျပ် ၅၅၀၀၀၀ ငွေကြေးရယူ ခေါ်ဆောင်လာကြောင်း ပေါ်ပေါက်ခဲ့သည်။

"ခေါ်လာတဲ့သူကလည်း တရုတ်နိုင်ငံမှာ အလုပ်လုပ်နေတယ်၊ အဲဒီမှာဆိုရင် လစာလည်းကောင်းမယ်၊ လိုက်ချင်ရင် လိုက်ခဲ့ကြဆိုပြီးတော့ ပတ်ဝန်းကျင်ရွာက လူတွေကို ခေါ်လာတာ၊ ဝင်ငွေနည်းတဲ့သူတွေ၊ အလုပ်မရှိတဲ့သူတွေက လိုက်မယ်ဆိုပြီး လိုက်လာကြတာ"ဟု မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအကူဌာနစုမှ ရဲအုပ်အောင်ဆွေလင်းက ပြောကြားသည်။

"ဒီအမှုကကျတော့ လူကုန်ကူးမှုနဲ့ စွဲလို့မရဘူး၊ အဲဒါကြောင့် ပြည်ပအလုပ်အကိုင် ရှာဖွေရေးဥပဒေနဲ့ အရေးယူရတာပါ၊ အလုပ်လုပ်ဖို့ခေါ်ခဲ့တဲ့ ၅၂ ဦးကို အုန်းချောရွာအုပ်ချုပ်ရေးမှူး အကူအညီနဲ့ အုန်းချောရွာ ဓမ္မာရုံမှာ စောင့်ရှောက်ပြီးတော့ ပြည်ပသွားပြီးအလုပ်လုပ်ရင် တွေ့ကြုံနိုင်တဲ့အန္တရာယ်တွေကို ပညာပေးခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တရားဝင်လိုင်စင်မရှိဘဲ အလုပ်သမားစုဆောင်းသယ်ဆောင်လာသူ ကိုကျော်စိုးလင်းနှင့် ကိုအောင်လင်းတို့အား ဥပဒေအရ အရေးယူရန် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးမှ ရဲအုပ်မြင့်သိန်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ပြီး ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်းတွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် ဖေဖော်ဝါရီ ၂၂ ရက်က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဖားကန့်လမ်းတွင် ဒီဇယ်ပီပါတင်ဆောင်လာသည့် ၁၂ ဘီး မော်တော်ယာဉ်တစ်စီး တိမ်းမှောက်

**ဖားကန့် ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာအနီး လွှစင်တောင်ကုန်းအဆင်းတွင် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီခန့်က ဒီဇယ်ပီပါတင်ဆောင်လာသည့် ၁၂ ဘီး မော်တော်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ကသာမြို့နယ် အောင်ချမ်းသာကျေးရွာ အောင်မြသန်းကုမ္ပဏီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ယူမာကျေးရွာရှိ အောင်မြသန်းကုမ္ပဏီသို့ ဒီဇယ်ပီပါ ၈၅ လုံး ပို့ဆောင်ရန် ပခုက္ကူမြို့ (၁၁)ရပ်ကွက် (၆)လမ်းနေ ကျော်စိုးလင်း(ခ) မျိုးမင်းနောင် မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်သည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာအနီး လွှစင်တောင်ကုန်း အဆင်းတွင် ဘရိတ်ပေါက်ကာ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကျော်စိုးလင်း(ခ)မျိုးမင်းနောင်အား လုံးခင်းနယ်မြေရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# အမြန်လမ်းတိုးဂိတ်တွင် ပရိဘောက်ယာဉ်အတွင်းမှ ကျွန်းပါကေးများ သိမ်းဆည်းရမိ

**လှည်းကူး ဖေဖော်ဝါရီ ၂၂**

အမြန်လမ်းတိုးဂိတ်၌ ဖေဖော်ဝါရီ ၂၁ ရက် ည ၇ နာရီခွဲက ပရိဘောက်ယာဉ်အား ရပ်တန့်ရှာဖွေစဉ် မောင်းပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ယာဉ်အတွင်းမှ ကျွန်းပါကေးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှည်းကူးသစ်တောဦးစီးဌာနမှ ဦးစီး ဦးစည်သူလင်းနှင့် သစ်တောဝန်ထမ်းများ၊ သယ်န်းကျွန်း၊ မှော်ဘီ၊ အင်းစိန်မြို့နယ်မှ သစ်တောဝန်ထမ်းများ၊ သစ်တောရဲဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် ယာဉ်မောင်း စိုးကို(၃၀)နှစ် ဇဋိလ(၅)လမ်း တောင်ဥက္ကလာပမြို့နယ်နေသူနှင့် ယာဉ်နောက်လိုက် ဇေယျာမင်း(၂၇)နှစ် ဆိပ်ကြီးကျေးရွာ တွံတေးမြို့နယ်နေသူတို့ မောင်းနှင်လာသည့် 7G/---- ပရိဘောက်ယာဉ်အား တွေ့ရှိရသဖြင့် မိုင်တိုင်အမှတ်(ဝ/၇)တိုးဂိတ်တွင် တားဆီးစစ်ဆေးရာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ အမှတ်(၃)လမ်းဆုံအနီးတွင် ရပ်တန့်စစ်ဆေးခဲ့ကြောင်း၊ ယာဉ်အား ဖွင့်ဖောက်စစ်ဆေးစဉ် ကျွန်းပါကေး (အကြမ်းတုံး) ၅၇၅ တုံးကို ဖမ်းဆီးရမိကြောင်း သိရသည်။

တရားမဝင် ကျွန်းပါကေးများတင်ဆောင်လာသည့် ယာဉ်မောင်းစိုးကို၊ ယာဉ်နောက်လိုက် ဇေယျာမင်းနှင့် ယာဉ်ပိုင်ရှင်၊ ပစ္စည်းပိုင်ရှင်တို့အား လှည်းကူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(လှည်းကူး)**

# ကွင်းလယ်လူ အိုဇေးလ်၏ ကိုယ်ခံစွမ်းအားအတွက် စိုးရိမ်မိဟု နည်းပြ အာစင်ဝင်းဂါး ဖွင့်ဟ



အာဆင်နယ်နည်းပြ ဝင်းဂါးက ဖျားနာမှုကြောင့် ယူရိုပါလိဂ်ဖလားပြိုင်ပွဲဝင် အာဆင်နယ်အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ရသည့် ကွင်းလယ်လူ မီဆပ် အိုဇေးလ်၏ ကိုယ်ခံစွမ်းအားအတွက် စိုးရိမ်မိကြောင်း ဖွင့်ဟခဲ့သည်။ ယင်းသို့ ဖျားနာမှုမှာ ၁၄ လအတွင်း လေးကြိမ်မြောက်ဖြစ်သော်လည်း မန်စီးတီးနှင့် ကာရာဘာရိုဖလားဗိုလ်လုပွဲစဉ်တွင် အိုဇေးလ်ပါဝင်နိုင်မည်ဖြစ်ကြောင်း ဝင်းဂါးက အတည်ပြုခဲ့သည်။

ဝင်းဂါးက" လတ်တလောမှာ အိုဇေးလ်ရဲ့ ကိုယ်ခံစွမ်းအားစနစ်ဟာ အနည်းငယ် ပြဿနာရှိနေပြီး ဒါဟာ ဘာကြောင့်လဲဆိုတာတော့ ကျွန်တော် မသိပါဘူး၊ ဆေးပညာအရ ကျွန်တော်တို့ တိုးတက်အောင် စွမ်းဆောင်နိုင်ဖို့ မျှော်လင့်ပါတယ်၊ ကြာသပတေးနေ့မှာ ဆွီဒင်က ပြန်ရောက်လာပြီး သောကြာ၊ စနေမှာ လေ့ကျင့်ရေးတွေ ဆက်လုပ်တယ်။ တနင်္ဂနွေနေ့ကတော့ နားရက်ဖြစ်ပြီး တနင်္လာနေ့ကျတော့ သူမထနိုင်တော့ပါဘူး" ဟုဆိုခဲ့သည်။ အိုဇေးလ်အနေဖြင့် ဗုဒ္ဓဟူးနေ့တွင် လေ့ကျင့်ခန်းပြန်ဆင်းနိုင်ပြီဖြစ်သလို မန်စီးတီးကို ရင်ဆိုင်မည့် ကာရာ ဘာရိုဖလား ဗိုလ်လုပွဲတွင် ဝင်ရောက်ကစားရန် သေချာကြောင်း ဝင်းဂါးက အတည်ပြုခဲ့သည်။

# ပေါ့ဘာအပေါ် မော်ရင်ဟိုယုံကြည်မှု ပျောက်ဆုံးခဲ့ပြီဟု ပေါလ်စခိုးယူဆ



မန်ယူနည်းပြ မော်ရင်ဟိုအနေဖြင့် ကွင်းလယ်လူ ပေါ့ဘာအပေါ် ထားရှိခဲ့သည့် ယုံကြည်မှုပျောက်ဆုံးခဲ့ပြီဟု ပေါလ်စခိုးက သူ၏ယူဆချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ပေါလ်စခိုးက "မော်ရင်ဟိုက သူ့အပေါ် ယုံကြည်မှုမရှိတော့ပါဘူး၊ ဥရောပပြိုင်ပွဲကြီးရဲ့ အရေးကြီးတဲ့ အဝေးကွင်းပွဲစဉ်မှာ သူ့ကို အသုံးမပြုခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

ပေါ့ဘာက မန်ယူတွင် သူ၏ အကောင်းဆုံးပုံစံပျောက်ဆုံးသွားခြင်းက နည်းပြ မော်ရင်ဟို၏ နေရာချသည့်ပုံစံကြောင့်ဖြစ်သည်ဟု ယူဆပြီး စောဒကတက်ခဲ့ခြင်းမှ အစပြုကာ မော်ရင်ဟိုနှင့်ပေါ့ဘာကြား ပဋိပက္ခကို ဦးတည်စေခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ပေါ့ဘာက နေမကောင်းဟု ဆရာဝန်ထံမှတစ်ဆင့် အကြောင်းကြားခဲ့ရာ ယခုနှစ် နွေဈေးကွက်မှာပင် မန်ယူမှပေါ့ဘာ ထွက်ခွာတော့မည်ဖြစ်ကြောင်း နောက်ဆက်တွဲ သတင်းများကိုပင် ထွက်လာစေခဲ့သည်။

မော်ရင်ဟိုက ပေါ့ဘာကို မန်ယူနှင့် ဆီဗီလာတို့ ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ပွဲထွက်လူစာရင်းမှ ချန်လှပ်ခဲ့ပြီး ဟာရဲရားကိုသာ အသုံးပြုခဲ့သည်။ သို့သော် ဒဏ်ရာရရှိသွားမှသာ လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်ကစားခဲ့ရပြီး ကောင်းမွန်သည့် စွမ်းဆောင်ရည်တစ်ရပ်ကို ပြသနိုင်ခြင်းမရှိခဲ့သည်ကိုတွေ့ရသည်။ ဟာရဲရားမှာ ယခုရရှိခဲ့သည့် ဒဏ်ရာကြောင့် အနည်းဆုံး ရက်သတ္တသုံးပတ်ကြာ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ပေါလ်စခိုးက ပေါ့ဘာအနေဖြင့် မန်ယူနှင့်ဂျူဗင်တပ်တို့ကြား အသင်းလူအင်အားကွာသောကြောင့် နည်းပြက လိုအပ်သည့် နေရာတွင်သာ အသုံးပြုမည်ကို သဘောပေါက်ရမည်ဖြစ်ကြောင်း သတိပေးစကားဆိုခဲ့သည်။

**မေလဲ့သင်း - ရေးသားသည်**

## ပြံုချမ်း ဆောင်းရာသီအိုလံပစ်အားကစားပွဲတော် နိုင်ငံအလိုက် ထိပ်ဆုံး ၁၀ နိုင်ငံ၏ ဆုတံဆိပ်ရရှိမှုအခြေအနေ

(၂၂-၂-၂၀၁၈)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | နော်ဝေ | ၁၃ | ၁၂ | ၁၀ | ၃၅ |
| ၂။ | ဂျာမနီ | ၁၃ | ၇ | ၅ | ၂၅ |
| ၃။ | ကနေဒါ | ၉ | ၇ | ၈ | ၂၄ |
| ၄။ | အမေရိကန် | ၈ | ၇ | ၆ | ၂၁ |
| ၅။ | နယ်သာလန် | ၇ | ၆ | ၄ | ၁၇ |
| ၆။ | ဆွီဒင် | ၅ | ၅ | ၀ | ၁၀ |
| ၇။ | ပြင်သစ် | ၅ | ၄ | ၆ | ၁၅ |
| ၈။ | သြစတြီးယား | ၅ | ၂ | ၆ | ၁၃ |
| ၉။ | တောင်ကိုရီးယား | ၄ | ၄ | ၃ | ၁၁ |
| ၁၀။ | ဆွစ်ဇာလန် | ၃ | ၆ | ၂ | ၁၁ |

## MPT MYANMAR NATIONAL LEAGUE 2018 ပွဲစဉ်(၇)

| ရက်စွဲ | အချိန် | အသင်း | ကွင်း | Liveထုတ်လွှင့်မှု |
|---|---|---|---|---|
| ၂၃-၂-၂၀၁၈ | ၃း၃၀ | Yangon United Vs Shan United | YUSC | For Sports |
| ၂၄-၂-၂၀၁၈ | ၃း၃၀ | Rakhine United Vs GFA | ဝေသာလီ | |
| ၂၄-၂-၂၀၁၈ | ၄း၀၀ | Magwe Vs Ayeyawady United | သုဝဏ္ဏ | MRTV,For Sports |
| ၂၅-၂-၂၀၁၈ | ၄း၀၀ | Yadanarbon Vs Zwekapin United | မန္တလာသီရိ | |
| ၂၅-၂-၂၀၁၈ | ၄း၀၀ | Myawady Vs Sagaing United | အောင်ဆန်း | |
| ၂၅-၂-၂၀၁၈ | ၃း၃၀ | Hantharwady United Vs Southern Myanmar | ဂရင်းရှိုင်းရယ် | MRTV,For Sports |

Ref:MFF (ကျော်သူရ)

# ပရီမီယာလိဂ်ကလပ်အသင်းငါးသင်းစလုံး ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်လှမ်းနိုင်ပါ့မလား

အခုနှစ်ဘောလုံးရာသီမှာဆိုရင် အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲကနေ အသင်းငါးသင်းအထိ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တာဖြစ်ပြီး အခု ၁၆ သင်းအဆင့်ထိလည်း အသင်းငါးသင်းစလုံးတက်လှမ်းနိုင်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအသင်းငါးသင်းကတော့ မန်ယူအသင်း၊ မန်စီးတီးအသင်း၊ လီဗာပူးအသင်း၊ ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ဖြစ်ပြီး လက်ရှိ ၁၆ သင်းအဆင့်ပထမအကျော့မှာတော့ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ဟာ ပြိုင်ဘက်အသင်းတွေကို လေးဂိုးနဲ့အထက်သွင်းယူထားကြပါတယ်။

မန်စီးတီးအသင်းဟာ ၁၆ သင်းအဆင့် ပထမအကျော့မှာ ဘေဆယ်အိမ်ကွင်းမှာ ဘေဆယ်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး လီဗာပူးအသင်းကလည်း ပထမအကျော့မှာ ပေါ်တိုအသင်းရဲ့အိမ်ကွင်းမှာ ငါးဂိုးပြတ်ဆိုတဲ့ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။



ဒါပေမယ့် မန်ယူအသင်း၊ ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ကတော့ ပထမအကျော့မှာ သရေရလဒ်တွေသာ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ကြည့်မယ်ဆိုရင် ချယ်လ်ဆီးဟာ ဘာစီလိုနာအသင်းကို အိမ်ကွင်း စတမ်းဖို့ဘရစ်ချ်မှာတောင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်သာထွက်ပေါ်အောင် ကစားထားနိုင်ခဲ့တာဖြစ်ပြီး မန်ယူအသင်းကတော့ ဆီဗီလာ အိမ်ကွင်းမှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်အောင် ကစားထားနိုင်ခဲ့ပါတယ်။ စပါးအသင်းကတော့ ဂျူဗင်တပ်အသင်းရဲ့အိမ်ကွင်းမှာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ထားခဲ့ပါတယ်။

ပထမအကျော့မှာ သရေရလဒ်ထွက်ပေါ်ထားတဲ့ ပရီမီယာလိဂ်အသင်းသုံးသင်းထဲမှာ မန်ယူအသင်းနဲ့ စပါးအသင်းတို့ဟာ အဝေးကွင်းမှာ သရေရလဒ်ထွက်ပေါ်အောင် ကစားထားတာဖြစ် ပြီး ချယ်လ်ဆီးအသင်းကတော့ အိမ်ကွင်းမှာ ဘာစီလိုနာကို သရေရလဒ်ထွက်ပေါ်အောင်ကစားထားတယ်ဆိုပေမယ့် ဘာစီလိုနာအသင်းရဲ့ အိမ်ကွင်းနူးကမ့်ကို သွားရောက်ယှဉ်ပြိုင်ကစားရမယ့် ဒုတိယ အကျော့မှာ အကောင်းဆုံးကျော်ဖြတ်သွားနိုင်မလားဆိုတာကလည်း စိတ်ဝင်စားစရာပါ။

မန်ယူအသင်းကတော့ ဒုတိယအကျော့မှာ အိုးထရက်ဖို့ဒ်ကွင်းမှာ ဆီဗီလာအသင်းကို ဧည့်ခံကစားရမှာဖြစ်လို့ အိမ်ကွင်းအားသာချက်ရှိတဲ့အသင်းဖြစ်ပြီး အဝေးဂိုးတော့ရရှိထားခြင်းမရှိသေးတာဟာ မန်ယူအသင်း နောက်တစ်ဆင့် တက်လှမ်းဖို့အတွက် အားနည်းချက်တစ်ခုဖြစ်သွားလေမလားဆိုတာကတော့ တွက်ဆစရာဖြစ်ပါတယ်။ သရေရလဒ် ထွက်ပေါ်ထားတဲ့အသင်းသုံးသင်းထဲမှာ စပါးအသင်းကတော့ အခြေအနေကောင်းတယ်လို့ ဆိုရမှာပါ။



ဘာကြောင့်လဲဆိုရင် ဂျူဗင်တပ်အသင်းရဲ့အိမ်ကွင်းမှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ထားပြီး ၁၆ သင်းအဆင့်ကို မတက်လာခင်ကတည်းက စပါးအသင်းရဲ့ ချန်ပီယံလိဂ်ခြေစွမ်းက အားရစရာ ဖြစ်နေလို့ပါပဲ။ ဒါကြောင့် ဒုတိယအကျော့မှာ စပါးအသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပရမှာဖြစ်သလို အဝေးကွင်းမှာတောင် အကောင်းဆုံးခြေစွမ်းရရှိခဲ့တာကြောင့် အိမ်ကွင်းအားသာချက်နဲ့ အဝေးဂိုးနှစ်ဂိုးရရှိထားခြင်းတို့ဟာ စပါးအသင်း ချန်ပီယံလိဂ်နောက်တစ်ဆင့် တက်လှမ်းနိုင်ဖို့အတွက် အားသာချက်တစ်ခုဖြစ်လို့နေပါတယ်။

ဒါကြောင့် ချန်ပီယံလိဂ်ဒုတိယအကျော့မှာ အားနည်းချက်တွေပြင်ဆင်ပြီး နိုင်ပွဲရရှိရေးအတွက် အဓိကရုန်းကန်ရမှာကတော့ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းဖြစ်ပြီး မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ကတော့ နောက်တစ်ဆင့် တက်လှမ်းနိုင်မယ့်အခွင့်အရေးတစ်ရပ်ကို ပိုင်ဆိုင်ထားခဲ့ပြီလို့ဆိုရမှာပါ။ ဘာပဲဖြစ်ဖြစ် ဒီနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ထိ ပရီမီယာလိဂ်အသင်းငါးသင်းစလုံးတင်ကျန်နေခဲ့တာကိုက စိတ်ဝင်စားစရာဖြစ်ပြီး အဲဒီအသင်းငါးသင်းစလုံး ကွာတားဖိုင်နယ်အဆင့်အထိ ထပ်မံတက်လှမ်းနိုင်ပါဦးမလားဆိုတာကတော့ ဒုတိယအကျော့ ပွဲစဉ်တွေကို ဆက်လက်စောင့်ကြည့်ရဦးမှာပါ။

**ငွေကြယ် - ရေးသားသည်**

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ဥပဒေ၏ပင်ကိုဥပဓိရုပ် မပျက်မယွင်းပါစေနှင့်



မောင်စာဂ

ဥပဒေ၏ ပင်ကိုဥပဓိရုပ်သည် လွတ်လပ်ခြင်း၊ မျှတခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားကို အခြေခံသည်။ ဖြူစင်သန့်ရှင်းသည်၊ ကြည်လင်တောက်ပသည်၊ သိမ်မွေ့နက်နဲသည်၊ ခက်ထန်မာကျောသည်၊ ဘက်လိုက်မှု ကင်းသည်။ မည်သူ့ကိုမှ မျက်နှာသာမပေးတတ်၊ အမှန်တရားကို ဦးတည်သည်၊ အမှားနှင့်အမှန်တွင် အမှားကိုပယ်၍ အမှန်ကိုယူသည်။ မကောင်းမှုနှင့် ကောင်းမှုတွင် မကောင်းမှုကိုပယ်၍ ကောင်းမှုကိုယူသည်။ မတရားမှုနှင့်တရားမှုတွင် မတရားမှုကိုပယ်၍ တရားမှုကို ယူသည်။ ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ပညာဖြစ်သည်။ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုခြင်းသည် မြင့်မြတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သည်။

သို့ဖြစ်လင့်ကစား ဥပဒေ၏ ပင်ကိုဥပဓိရုပ်ကို အလေးဂရုမပြုကြဘဲ ကိုယ့်စိတ်ကြိုက် အရောင်ဆိုးလိုက်ကြသည့်အခါ၊ ဖျက်လိုဖျက်ဆီးပြုကြသည့်အခါ ဥပဒေ၏ပင်ကိုဥပဓိရုပ် အသွင်သဏ္ဍာန်သည် ပျက်ယွင်းရတော့သည်။ သို့ဖြစ်ရာ မည်သို့သောပြုမူဆောင်ရွက်ချက်များသည် ဥပဒေ၏ ပင်ကိုဥပဓိရုပ်ကို ဖျက်လိုဖျက်ဆီးပြုရာရောက်သနည်း။ မည်သို့ ပျက်ယွင်းရသနည်း။ ဆင်ခြင်စောကြောမိသည်။ မျှဝေပါရစေ။

## ပျက်ယွင်းရခြင်းအကြောင်း

ဥပဒေ၏ ပင်ကိုဥပဓိရုပ် မည်သည့်အကြောင်းအချက်များကြောင့် ပျက်ယွင်းရသနည်း ဆန်းစစ်ကြည့်သော် အခြေခံအားဖြင့် အကြောင်းအချက်များစွာ ရှိနိုင်သည်။ သို့ရာတွင် အဓိကအချက်ကို ခြုံ၍ပြောရလျှင် ဤသို့သော အမျိုးအစားလေးမျိုးကို တွေ့ရှိနိုင်သည်-

(က) ဖိနှိပ်ရေး ကိရိယာတစ်ခုအဖြစ် အသုံးပြုခြင်း၊
(ခ) ထိန်းချုပ်ရေး ကိရိယာတစ်ခုအဖြစ် အသုံးပြုခြင်း၊
(ဂ) အသုံးချခံ ကိရိယာတစ်ခုအဖြစ် အသုံးပြုခြင်း၊
(ဃ) ရောင်းဝယ်ရေးကိရိယာတစ်ခုအဖြစ် အသုံးပြုခြင်း။

ဤသည်တို့မှာ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် လူ့ဘောင်အဖွဲ့အစည်းအသီးသီးတို့၏ သမိုင်းကြောင်း ဖြစ်စဉ်အရ တွေ့ရကြုံရတတ်သည်။ မည်သည့်နိုင်ငံ၊ မည်သည့် လူ့ဘောင်အဖွဲ့အစည်းတွင်မဆို ယင်းအမျိုးအစားလေးမျိုး အနက် တစ်ခုမဟုတ်တစ်ခုဆိုသလို အနည်းနှင့်အများ ရှိနေတတ်ကြသည်။

## ဖိနှိပ်ရေးကိရိယာတစ်ခုအဖြစ် အသုံးပြုခြင်း

ဥပဒေကို လူတစ်စု လူတစ်ဖွဲ့ကသာ ရေးဆွဲမည်။ ပြည်သူပြည်သားများ၏ သဘောဆန္ဒကို အလေးထားခြင်းမရှိ၊ ရယူခြင်းမရှိ၊ ယင်းတို့၏ လုပ်ပိုင်ခွင့်အခွင့်အာဏာများ တည်မြဲရေး၊ ယင်းတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရေး၊ လူတစ်စု၊ လူတစ်ဖွဲ့၏ အကျိုးစီးပွားကိုသာ ဖြစ်ထွန်းရေး၊ ပြည်သူပြည်သားတို့၏ လွတ်လပ်စွာရေးသားပြောဆို လုပ်ကိုင်စားသောက်နေထိုင်မှုတို့ကို ချုပ်ချယ်ကန့်သတ်ရေး၊ ဖီလာဆန့်ကျင်ပြုမူလာသူများအား လွယ်လွင့်တကူ ဖမ်းဆီးအရေးယူကာ အပြစ်ပေးနိုင်ရေး စသည်စသည်ကဲ့သို့ ဥပဒေပြဋ္ဌာန်းခြင်းများ ဖြစ်ထွန်းပေါ်ပေါက်နေလျှင် ဥပဒေ၏ ပင်ကိုဥပဓိရုပ် ဖျက်ဆီးခံရ၍ ပျက်ယွင်းရတော့သည်။ ဥပဒေကို လူတန်းစားတစ်ရပ်က လူတန်းစားတစ်ရပ်ကို ဖိနှိပ်သည့် ကိရိယာတစ်ခုသဖွယ် အသုံးပြုခြင်းပင်ဖြစ်သည်။

## ထိန်းချုပ်ရေးကိရိယာတစ်ခုအဖြစ် အသုံးပြုခြင်း

ဥပဒေဟူသည် ပြဋ္ဌာန်းပြီးပါက အချိန်အခါနှင့်အခြေအနေအရ အများပြည်သူအကျိုးအတွက် လိုအပ်လျှင် ပြင်ဆင်နိုင်ရမည်၊ ဖြည့်စွက်နိုင်ရမည်၊ ပယ်ဖျက်နိုင်ရမည်။ ဥပဒေအသစ်တစ်ခုပြဋ္ဌာန်းရန် လိုအပ်မည်ဆိုကလည်း အသစ်ပြဋ္ဌာန်းနိုင်ရမည်။ အမြဲထာဝရ မှန်ကန်နေရမည်၊ ပြင်ရန်မလို၊ ပယ်ဖျက်ရန်မလိုဟူသော တရားသေ အယူအဆ သဘောတရားများနှင့် ဥပဒေကို ပြဋ္ဌာန်းပေးရန်မသင့်။ ဥပဒေတစ်ခုပြဋ္ဌာန်းပြီးလျှင် ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ပြဋ္ဌာန်းရန် အလွယ်တကူ မပြုလုပ်မဆောင်ရွက်နိုင်အောင် ခက်ခဲသည့် ပြဋ္ဌာန်းခြင်းမျိုးလည်း မပြုလုပ်သင့်။ ထိုကဲ့သို့သောဥပဒေပြဋ္ဌာန်းခြင်းများ ဖြစ်ထွန်းပေါ်ပေါက်နေလျှင် ဥပဒေ၏ ပင်ကို ဥပဓိရုပ်ဖျက်ဆီးခံရ၍ ပျက်ယွင်းရတော့သည်။ ထိုနည်းတူ အခြေအနေ အချိန်အခါအရ ပြည်သူတို့အတွက် အကျိုးမပြုတော့သော၊ ဝန်ထုပ်ဝန်ပိုးဖြစ်လာရသော ဥပဒေတစ်ခုကို ပြင်ဆင်သင့်ပါလျက် မပြင်ဆင်လျှင်၊ ပယ်ဖျက်သင့်ပါလျက် မပယ်ဖျက်လျှင် ထိုဥပဒေ၏ ပင်ကိုဥပဓိရုပ် ပျက်ယွင်း ရတော့သည်။ ဤသည်တို့မှာ ဥပဒေကို လူတန်းစားတစ်ရပ်က လူတန်းစားတစ်ရပ်ကို ထိန်းချုပ်သည့် ကိရိယာတစ်ခုသဖွယ် အသုံးပြုခြင်းပင် ဖြစ်သည်။

## အသုံးချခံကိရိယာတစ်ခုအဖြစ် အသုံးပြုခြင်း

ဥပဒေဟူသည် ထိုနိုင်ငံ၊ ထိုလူ့ဘောင်အဖွဲ့အစည်း၏ လုံခြုံရေး၊ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာချမ်းမြေ့ရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားရေးတို့အတွက် လူတိုင်းလေးစားလိုက်နာအပ်သည့် စံနှုန်းများဖြစ်သည်။ ထိုနိုင်ငံ၊ ထိုလူ့ဘောင်အဖွဲ့အစည်းတွင် နေထိုင်လျက်ရှိကြသော နိုင်ငံသူနိုင်ငံသားများ၊ ပြည်သူပြည်သားများအတွက် ကောင်းကျိုးချမ်းသာများကို ဦးတည်၍ပြဋ္ဌာန်းခြင်းပင်ဖြစ်သည်။ ဤသို့ဆိုလျှင် ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရသူများသည် မိမိတို့၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ ဥပဒေပါပြဋ္ဌာန်းချက်များကို ပြည်သူတို့အတွက် အသုံးတည့်အောင်၊ အသုံးကျအောင် စီမံဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ မှန်ကန်သော၊ ကောင်းမွန်သော၊ တရားသော၊ မျှတသောဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များကို စီမံဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူနှင့် နိုင်ငံတော်အတွက် အကျိုးရှိသော၊ အသုံးကျသော ဥပဒေများဖြစ်သည်ကို ဧကန်စင်စစ် တွေ့မြင်ကြရမည်ဖြစ်သည်။

ဤသို့မဟုတ်ဘဲ မိမိတို့၏ အတ္တ၊ ကိုယ်ကျိုးစီးပွားကို ဦးစားပေးရှေ့တန်းတင်ကာ မကောင်းမွန်သော၊ မမှန်ကန်သော၊ မတရားသော၊ မမျှတသော၊ ဆောင်ရွက်ချက် ဆုံးဖြတ်ချက်များကို ပြုလုပ် ကြမည်ဆိုလျှင် ဥပဒေသည် ပြည်သူနှင့်နိုင်ငံတော်အတွက် အကျိုးမရှိ၊ အသုံးမတည့်သော ဥပဒေများအဖြစ်ရောက်ရှိပြီး ဥပဒေ၏ပင်ကိုဥပဓိရုပ် မှေးမှိန်ပျောက်ကွယ်သွားရတော့သည်။ ဥပဒေသည် ပြည်သူတို့အတွက် အကျိုးရှိသော၊ အသုံးကျသော ဥပဒေအဖြစ်မှ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နေကြသူများ၏ အသုံးချခံကိရိယာတစ်ခုအဖြစ် ရောက်ရှိသွားရတော့သည်။

ထိုနည်းတူစွာပင် ဥပဒေကိုတတ်ကျွမ်းသိရှိနားလည်သူများက မသိနားမလည်သူများအပေါ် ဥပဒေကို အသုံးပြု၍ လိမ်ညာလှည့်ဖြားခြင်း၊ ဖြားယောင်း သွေးဆောင်ခြင်း၊ စည်းရုံးသိမ်းသွင်းခြင်း၊ ခြောက်လှန့်ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်းစသည့် တစ်နည်းနည်းဖြင့် အမြတ်ထုတ်ခြင်းများ ပြုလုပ်တတ်ကြသည်ဖြစ်ရာ ပြည်သူတို့အတွက် အသုံးတည့်သော၊ အသုံးကျသော ဥပဒေသည် ဥပဒေကို တတ်ကျွမ်းသိရှိနားလည်သူများ၏ အသုံးချခံ ကိရိယာတစ်ခုအဖြစ် ရောက်ရှိသွားတတ်သည်။ ဤနည်းဖြင့် ဥပဒေကို ဖျက်ဆီးခံရပြီး ဥပဒေ၏ ပင်ကိုဥပဓိရုပ်အသွင်သဏ္ဍာန် ပျက်ယွင်းရတော့သည်။

## ရောင်းဝယ်ရေးကိရိယာတစ်ခုအဖြစ် အသုံးပြုခြင်း

အောက်ဖော်ပြပါ ဆိုရိုးစကားများကို မှတ်သားထားခဲ့သည်-

- စစ်ပွဲများသည် ခဲယမ်း၊ မီးကျောက်များအကြောင်းကြောင့်မဟုတ် ( War is not about weapons)
- သံစဉ်တေးသွားများသည် တေးဂီတဆိုင်ရာ တူရိယာများအကြောင်းကြောင့် မဟုတ် (Symphonies are not about musical instruments )
- ဥပဒေကျင့်သုံးမှုသည် ရောင်းဝယ်မှုကိရိယာတစ်ခုမဟုတ် ( Law practice is not about the tools of the trade )

ဤဆိုရိုးစကားများကို အမြဲထာဝရ မှတ်သားနာယူသင့်ကြသည်။ နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည့် လုပ်ပိုင်ခွင့်ရှိသူ၊ တာဝန်ရှိသူများသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြသည်။ ပြည်သူတို့ထမ်းဆောင်ထားသည့် အခွန်ငွေများပါဝင်သော နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ နိုင်ငံတော်လစာငွေများကို ခံစားနေကြရသူများဖြစ်သည်။ ကဏ္ဍအလိုက် ပြဋ္ဌာန်းဥပဒေများနှင့်အညီ ပြည်သူတို့၏ လိုအပ်ချက်များကို ဝန်ဆောင်မှုပေးနေကြရသည်။ ပြည်သူတို့ထံမှ ငွေကြေးဥစ္စာပစ္စည်း စသည့် အဖိုးစားနား တစ်စုံတစ်ရာရမှ ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ပေးမည်။ မရလျှင် လုပ်မပေးကြဘူးလို့ဆိုလျှင် ဥပဒေကို ကုန်ကူးသန်း ရောင်းဝယ်မှုတွင် အသုံးပြုသော ရောင်းဝယ်ရေး ကိရိယာတစ်ခုအဖြစ် အသုံးချခြင်းပင်ဖြစ်သည်။ အမှန်စင်စစ် ဥပဒေသည် ရောင်းကုန်ပစ္စည်းမဟုတ်ပါ။

ထိုနည်းတူ တရားစီရင်ရေးကဏ္ဍ၊ တရားစွဲဆိုရေးအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ကြသော လုပ်ပိုင်ခွင့်ရှိသူ တာဝန်ရှိနိုင်ငံ့ဝန်ထမ်းများကလည်း မိမိလုပ်ငန်းများကို လုပ်ဆောင်ကြရာ၌ ငွေကြေး၊ ပစ္စည်းဥစ္စာ အဖိုးစားနား တစ်စုံတစ်ရာရမှ လုပ်မည်ကိုင်မည်။ မရလျှင် မလုပ်မကိုင်မဆောင်ရွက်ဘဲနေမည်။ ငွေကြေး၊ ပစ္စည်းဥစ္စာ အဖိုးစားနားပေးသူတို့၏ အလိုကျဆောင်ရွက်မည်၊ ဆုံးဖြတ်မည်၊ စီရင်ချက်ချမည်ဆိုပါက ဥပဒေကို ရောင်းဝယ်မှုကိရိယာတစ်ခုအဖြစ် အသုံးချခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် ဥပဒေ၏ပင်ကိုဥပဓိရုပ် ဖျက်ဆီးခြင်းခံရ၍ ပျက်ယွင်းရတော့သည်။

## ဥပဒေ၏ပင်ကိုဥပဓိရုပ် ပျက်ယွင်းခြင်း၏ အကျိုးဆက်များ

ဥပဒေ၏ပင်ကိုဥပဓိရုပ် ဖျက်ဆီးခံရ၍ ပျက်ယွင်းသောအခါ ထိုနိုင်ငံ၊ ထိုလူဘောင်အဖွဲ့အစည်း အတွင်းတွင် တရားဥပဒေစိုးမိုးရေးဟူသည်မရှိ၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားသည်။ အဂတိလိုက်စားမှု ထူပြောသည်။ ကိုယ်ကျင့်တရားပျက်ယွင်းသည်။ အကျင့်စာရိတ္တပျက်ပြားသည်။ ဆင်းရဲချမ်းသာကွာဟမှု ရှိသည်။ ပြည်သူတို့၏လွတ်လပ်စွာရေးသားပြောဆို ထုတ်ဖော်ပိုင်ခွင့်များ ပိတ်ပင်ကန့်သတ် တားဆီးခံရသည် အကြောက်တရား၊ အမုန်းတရားများ ဖြစ်ထွန်းနေတတ်သည်၊ ကိုယ်ချင်းစာနာစိတ် ကင်းမဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည်။ စည်းလုံးညီညွတ်မှုကို ထိခိုက်စေသည်။ ကြမ်းတမ်းသော လူ့ဘောင်အဖွဲ့အစည်း၊ အကျည်းတန်အရုပ်ဆိုးသော လူဘောင်အဖွဲ့အစည်းအဖြစ် ရောက်ရှိသွားတတ်သည်။

## ဥပဒေ၏ပင်ကိုဥပဓိရုပ် တည်တံ့ကြံ့ခိုင်ခြင်း၏ အကျိုးဆက်များ

ဥပဒေ၏ပင်ကိုဥပဓိရုပ် တည်တံ့ကြံ့ခိုင်နေသောအခါ ထိုနိုင်ငံ၊ ထိုလူ့ဘောင်အဖွဲ့အစည်း အတွင်းတွင် တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းသည်။ ပြည်သူတွေ စိုးရိမ်ကြောင့်ကြ ဗျာပါဒ ကင်းကြသည်။ ငြိမ်းငြိမ်းချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ရှိကြသည်။ သစ္စာတရားတွေခိုင်ကြ၊ သီလတရားတွေမယိုင်ကြ၊ စေတနာတွေလှိုင်သည်၊ အကြင်နာတွေမြိုင်သည်၊ ကိုယ်ချင်းစာနာတရားတွေ ပိုင်ဆိုင်ကြသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားတွေနိုင်ကြသည်။ ပရမြဲ၍ အတ္တနည်းသည်။ လွတ်လပ်စွာ ရေးသားထုတ်ဖော် ပြောဆို၍ ပျော်ရွှင်ချမ်းမြေ့စွာ လုပ်ကိုင်စားသောက် နေထိုင်ကြရသည်။ အချင်းချင်းရိုင်းပင်းကူညီ၍ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ရှိကြသည်။ ပြည်သူတို့ မည်မျှလောက်ပျော်ရွှင်ချမ်းမြေ့ကြသည်ဆိုလျှင် အစိုးရဆိုသည်ရှိနေမှန်းတောင် မသိဖြစ်နေတတ်သည်။ သာယာလှပသော လူ့ဘောင်အဖွဲ့အစည်း၊ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသောလူ့ဘောင်အဖွဲ့အစည်းအဖြစ် ရှိနေသည်။

အနှစ်ချုပ်အားဖြင့်ဆိုရသော် ဥပဒေ၏ ပင်ကိုဥပဓိရုပ်ကိုပျက်ယွင်းအောင် ဖျက်ဆီးနိုင်ကြသူများသည် သာမန်ပြည်သူများမဟုတ်။ လုပ်ပိုင်ခွင့်ရှိသူ၊ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ကြရသူများ၏ အတ္တ ကိုယ်ကျိုးစီးပွားကိုရှေ့တန်းတင်၍ အဂတိဖြင့် ဆောင်ရွက်လုပ်ကိုင်ကြသောကြောင့်သာဖြစ်သည်။ ဤတွင် တရားဥပဒေစိုးမိုးရေး၊ ဥပဒေ၏ ပင်ကိုဥပဓိရုပ် တည်တံ့ကြံ့ခိုင်နေစေရေးအတွက် အဓိကတာဝန်ရှိသူများမှာ လုပ်ပိုင်ခွင့်ရှိသူ၊ တာဝန်ရှိသူတွေသာဖြစ်ကြောင်း မြင်သာသည်။

ဥပဒေကို လိုက်နာရသူ ပြည်သူများအနေဖြင့် ဥပဒေကို ဖောက်ဖျက်ကျူးလွန်ဆန့်ကျင်ကြသော် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် အရေးယူပြစ်ဒဏ်ခတ်ခြင်းဖြင့် တားဆီးနိုင်သည်။ လုပ်ပိုင်ခွင့်ရှိသူ၊ တာဝန်ရှိသူတွေက ဥပဒေ၏ပင်ကိုဥပဓိရုပ်ကို ပျက်ယွင်းအောင် လုပ်ဆောင်လာကြသည့်အခါ အရေးယူတားဆီးနိုင်ဖို့က ခက်ခဲနေတတ်သည်။ တရားဥပဒေကိုလိုက်နာဖို့၊ တရားဥပဒေစိုးမိုးဖို့ ပြည်သူတွေကိုအသိပညာပေးဖို့ လိုအပ်သည်ဆိုသည်မှာ မှန်ပါ၏။ သို့သော် လုပ်ပိုင်ခွင့်ရှိသူ၊ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ကြသူများအနေဖြင့် ဥပဒေနှင့်အညီလိုက်နာဆောင်ရွက်ခြင်း၊ ဥပဒေ၏ ပင်ကိုဥပဓိရုပ်ပျက်ယွင်းခြင်းမရှိအောင် စောင့်ထိန်းပေးခြင်းတို့အတွက် ဥပဒေအသိ ပညာပေးဖို့ ဥပဒေအသိစိတ်ဓာတ်တွေ၊ ဥပဒေအတွေး အမြင်တွေ ကိန်းအောင်းနေကြဖို့ဆိုသည်က ပို၍ပို၍ အရေးကြီးလှကြောင်း တွေ့မြင်ကြရမည်သာ။

- ဥပဒေ၏ပင်ကိုဥပဓိရုပ် ထာဝရတည်တံ့ကြံ့ခိုင်မှုရှိနေသည့် လူ့ဘောင်အဖွဲ့အစည်းများ တည်ဆောက်နိုင်ကြပါစေ။

- ဥပဒေ၏ ပင်ကိုဥပဓိရုပ် မပျက်ယွင်းရလေအောင် အစဉ်ထာဝရ စောင့်ရှောက်နိုင်ကြပါစေ။ ။

ကြေးမုံ
ဖေဖော်ဝါရီ ၂၃၊ ၂၀၁၈



## ရွှေစက်တော်ဘေးမဲ့တော၌ ၁၀ နှစ်အတွင်း ရွှေသမင်ကောင်ရေနှစ်ဆနီးပါးတိုးပွားလာ

**မင်းဘူး ဖေဖော်ဝါရီ ၂၂**
မြန်မာ့မျိုးစိတ် ရွှေသမင် (Rucervus eldii)အား ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၁၇ ခုနှစ် မတ်လတွင် စာရင်းများကောက်ယူခဲ့ရာ ၁၀ နှစ်တာကာလအတွင်း ရွှေသမင်ကောင်ရေ နှစ်ဆနီးပါး တိုးပွားလာကြောင်း ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ရွှေသမင်ဟာ ကမ္ဘာတစ်ဝန်းမှာ မြန်မာနိုင်ငံမှာပဲ တွေ့ရပြီး ရွှေစက်တော်နဲ့ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့မှာပဲ အများဆုံးတွေ့နိုင်တဲ့ မြန်မာ့မျိုးစိတ်ဖြစ်ပါတယ်၊ နှစ်တစ်နှစ်ရဲ့ မတ်လ နောက်ဆုံးပတ်မှာ ရွှေသမင်စာရင်းတွေ ကောက်ယူပါတယ်၊ ၂၀၁၇ ခုနှစ်မတ်လနောက်ဆုံး ကောက်ယူခဲ့တဲ့စာရင်းအရ သမင်ကောင်ရေစာရင်းတွက်ချက်မှု ၁၄၅၆ ကောင်ဖြစ်ပြီးတော့ ပိုနိုင်၊ လျော့နိုင်တဲ့ အရေအတွက်ပမာဏက ၂၂၄ ကောင်ပါ။ ၂၀၀၈ ခုနှစ်မှာ စာရင်းအရ ရွှေသမင် ၈၀၀ ကျော်ပဲ ရှိခဲ့ပါတယ်"ဟု ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးအုန်းလွင်က ပြောသည်။

၁၀ နှစ်တာအတွင်း ကောက်ယူသော စာရင်းများအရ ၂၀၀၈ ခုနှစ်တွင် ၈၂၆ ကောင်၊ ၂၀၀၉ ခုနှစ်တွင် ၁၀၂၃ ကောင်၊ ၂၀၁၀ ပြည့်နှစ်တွင် ၁၀၅၈ ကောင်၊ ၂၀၁၁ ခုနှစ်တွင် ၁၁၀၃ ကောင်၊ ၂၀၁၂ ခုနှစ်တွင် ၁၀၇၅ ကောင်၊ ၂၀၁၃ ခုနှစ်တွင် ၁၂၁၁ ကောင်၊ ၂၀၁၄ ခုနှစ်တွင် ၁၂၇၁ကောင်၊ ၂၀၁၅ ခုနှစ်တွင် ၁၄၈၃ ကောင်၊ ၂၀၁၆ ခုနှစ်တွင် ၁၅၇၉ ကောင်၊ ၂၀၁၇ ခုနှစ်တွင် ၁၄၅၆ ကောင်တို့ကို ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံး၌ မှတ်တမ်းတင်ထားရှိခဲ့သည်။

"သမင်တွေ အစာရှာတဲ့အချိန် မနက် ၆ နာရီ ဝန်းကျင်လောက်မှာ စာရင်းကောက်တာလုပ်ပါတယ်၊ စာရင်းကောက်အဖွဲ့လေးဖွဲ့နဲ့ တစ်ဖွဲ့ကို လေးဖာလုံခြားပြီး အရှေ့၊ အနောက် မျဉ်းဖြောင့်အတိုင်း စာရင်းကောက်လိုင်း သတ်မှတ်ပါတယ်၊ နှစ်နာရီကြာအောင် လမ်းလျှောက်ပါတယ်၊ သတ်မှတ်လိုင်းကနေ ဒီဂရီဘယ်လောက်မှာ ဘယ်နှကောင်တွေ့တယ်၊ အထီးလား ၊ အမလား၊ အမျိုးအမည်မခွဲခြားနိုင်ဘူးလား၊ ကလေးပါသလား စာရင်းမှတ်တယ်" ဟု တောအုပ်ဝင်းနိုင်က သမင်စာရင်းကောက်ယူမှုပုံစံကို ပြောသည်။

ဝန်ထမ်းအင်အား ၂၂ ဦးခန့်ဖြင့် ၁၀ ရက်ကြာ စာရင်းကောက်ပြီး တွေ့ရှိရသည့်ကောင်ရေ၊ တည်နေရာများကို King`s Method တွက်ချက်မှုပုံစံထဲသို့ ထည့်ကာ ရှိနိုင်သည့် ကောင်ရေစာရင်းကို တွက်ချက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် မတ်လ နောက်ဆုံးပတ်တွင် ရွှေသမင်စာရင်းများ ကောက်ယူသွားရန်ရှိကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

၂၀၁၇ ခုနှစ်တွင် ရွှေသမင်ကောင်ရေ စာရင်းကောက်ယူနေစဉ်အတွင်း သမင်ထောင်သည့် ကွင်းများတွေ့ရ၍ ဖြုတ်ခြင်း၊ သိမ်းဆည်းခြင်းများ လုပ်ဆောင်ခဲ့ရကြောင်း၊ သမင်မုဆိုးများအား သုံးကြိမ်ခန့် အရေးယူနိုင်ခဲ့ပြီး နီးစပ်ရာကျေးရွာများတွင် ပညာပေးခြင်းများ လုပ်ဆောင်နေသဖြင့် သမင်ကွင်းထောင်ဖမ်းဆီးမှုများလည်း ကျဆင်းလာကြောင်း စာရင်းကောက်ယူရေးအဖွဲ့မှ သိရသည်။

**ဖေယျာတု(မကွေး)**

## အစားအသောက်များ၌ ဓာတုဆေးဝါးများရောနှော အသုံးပြုရောင်းချခြင်း ရှိ–မရှိ တိုင်းဒေသကြီး FDA အဖွဲ့ မိုဘိုင်းဓာတ်ခွဲခန်းယာဉ်ဖြင့် ကွင်းဆင်းစစ်ဆေး

**ရေဦး ဖေဖော်ဝါရီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA)၊ ရေဦးမြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ တို့ပူးပေါင်းကာ ရေဦးမြို့မ စည်ပင်ဈေးကြီးတွင် စားသောက်ကုန်များ၌ ဓာတုဆေးဝါးများ ရောနှောအသုံးပြု ရောင်းချနေခြင်း ရှိ-မရှိ မိုဘိုင်းဓာတ်ခွဲခန်းယာဉ်ဖြင့် ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၁ရက်နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ရေဦးမြို့မဈေးကြီးအတွင်း ရောင်းချလျက်ရှိသည့် ဈေးဆိုင်များအနက် ဈေးဆိုင် ၄၇ ဆိုင်မှ စားသောက်ကုန်ပစ္စည်း ၈၆ မျိုးကို နမူနာဝယ်ယူကာ စစ်ဆေးခဲ့ကြသည်။ စစ်ဆေးသည့် စားသောက်ကုန်များမှာ မုန်ညင်းချဉ်၊ ပဲတီချဉ်၊ သရက်ချဉ်၊ ချင်းချဉ်၊ လက်ဖက်ချဉ်၊ မျှစ်ချဉ်၊ ကြက်သွန်ချဉ်၊ ပဲဖတ်-နှမ်းဖတ်ချဉ်စသည့် လက်လုပ်ချဉ်မျိုးစုံနှင့် ဆန်မှုန့်ဖြင့်ပြုလုပ်ထားသည့် မုန့်တီစိမ်း(ဖတ်)တို့ကို မိုဘိုင်းယာဉ်ပေါ်ရှိ Test Kit ဖြင့် ချက်ချင်း စစ်ဆေးခဲ့သည်။

ထို့ပြင် စစ်ဆေးရန်ခက်ခဲသော ပဲငံပြာ၊ စလေဘီ၊ ဆီတို့ဟူး၊ မုန့်လုပ်ရာတွင် အသုံးပြုသည့် တရုတ်စာတန်းပါ ဆိုဒါအမှုန့်၊ သကြား၊ ဓာတုဆေးမှုန့်များ အပါအဝင် နမူနာဝယ်ယူထားသည့် စားသောက်ကုန်ပစ္စည်း ၁၃ မျိုးကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ကာ ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက် (ရေဦး)**

## ပြည်သူများလျှပ်စစ်ဓာတ်အားပြည့်ဝလုံခြုံစွာ သုံးစွဲနိုင်ရန် ဓာတ်အားကြိုးများအသစ်တပ်ဆင်

**မြစ်သား ဖေဖော်ဝါရီ ၂၂**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့မရပ်ကွက်နှင့် ရှမ်းပွဲရပ်ကွက်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝလုံခြုံစိတ်ချစွာ သုံးစွဲနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် MESC ရန်ပုံငွေဖြင့် ဓာတ်ပို့လွှတ်ထားသည့် လျှပ်စစ်ဓာတ်အား ကြိုးအသေးများအား ကြိုးဆိုဒ်အကြီးများဖြင့် အသစ်အစားထိုး ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ လျှပ်စစ်ဓာတ်အားကြိုးအသစ်များ လဲရာတွင် ခရိုင် လျှပ်စစ်မန်နေဂျာ ဦးမင်းမင်း၊ အင်ဂျင်နီယာ ဦးအောင်ကျော်လင်း၊ မြို့နယ်မန်နေဂျာ ဦးတင်မျိုးဝင်းတို့ဦးဆောင်မှုဖြင့် ခရိုင်အတွင်းရှိ လျှပ်စစ်အင်ဂျင်နီယာဝန်ထမ်းများက မြို့မရပ်ကွက်နှင့် ရှမ်းပွဲရပ်ကွက် လေးမျက်နှာ လမ်းတစ်လျှောက်ရှိ ဓာတိုင်များတွင် ယခင် ဓာတ်အားပို့လွှတ်ထားသည့် ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ မြို့မထရန်စဖော်မာအိုးမှ သေးငယ်သည့်ကြိုးများကို ABC 95 mmsq wire များဖြင့် အသစ်အစားထိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သက်မောင် (ကျောက်ဆည်)**

## စက်မှုဇုန်အလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်ကိုင်း ဖေဖေ၀ါရီ ၂၂**
စစ်ကိုင်းမြို့စက်မှုဇုန်ရှိ အလုပ်သမားများနှင့် တခြားစက်ရုံအလုပ်သမားများကို ခြောက်ကြိမ်မြောက် စစ်ကိုင်းစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ၏စီမံမှုဖြင့် မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဖူလုံရေးအဖွဲ့တို့ပူးပေါင်း၍ စစ်ကိုင်းစက်မှုဇုန်ရှိ အလုပ်သမားများကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက စတင်ကာ စစ်ကိုင်းစက်မှုဇုန်ရှိ TRIPLE CIRCLE INDUSTRY CO. ,Ltd တွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့သည်။



မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးသည် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီးဖြစ်ပြီး အဖွဲ့ဝင်အဖြစ်ဝင်ထားကြသည့် အလုပ်ဌာနများ၊ အာမခံအလုပ်သမားများ၊ စစ်ကိုင်းစက်မှုဇုန်စသဖြင့် အလုပ်ရုံ၊ စက်ရုံများမှ အသင်းဝင်အလုပ်သမားများကိုသာ ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်း စက်မှုဇုန်သို အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်အပါအဝင် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များစုစုပေါင်း ၂၅ ဦးက ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးကုသမှုများပေးခဲ့ပြီး စစ်ကိုင်းစက်မှုဇုန်တွင်ရှိသည့် စက်ရုံ၊ အလုပ်ရုံများမှာ ၅၄ ရုံထိရှိကာ အလုပ်သမားဦးရေ ၄၀၀၀ ကျော်ရှိကြောင်း သိရသည်။

**၅၃၁**

## နှမ်းရိုးမည်းရောဂါကြိုတင်ကာကွယ်နှိမ်နင်းနည်းအကြောင်း ကျေးလက်နေတောင်သူများအား ကွင်းဆင်းပညာပေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်ခင်သန်းမြင့်၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေတို့ ဦးဆောင်သောအဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်(မြေ၊ မျိုး၊ ပိုး) တာဝန်ခံ ဝန်ထမ်းများနှင့် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက ကျောက်ပန်းတောင်းမြို့နယ် စံကြောကျေးရွာ အ-မ-က ကျောင်းသို့ သွားရောက်ပြီး ဒေသခံ ကျေးလက်နေတောင်သူများအား မိုးဦးနှမ်းစိုက်ခင်းများတွင် ကြုံတွေ့နေရသည့် နှမ်းရိုးမည်းရောဂါနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို တောင်သူပညာပေး ကွင်းဆင်းဟောပြောခဲ့ကြောင်း သိရသည်။

ယင်းသို့ နှမ်းရိုးမည်းရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းနည်း တောင်သူပညာပေးဟောပြောရာတွင် ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်ခင်သန်းမြင့်က မိုးဦးနှမ်းစိုက်ခင်းများ စိုက်ပျိုးရာတွင် နှမ်းရိုးမည်းရောဂါပိုး မကျရောက်စေရန် ကြိုတင်၍ တောင်သူများအနေဖြင့် ရွက်ဖျန်းမြေသြဇာ၊ ပိုးသတ်ဆေးများကို စနစ်တကျ ပက်ဖျန်းပြီး ကာကွယ်နှိမ်နင်းကြရန်နှင့် ယင်းသို့ ပိုးသတ်ဆေးများ သုံးစွဲရာတွင်လည်း အစားအစာဘေးကင်းလုံခြုံမှုရှိစေရေး အလွန်အကျွံ မသုံးစွဲမိစေရန် လိုက်နာရန်အချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေက သီးနှံအထွက်နှုန်းကောင်း မွန်စေရန် မြေသြဇာစနစ်တကျသုံးစွဲရမည့်နည်းလမ်းများနှင့် စိုက်ပျိုးရေးသုံးမြေသြဇာများနှင့်ပတ်သက်သည့် ဥပဒေများ အကြောင်းကိုလည်းကောင်း၊ မြို့နယ်မြေအသုံးချရေး တာဝန်ခံ ဒေါ်မြမြမိုးက မြေဆီလွှာ ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရေး တစ်ပိုင်တစ်နိုင် ပြုလုပ်နိုင်သော ဘိုကာရှီမြေဆွေးပုံ ပြုလုပ်နည်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်မျိုးစေ့တာဝန်ခံ ဒေါ်တင်ဝင်းလှိုင်က ကိုယ့်မျိုးကိုယ်ထား မျိုးသန့်ပွားသုံးစွဲနည်းစနစ်များကိုလည်းကောင်း၊ မြို့နယ်ပိုးမွှားတာဝန်ခံ ဒေါ်အုံးဆင့်က ပိုးသတ်ဆေးများ အန္တရာယ်ကင်းရှင်းစွာ စနစ်တကျသုံးစွဲရမည့် နည်းလမ်းများကိုလည်းကောင်း ကဏ္ဍအလိုက် အသီးသီး တောင်သူပညာပေး ရှင်းလင်းဟောပြောခဲ့ကြပြီး တက်ရောက်လာသည့် တောင်သူများအား ပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နှမ်းရိုးမည်းရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းနည်းအကြောင်း ဟောပြောပွဲသို့ ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်ခင်သန်းမြင့်၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေနှင့် ဝန်ထမ်းများ၊ ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်(မြေ၊ မျိုး၊ ပိုး) တာဝန်ခံ ဝန်ထမ်းများ၊ စံကြောကျေးရွာမှ ဒေသခံတောင်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မြစိမ်းရောင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေများပထမအကြိမ်ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအသစ်ထပ်မံရရှိခဲ့သော မင်းကုန်းကျေးရွာအုပ်စု မုံနှစ်ကျေးရွာတွင် ပထမအကြိမ် မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ယနေ့ နံနက် ၉ နာရီက ထုတ်ချေးပေးခဲ့သည်။

မုံနှစ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၀ဦး၊ မွေးမြူရေး လုပ်ကိုင်သူ ၈၂ ဦးတို့အတွက် မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့ ထုတ်ချေးပေးခဲ့ရာတွင် စနစ်တကျရှိစေရေးနှင့် အမှားအယွင်းများမဖြစ်ပေါ်စေရေးအတွက် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နှင်းအိဖြိုးနှင့် ဝန်ထမ်းများက ကျေးရွာသို့ ကွင်းဆင်း၍ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ရွှေရဲရင့် (ဥတ္တရခရိုင်ပြန်/ဆက်)**

# သနပ်ပင်မြို့တွင် တောင်သူမျိုးစေ့သန့်စင်စက်ဖွင့်ပွဲကျင်းပ

**သနပ်ပင် ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲက တောင်သူမျိုးစေ့သန့်စင်စက်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် "စိုက်ပျိုးထုတ်လုပ်ရရှိသောမျိုးစေ့များမှာမျိုးကောင်းမျိုးသန့်ဖြစ်ရုံမျှမပြီးဘဲ သန့်စင်ဖို့လည်း လိုအပ်ကြောင်း၊ ဒေသအလိုက်စိုက်ပျိုးထွက်ရှိလာသည့် မျိုးစေ့များ စံချိန်စံညွှန်းမီစေရေးအတွက် မျိုးစေ့သန့်စင်ခြင်းမပြတ်မနေဆောင်ရွက်နိုင်ရန် မျိုးစေ့သန့်စင်စက်များကို ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများဆောင်ရွက်ရာတွင်အထွက်နှုန်းသာမက အရည်အသွေးပါ မြင့်မားအောင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အရည်မသွေးပြည့်မီသော သီးနှံမျိုးစေ့များကို သီးနှံစိုက်ပျိုးသူတိုင်းအသုံးပြုစိုက်ပျိုးမှသာ ဝင်ငွေများ တိုးတက်ရရှိကာ အချိန်နှင့် တစ်ပြေးညီမျှော်မှန်းထားသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးမှုပန်းတိုင်ကိုအရောက် လှမ်းနိုင်မှာဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တက်ရောက်လာသူများက ပြခန်းနှင့် တောင်သူမျိုးစေ့သန့်စင်စက်ဖွင့်လှစ်မောင်းနှင်ပြသမှုအား ကြည့်ရှုကြသည်။



တောင်သူများ မျိုးသန့်စင်စက် အသုံးပြုခြင်းဖြင့် မျိုးအလိုက်အရွယ်အစားတူညီသောမျိုးစေ့များရရှိခြင်း၊ အလေးချိန်တူညီသောမျိုးစေ့များရရှိခြင်း၊ ဖုန်၊ သဲ၊ ခဲနှင့် အခြားမလိုလားအပ်သောအရာများမပါရှိခြင်း၊ အဖျင်းအမှော်၊ အခြားသီးနှံနှင့် ပေါင်းမြက်စေ့များကင်းရှင်းခြင်း၊ မျိုးအလိုက်သတ်မှတ်ထားသော အရည်အသွေးစံချိန်စံညွှန်းများနှင့်ကိုက်ညီခြင်း၊ အပင်ပေါက်နှုန်းကောင်းမွန်ညီညာ၍ကြီးထွားမှုမြန်ဆန်ခြင်း၊ ကျန်းမာသန်စွမ်းသောပျိုးပင်များပေါက်နိုင်သည့်မျိုးစေ့များကိုသာရရှိခြင်းစသည့်အကျိုးကျေးဇူးများရရှိကြောင်းသိရသည်။

တောင်သူလယ်သမားများအနေဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးထွက်ရှိလာသည့်မျိုးစေ့များကိုအရည်အသွေးပြည့်မီသည့်မျိုးစေ့အဆင့်ထိရောက်ရှိရန်အတွက်သန့်စင်စက်များတွင်လာရောက်သန့်စင်ပြီးမှအသုံးပြုရန်လိုအပ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကျင်းပ

**တိုက်ကြီး ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၄ နာရီက အထွေထွေအုပ်ချုပ်ရေးဦးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးဦးအောင်ကျော်စိုးက အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခဲ့ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းလတ်က မူခင်းလျှော့နည်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာများကိုလည်း ဟောပြောခဲ့သည်။

ထို့နောက် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား သင်တန်းဆင်း လက်မှတ်များကို ၊တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

သင်တန်းဆင်းပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ အုပ်ချုပ်ရေးမှူး ၉၀၊ စာရေးဝန်ထမ်းများတက်ရောက်ကြပြီးသင်တန်းကာလအား ငါးရက်ကြာ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

**ထွန်းလှိုင်(မြိုင်)**

## စွန့်ပစ်အမှိုက်များလယ်ယာမြေတွင် မြေသြဇာအဖြစ်ပြန်လည်အသုံးပြုနိုင်ရေး ပညာပေးဆွေးနွေး

**ဇီးကုန်း ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် သစ်နဖားကျေးရွာအုပ်စု ရေအိုးစင်ကုန်းကျေးရွာတွင် မြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံကာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကျင့်သုံးရေး ပညာပေးဆွေးနွေးပွဲနှင့် ကျေးရွာ စွန့်ပစ်အမှိုက် စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းပေးခြင်းကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ယင်းကျေးရွာ၌ ကျင်းပခဲ့သည်။

မြို့နယ်ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့သည် ရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးရွာမှထွက်ရှိသော စွန့်ပစ်အမှိုက်များထားရှိမည့်အမှိုက်ကန်ပြုလုပ်မည့်နေရာအား သတ်မှတ်ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**မြတ်သူရိန်**

## ပုဇွန်တောင်မြို့နယ်အတွင်းရှိ ၅နှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးများ ကွင်းဆင်းတိုက်ကျွေး

**ပုဇွန်တောင် ဖေဖော်ဝါရီ ၂၂**

ကလေးငယ်များ ပုံမှန်ကြီးထွားဖွံ့ဖြိုးရေးနှင့် ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်ပြီး အသက် ၆ လမှ ၅ နှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေး ကွင်းဆင်းတိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းတိုက်ကျွေးလျက်ရှိသည်။

ဗီတာမင်အေဆေး တိုက်ကျွေးမှု အခြေအနေနှင့် ပတ်သက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဖြူဖြူမြင့်က "ပုဇွန်တောင်မြို့နယ်အတွင်းက ရပ်ကွက် ၉ ခုမှာ အသက် ၆ လမှ ၁၁ လအထိ ကလေးငယ်များကို ဗီတာမင်အေ ယူနစ်တစ်သိန်းပါ ဆေးလုံးတွေကိုလည်းကောင်း၊ အသက် ၁ နှစ်မှ ၅ နှစ်အထိ ကလေးငယ်တွေကို ဗီတာမင်အေ ယူနစ်နှစ်သိန်းပါ ဆေးလုံးတွေကိုလည်းကောင်း၊ ထို့အပြင် ကျောင်းမနေတဲ့ အသက် ၆ နှစ်မှ ၁၀ နှစ်အထိ ကလေးများကို လည်းကောင်း၊ ကိုယ်ဝန် ၃ လအထက် မိခင်လောင်းတွေကို ဗီတာမင် B1 ဆေးလုံးများကို ကျန်းမာရေးကဝန်ထမ်းတွေ ကွင်းဆင်းတိုက်ကျွေးလျက်ရှိပါတယ်။ ဒီဆေး တိုက်ကျွေးခြင်းအားဖြင့် ကြက်မျက်သင့်ရောဂါနှင့် အူလမ်းကြောင်း၊ အရေပြားနဲ့ပတ်သက်တဲ့ရောဂါအချို့ကို ကာကွယ်နိုင်သည့်အပြင် အခြားကျန်းမာရေးနှင့် ပတ်သက်သည့် အကျိုးကျေးဇူးတွေ များစွာရရှိစေမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၌ ပထမဦးဆုံး ဂျပန်နည်းပညာသုံး ခေတ်မီနိုင်လွန်ကတ္တရာစက်ရုံ မေလ၌ စတင်လည်ပတ် ဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်အစိုးရမှ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၌ ပထမဦးဆုံး ဂျပန်နည်းပညာသုံး ခေတ်မီနိုင်လွန်ကတ္တရာစက်ရုံသစ်ကို အပြည်ပြည်ဆိုင်ရာ ဒဂုံဆိပ်ကမ်းမြို့နယ် သီလဝါဆိပ်ကမ်းသွားရာလမ်းဖြစ်သော ဒဂုံစက်မှုဇုန်အတွင်းရှိ မြေကွက် ၁၅၅၊ ၁၅၆ ၌ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ မေလ၌ စတင်လည်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့် ဂျပန်-မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ASIA MYANMAR WKK JV ဖက်စပ်ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ထားသော အဆိုပါ စက်ရုံမြေဧရိယာ အကျယ်အဝန်းမှာ သုံးဧကရှိပြီး အမေရိကန်ဒေါ်လာ ၂၃ သိန်းအကုန်အကျခံကာ ဆောက်လုပ်ထားခြင်းဖြစ်သည်။

စက်ရုံအတွင်း၌ ခေတ်မီသိပ္ပံဓာတ်ခွဲခန်းနှင့် စမ်းသပ်ခန်း၊ ရုံးခန်းများ၊ စားသောက်ခန်းနေရာများပါဝင်ပြီး စက်ရုံမှ နိုင်လွန်ကတ္တရာထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် လမ်းပိုင်းဆိုင်ရာခင်းကျင်းခြင်းလုပ်ငန်းများကိုလည်းအပြီးသတ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ အဆိုပါ စက်ရုံမှ ခေတ်မီနိုင်လွန်ကတ္တရာထုတ်လုပ်ရန်အတွက် ကျောက်အမျိုးအစား သုံးမျိုးခွဲခြားထားရှိပြီးကျောက်များအား သုည ဒသမ ၅ မီလီမီတာ၊ ၅ ဒသမ ၁၃ မီလီမီတာနှင့် ၁၃ ဒသမ ၂၀ မီလီမီတာတို့ကို အသုံးပြုသွားမည်ဖြစ်သည်။ ကျောက်များ ထိန်းသိမ်းသိုလှောင်ရန်အတွက် နေရာငါးနေရာထားရှိမည်ဖြစ်ပြီး အမိုးကာရံထားကြောင်းသိရသည်။ ခေတ်မီနိုင်လွန်ကတ္တရာ ထုတ်လုပ်ရန်အတွက် ပြည်တွင်းထွက်ကျောက်များကို အသုံးပြုမည်ဖြစ်ပြီး ကတ္တရာအား PuMa ကုမ္ပဏီမှဝယ်ယူတင်သွင်းမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်သို့ ပုဇွန်တောင်ချောင်းအား ဖြတ်သန်းကာတည်ဆောက်နေသော ဂျပန်နည်းပညာသုံး သာကေတ တံတားသစ်ခင်းကျင်းမည့် အပေါ်ဆုံးအလွှာအားလာမည့် မေလ၌ ခေတ်မီနိုင်လွန်ကတ္တရာခင်းကျင်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်သည်။ တစ်နာရီလျှင်နိုင်လွန်ကတ္တရာတန်ချိန် ၉၀ ထုတ်လုပ်သွားမည်ဖြစ်ပြီး တစ်ရက်လျှင်ပျမ်းမျှ တန်ချိန် ၄၀၀ ထုတ်လုပ်ရန်ခန့်မှန်းထားကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက "လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာပြီဆိုရင်ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွေဟာတစ်ပြေးညီဖြစ်လာမှာပါ၊ ကျွန်တော်တို့ အနေနဲ့ လမ်းပန်းဆက်သွယ်ရေးအတွက် သုံးနှစ်စီမံကိန်းထားပြီးဆောင်ရွက်နေတာတွေရှိပါတယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာလည်း လမ်းပေါင်းများစွာကို ပြန်လည်ပြုပြင်တည်ဆောက်ဖို့အတွက်အစီအစဉ်ရှိပါတယ်၊ ပြီးတော့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေထဲမှာ ရန်ကုန်မြို့တော်မှာရှိနေတဲ့ လမ်းများအားလုံးကိုဘေးမှာကေဘယ်ကြိုးများ၊ လျှပ်စစ်ကြိုးများ၊ ရေပေးဝေရေးလိုင်းများနဲ့ ဂက်စ်ပိုက်လိုင်းများကိုထည့်သွင်းပြီး ပြန်လည်တည်ဆောက်ဖို့ စီစဉ်ထားပါတယ်၊ ဒီအတွက်လည်း မြို့တော်စည်ပင်သာယာဥပဒေကို ပြုပြင်ပြောင်းလဲဖို့ရှိပြီးဥပဒေနှင့်အညီ Infrastructure ကုမ္ပဏီတစ်ခုကိုတည်ထောင်နိုင်ဖို့လည်း ပြင်ဆင်ဆောင်ရွက်နေပါတယ်၊ ဂျပန်နိုင်ငံရဲ့နည်းပညာကလည်းကျွန်တော်တို့ နိုင်ငံအတွက် လိုအပ်ချက်တစ်ခုဖြစ်လာမယ်လို့ မျှော်လင့်မိပြီး ခုလိုအဆင့်မြင့် ခေတ်မီနိုင်လွန်ကတ္တရာဖျော်စက်ရုံ ဖွင့်လှစ်လိုက်တာဟာ ရန်ကုန်မြို့အတွက် Infrastructure တည်ဆောက်ရေးကဏ္ဍမှာ အထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါတယ်" ဟု ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သော ခေတ်မီနိုင်လွန်ကတ္တရာစက်ရုံဖွင့်ပွဲ၌ ပြောကြားသည်။

ASIA MYANMAR WKK JV ကုမ္ပဏီလီမိတက်မှ Senior Civil Engineering မန်နေဂျာ ဦးမင်းမင်းဝင်းက "ဒီစက်ရုံလည်ပတ်ပြီဆိုရင်တော့ လမ်းပိုင်းဆိုင်ရာမှာ အလွန်ဖွံ့ဖြိုးတိုးတက်သွားမှာဖြစ်ပါတယ်၊ နိုင်လွန်ကတ္တရာနဲ့ ကွန်ကရစ်လမ်းခင်းတယ်ဆိုတာကလည်းမတူဘူးလေ၊ လမ်းပိုင်းဆိုင်ရာ Safety ဖြစ်သွားမယ်၊ ဒါပေမယ့် ကုန်ကျစရိတ်ကျတော့ နိုင်လွန်ကတ္တရာ ခင်းတာက နည်းနည်းပိုကုန်တယ်ဆိုတော့ ကုန်ကျစရိတ်ကတော့ နည်းနည်းကွာဟသွားပါလိမ့်မယ်၊ ကျွန်တော်တို့ စက်ရုံက ထွက်ရှိတဲ့ ခေတ်မီနိုင်လွန်ကတ္တရာကိုဝယ်ယူတယ်ဆိုရင် လမ်းပိုင်းခင်းခြင်းဆိုင်ရာပါအပြီး ဆောင်ရွက်ပေးသွားမှာပါ၊ ကုမ္ပဏီများအပြင် နိုင်ငံတော်အစိုးရကဝယ်ယူဖို့ ကမ်းလှမ်းလာတယ်ဆိုရင်လည်း အားလုံးနဲ့အလုံးစုံပူးပေါင်းဆောင်ရွက်သွားမှာပါ" ဟု ဆိုသည်။

မြန်မာနိုင်ငံ၌ ပထမဦးဆုံး ဂျပန်နည်းပညာသုံး ခေတ်မီ နိုင်လွန်ကတ္တရာစက်ရုံလည်ပတ်တော့မည်ဖြစ်သောကြောင့် ပြည်သူအချို့အတွက်အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည်ဖြစ်ပြီး အဆိုပါ ASIA MYANMAR WKK JV ဖက်စပ် ကုမ္ပဏီလီမိတက်မှာ အရှေ့တောင်အာရှနှင့် အနောက်အာရှနိုင်ငံများတွင် စက်ရုံများ၊ လမ်းပိုင်းဆိုင်ရာခင်းကျင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ မြန်မာနိုင်ငံ၌ ပထမဦးဆုံး ဂျပန်နည်းပညာသုံး ခေတ်မီနိုင်လွန်ကတ္တရာ စက်ရုံဆောက်လုပ်ရန်အတွက် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလပိုင်းက စီမံကိန်းဆောင်ရွက်ခြင်းလုပ်ငန်းများစတင်ခဲ့ကြောင်းသိရသည်။

**ပွင့်သစ္စာ**

# ကမ္ဘာ့ရေနေ့

စောမိုးမြင့်(သတ္တုတွင်း)

**နိဒါန်း**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုမြှင့်မားရေး၊ ကုန်စည်ကူးသန်းပို့ဆောင်မှုတိုးတက်လာရေးတွေမှာ ရေရဲ့အရေးပါမှုကို သတိပြုအလေးထားဘို့ ကုလသမဂ္ဂက နှစ်စဉ် မတ် ၂၂ ရက် ကို ကမ္ဘာ့ရေ(World Water Day) နေ့ သတ်မှတ်ပြီး နှစ်စဉ်ကျင်းပပါတယ်။ ဒီလိုနေ့မှာ ရေရဲ့အရေးပါပုံကို ဖော်ညွှန်းတဲ့ပန်းချီပြပွဲတွေ၊ တေးဂီတဖြေဖျော်မှုတွေကို ကမ္ဘာအနှံ့ ကျင်းပကြသလို သန့်စင်တဲ့ရေရဲ့အရေးပါမှုနဲ့ သဘာဝအရင်းအမြစ်တွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ ဟောပြောပွဲတွေ၊ ပြပွဲတွေကို ပြုလုပ်ကြပါတယ်။ တချို့ဒေသတွေမှာ သာယာလှပတဲ့ မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေကန်ကြီးများနဲ့ ရေလှောင်တာတမံတွေကို လေ့လာရေးသွားကြသလို ရေဒီယို၊ ရုပ်မြင်သံကြားနဲ့ အင်တာနက်အစီအစဉ်တွေမှာလည်း ရေကိုတန်ဖိုးထားစောင့်ရှောက်ဖို့ လူထုပညာပေး အစီအစဉ်တွေကို ထုတ်လွှင့်ပြသပါတယ်။

**နောက်ခံသမိုင်း**

လူသားများရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကြောင့် သဘာဝပတ်ဝန်းကျင်တွေအပေါ် ဆိုးကျိုးတွေ သက်ရောက်လာမှုကို ကာကွယ်ဖို့ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တော်မှာ ၁၉၉၂ ခုနှစ် ဇွန်လက ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ရာသီဥတုညီလာခံရဲ့ အစီအစဉ်(၂၁)(Agenda-21) နောက်ဆက်တွဲ ဆုံးဖြတ်ချက်အရ ရေရဲ့အရေးပါပုံကို မီးမောင်းထိုးပြဖို့ နှစ်စဉ် မတ် ၂၂ ရက်ကို ကမ္ဘာ့ရေနေ့ (World Water Day) အဖြစ် သတ်မှတ်ခဲ့ပြီး ပထမဆုံး ကမ္ဘာ့ရေနေ့ကို ၁၉၉၃ ခုနှစ် မတ် ၂၂ ရက်မှာ ကျင်းပခဲ့ပါတယ်။

**အမှတ်တံဆိပ်နှင့်ဆောင်ပုဒ်**

ကမ္ဘာ့ရေနေ့ရဲ့ အမှတ်တံဆိပ်ကို ကုလသမဂ္ဂကိုယ်စားပြု အပြာရောင်ခြယ်သထားတဲ့ ရေစက်တစ်စက်အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့ရေနေ့အတွက် ဆောင်ပုဒ်ကို ရေကြီးရေလျှံမှု၊ ရေရှားပါးမှုနဲ့ ရေညစ်ညမ်းမှု တွေကို လျှော့ချနိုင်ဖို့ သဘာဝအလျောက်ဖြစ်ပေါ်လာတဲ့ ရေရဲ့စွမ်းအင်ကို ရေရှည်တည်တံ့ဖို့ စီမံခန့်ခွဲဖို့နဲ့ ရေသုံးစွဲမှုမှာ လိုက်နာရမည့် ကျင့်စဉ်တွေကို အလေးထားဖို့ ရေအတွက် သဘာဝ(Nature for Water) လို့ သတ်မှတ်ကျင်းပဖို့ ဆုံးဖြတ်ထားပါတယ်။

**ရေရဲ့သဘာဝနဲ့ဂုဏ်သတ္တိ**

ကမ္ဘာ့မြေမျက်နှာပြင်ရဲ့ ၇၁ ရာခိုင်နှုန်းကို ဖုံးလွှမ်းထားတဲ့ ရေထုဟာ ပင်လယ်သမုဒ္ဒရာထဲမှာ ၉၆ ဒသမ ၅ ရာခိုင်နှုန်း တည်ရှိပြီး အန္တာတိက(Antartica) နဲ့ ဂရင်းလန်း(Greenland)ဒေသတွေမှာ ရေခဲပြင်၊ ရေခဲတောင်တွေ အနေနဲ့ ၁ ဒသမ ၇ ရာခိုင်နှုန်း၊ လေထုနဲ့ တိမ်တိုက်တွေထဲမှာ ရေခိုး၊ ရေငွေ့၊ မိုးတိမ်အနေနဲ့ သုည ဒသမ ၀၀၁ ရာခိုင်နှုန်း၊ မြေအောက်ရေသတ္တုသိုက်အနေနဲ့ ၁ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးတည်ရှိနေပါတယ်။ ဒါပေမယ့် ဒီလောက်များပြားတဲ့ ရေထုထဲမှာ လူသားများနဲ့ သက်ရှိသတ္တဝါတွေ သောက်သုံးနိုင်ဖို့ သန့်စင်တဲ့ရေဟာ ၂ ဒသမ ၅ ရာခိုင်နှုန်း သာရှိပြီး ဒီရေတွေကို ချောင်းတွေ၊ မြစ်တွေ၊ ရေကန်တွေနဲ့ လေထုထဲမှာပဲ တွေ့ရှိရပါတယ်။ အချို့ဟာလည်း မြေအောက်မှာရှိတဲ့ ရေသတ္တုသိုက်တွေမှာ ခိုအောင်းနေပါတယ်။ လူရဲ့ခန္ဓာကိုယ်ကို ရေထု ၂/၃နဲ့ ဖွဲ့စည်းထားသလို လူရဲ့ဦးနှောက်ရဲ့ ၉၅ ရာခိုင်နှုန်း၊ သွေးရဲ့ ၈၂ ရာခိုင်နှုန်းနဲ့ အဆုတ်ရဲ့ ၉၀ ရာခိုင်နှုန်းကို ရေနဲ့ဖွဲ့စည်းထားတာမို့ လူရဲ့ခန္ဓာကိုယ်ထဲရေခန်းခြောက်သွားရင် လူဟာ အသက်ရှင်ဖို့ ခဲယဉ်းပါတယ်။

ကမ္ဘာ့စီးပွားရေးကဏ္ဍအသီးသီးမှာ ရေဟာ အရေးပါတဲ့ သယံဇာတအနေနဲ့ အဓိကပါဝင်နေပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာ ရေကို ၇၀ ရာခိုင်နှုန်း သုံးစွဲနေရပါတယ်။ ရေဟာလူတွေရဲ့ စားနပ်ရိက္ခာဖြစ်တဲ့ ငါးနဲ့ ရေသတ္တဝါတွေ ပေါက်ဖွားကြီးပြင်းလာရတဲ့ ဒေသရပ်ဝန်းကြီးပါ။ လှေ၊ သင်္ဘောတွေ အလွယ်တကူ ကုန်စည်ပို့ဆောင်နိုင်ဖို့ ချောင်းတွေ၊ မြစ်တွေ၊ ပင်လယ်သမုဒ္ဒရာတွေထဲမှာရှိတဲ့ ရေတွေဟာ အဓိကကြားခံပစ္စည်း တစ်ခုအနေနဲ့ အရေးပါပါတယ်။ မြို့တွေမှာရော၊ ကျေးလက်တွေမှာပါ ရေကို အဓိကသောက်သုံးဖို့၊ ချက်ပြုတ်ဖို့၊ လျှော်ဖွပ်ဖို့ သုံးကြပါတယ်။ မြစ်ချောင်း၊ ရေကန်၊ အင်းအိုင်၊ ရေတံခွန်တွေဆီလည်း အပန်းဖြေဖို့ သွားကြပါတယ်။ အစားအသောက်တွေကို ရေရှည်ခံအောင်ပြုပြင်တဲ့နေရာမှာ ရေဟာ မပါမဖြစ်အရေးကြီးသလို သဘာဝကြောင့်ပဲဖြစ်ဖြစ်၊ လူတို့ရဲ့ပေါ့ဆမှုကြောင့်ပဲဖြစ်ဖြစ် ဖြစ်လာတဲ့ မီးလောင်မှုကို ငြိမ်းသတ်ရာမှာလည်း ရေကို အဓိကသုံးစွဲရပါတယ်။

**ယနေ့ရေပြဿနာ**

တစ်နေ့ထက်တစ်နေ့ တိုးပွားလာတဲ့ ကမ္ဘာ့လူဦးရေကို ရိက္ခာဖြည့်တင်းဖို့ တိုးချဲ့လာတဲ့ စိုက်ပျိုး ဧရိယာတွေမှာ ရေကို ပိုမိုသုံးစွဲလာရသလို အထွက်တိုးဖို့ ဓာတ်မြေဩဇာတွေ သုံးစွဲလာရလို့ ရေတွေ အဆိပ်ဖြစ်လာရပါတယ်။ အလားတူ သတ္တုတူးဖော်ရာက စွန့်ပစ်မြေစာတွေကြောင့် ရေတွေ ညစ်ညမ်းလာသလို သတ္တုသန့်စင်ရေးမှာသုံးတဲ့ ပြဒါးတွေ၊ ဆိုင်ရာနိုက်တွေ၊ ဓာတ်ဆေးတွေကြောင့်လည်း ရေတွေ အဆိပ်သင့်လာကြပါတယ်။ သစ်အလွန်အကျွံခုတ်မှုကြောင့် ရေဝေရေလဲတွေ၊ ဒီရေတောတွေ ပျက်စီးရလို့ ပုံမှန်မဟုတ်တော့တဲ့ ရေသံသရာလည်မှုတွေကြောင့် ရေကြီးရေလျှံမှု၊ မိုးခေါင်မှု၊ ရေရှားမှုတွေကို တစ်နှစ်ထက်တစ်နှစ်ပိုပြီး ကြုံတွေ့လာရပါတယ်။

ယနေ့ ကမ္ဘာ့လူဦးရေ သန်း ခုနစ်ထောင်ကျော်ထဲက သန်းတစ်ထောင်ကျော်ဟာ သန့်ရှင်းတဲ့ သောက်သုံးရေ မသောက်သုံးရသလို၊ ၂ ဒသမ ၅ သန်းကျော်ဟာလည်း စနစ်ကျပြီး သန့်စင်တဲ့ မိလ္လာစနစ်ကို မရရှိကြပါဘူး။ ဒါကြောင့် ကုလသမဂ္ဂက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် ၁၇ ခုထဲမှာ ပန်းတိုင် အမှတ်စဉ် ၆ အနေနဲ့ "လူသားတိုင်း သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး" ချမှတ်ခဲ့ပြီး ပန်းတိုင်အမှတ်စဉ် ၁၄ အနေနဲ့ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့နိုင်သည့် နည်းလမ်းဖြင့် အသုံးပြုရေး" တို့ကို ချမှတ်ခဲ့ပါတယ်။

**"ရာသီဥတုဖောက်ပြန်မှုနဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ရေအရင်းအမြစ်တွေ လျော့နည်းလာရသလို လူတို့ရဲ့ ပယောဂကြောင့် ညစ်ညမ်းရေ၊ အဆိပ်အတောက်ရေတွေ များပြားလာပြီး ရေအရင်းအမြစ်တွေ ပြောင်းလဲပျက်စီးလျော့နည်းခြင်းတွေဖြစ်ပေါ်"**


**မြန်မာနိုင်ငံနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲခြင်း**

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ရေအရင်းအမြစ်ကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပေမယ့်လည်း ရာသီဥတုဖောက်ပြန်မှုနဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ရေအရင်းအမြစ်တွေ လျော့နည်းလာရသလို လူတို့ရဲ့ ပယောဂကြောင့် ညစ်ညမ်းရေ၊ အဆိပ်အတောက်ရေတွေ များပြားလာပြီး ရေအရင်းအမြစ်တွေ ပြောင်းလဲပျက်စီးလျော့နည်းခြင်းတွေ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ဒါကြောင့် သဘာဝအလျောက် ဖြစ်ပေါ်နေတဲ့ ရေအရင်းအမြစ် ရေရှည်တည်တံ့ဖို့ မြစ်၊ ချောင်းများကို ထိန်းသိမ်းခြင်း၊ မြစ်ဝှမ်းဒေသများကို စီမံခန့်ခွဲခြင်းနဲ့အတူ ရေအရင်းအမြစ်တွေကို ကာကွယ်ထိန်းသိမ်းဖို့ ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်မှ အမျိုးသားအဆင့် ရေမူဝါဒကို အတည်ပြု ထုတ်ပြန်ခဲ့ပါတယ်။ နိုင်ငံတကာစံနှုန်းနဲ့ လုပ်ထုံးလုပ်နည်းတွေကို အဓိကအခြေခံပြီး ရေးဆွဲထားတဲ့ မြန်မာနိုင်ငံ အမျိုးသားအဆင့် ရေမူဝါဒမှာ အခန်းပေါင်း ၁၇ ခန်းပါဝင်ပြီး အရေးကြီးတဲ့ အခန်းအချို့ကို အောက်ပါအတိုင်း ဖော်ပြထားပါတယ်-

- ရေအရင်းအမြစ်များနှင့် ရေဆိုင်ရာဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာနှင့်အဖွဲ့အစည်းအသီးသီးတို့အကြား ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်မှုနှင့် သတင်းအချက်အလက် ဖလှယ်မှုတို့ ပိုမိုအားကောင်းပြီး လျင်မြန်သွက်လက်စေရန် လိုအပ်သော နိုင်ငံတော်ရေဆိုင်ရာအမြင့်ဆုံးအဖွဲ့အစည်း(Water Apex Body)တစ်ရပ် ဖွဲ့စည်းရန်။
- ရေရှည်တည်တံ့သော ရေအသုံးချနိုင်မှုနှင့် ပတ်သက်၍ ဗဟုသုတအတွေးအခေါ်နှင့် တာဝန်ယူလိုစိတ်ပေါ်ပေါက်လာစေရန်အတွက် အမြင်ဖွင့်ပေးရန်၊ အသိကြွယ်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်။
- အခြားနိုင်ငံများနှင့် မျှဝေသုံးစွဲရသောမြစ်များ၊ နယ်စပ်ကျော်မြစ်များ(Trans-boundary River) နှင့်ဆိုင်သောကိစ္စရပ်များတွင် နိုင်ငံတော်၏ အမျိုးသားအဆင့် ရေမူဝါဒနှင့် ရပ်တည်ချက်ကို ထုတ်ပြန်ပေးရန်နှင့် မြစ်ကို မျှဝေသုံးစွဲရသော နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ဆောင်ရွက်ရန်။
- ရေ၊ မိလ္လာနှင့်အညစ်အကြေးစွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရေဆိုင်ရာတို့နှင့်သက်ဆိုင်သည့်ပညာပေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ အရည်အသွေးမြှင့်တင်သင်တန်းများ ကြီးကြပ်ကွပ်ကဲခြင်း၊ အရေးယူတည့်မတ်ခြင်းနှင့် သင်ယူခြင်းတို့တွင် ရင်းနှီးမြှုပ်နှံရန်။

မြန်မာနိုင်ငံအနေနဲ့ ဒီချမှတ်ထားတဲ့ အမျိုးသားအဆင့် ရေမူဝါဒနဲ့အညီ နယ်သာလန်နိုင်ငံ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ ဆွီဒင်နိုင်ငံ Stockholm Environment Institute (SEI) တို့နဲ့ ရေသယံဇာတဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း စနစ်အတွက် စွမ်းရည်ဖွံ့ဖြိုးမှုတည်ဆောက်ရေးစီမံကိန်း၊ (The Project for Environment Management and EIA System in Myanmar)၊ ဧရာဝတီမြစ်ဝှမ်းရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစပျိုးဆောင်ရွက်ရေး၊ ဧရာဝတီမြစ်ရဲ့ လက်တက်ဖြစ်တဲ့ ချင်းတွင်းမြစ်ရဲ့ ရွှံ့ပြေးလေ့လာမှု၊ ညောင်တုန်းမြို့ ရေကြီးရေလျှံမှုကာကွယ်ရေး၊ ပန်းလှိုင်မြစ် ရေထိန်းတံခါးဆိုင်ရာ လေ့လာမှုနဲ့ ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်ဘက်စုံစီမံကိန်းများ လေ့လာမှုတွေကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် မတ် ၂၂ ရက်မှာ ကျရောက်မည့် ကမ္ဘာ့ရေနေ့ကို ကြိုဆိုရင်း တင်ပြလိုက်ရပါတယ်။ ။

**မှီငြမ်း**
- http://en.wikipedia.org/wiki/world water day
- http://sustainabledevelopment.un.org/sdg6
- http://en.wikipedia.org/wiki/water
- ပြည်သူ့လွှတ်တော်ရုံး၊ သုတေသနဌာန၊ မြန်မာနိုင်ငံရေအရင်းအမြစ်စီမံခန့်ခွဲခြင်းနှင့်ထိန်းသိမ်းခြင်း





# Jurassic World 3 ထုတ်လွှင့်မယ့်ရက်ကြေညာ

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေအနက် တစ်ခုဖြစ်တဲ့ "Jurassic World "ရုပ်ရှင်ရဲ့ တတိယမြောက် ရုပ်ရှင်သစ် ရုံတင်ပြသမယ့်ရက်ကို လတ်တလောမှာ တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ကြောင်း အီးတီ အွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာတော့ ယူနီဗာဆယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးက ယခုနှစ်အတွင်း စတင်ထုတ်လွှင့်သွားမယ့် "Jurassic World" ဇာတ်လမ်းတွဲရဲ့ ဒုတိယမြောက် ရုပ်ရှင် "Jurassic World: Fallen Kingdom" ကို လာမယ့် ဇွန် ၂၂ ရက်မှာ စတင်ရုံတင်သွားမှာဖြစ်ပြီး တတိယမြောက် ရုပ်ရှင်သစ်ကိုတော့ လာမယ့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှာ ရုံတင်သွားဖို့ရာ ရည်ရွယ်ထားကြောင်း တရားဝင်လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ တွစ်တာပေါ် ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဒုတိယမြောက် ရုပ်ရှင်သစ်ကို ရုံတင်ဖို့ရာ သုံးလခန့် လိုသေးတာဖြစ်ပေမယ့် ရုပ်ရှင်ထုတ်လုပ်ရေးက နောက်ထပ်ရုပ်ရှင်သစ် ရုံတင်မယ့်ရက်ကို ယခုလို ကြိုတင်ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။ လာမယ့် ဇွန်လအတွင်း စတင်ရုံတင်သွားမယ့် "Jurassic World: Fallen Kingdom"မှာတော့ ဒိုင်နိုဆောနှစ်ကောင်ရဲ့ အချစ်ဇာတ်လမ်းကို တွေ့မြင်ခံစားရမှာလည်း ဖြစ်ပါတယ်။

# ဘွဲ့ရခဲ့ပြီဖြစ်တဲ့ ပါ့ခ်ဘိုဂန်း

တောင်ကိုရီးယား မင်းသား ပါ့ခ်ဘိုဂန်းဟာ ဘွဲ့ရခဲ့ပြီဖြစ်ပါတယ်။ လတ်တလောမှာတော့ ပါ့ခ်ဘိုဂန်းရဲ့ ဘွဲ့နှင်းသဘင်တက်ရောက်ခဲ့တဲ့ ပုံတွေနဲ့ ဘွဲ့ဝတ်စုံနဲ့ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေတာ တွေ့ရပါတယ်။ လေးနှစ်ကြာသင်ကြားမှုတွေရဲ့အဆုံးမှာတော့ ဘွဲ့ရတစ်ဦးဖြစ်ခဲ့ရတဲ့ ပါ့ခ်ဘိုဂန်းဟာ ယင်းဓာတ်ပုံတွေမှာတော့ အပျော်ကြီးပျော်နေကာ ပရိသတ်တွေကလည်း ယင်းဓာတ်ပုံတွေကို နှစ်သက်ခဲ့ကြတာကို တွေ့ရပါတယ်။

ပါ့ခ်ဘိုဂန်းဟာ မြောင်ဂျီတက္ကသိုလ်ကနေ ဘွဲ့ရခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း စတင်တက်ရောက်သင်ကြားခဲ့တာ ဖြစ်ပါတယ်။ ရုပ်ရှင်နှင့် ပြဇာတ်ဘာသာရပ်ကို အထူးပြုအနေနဲ့ တက်ရောက်ခဲ့ပြီး လေးနှစ်အကြာမှာတော့ ဘွဲ့ရခဲ့တာလည်း ဖြစ်ပါတယ်။ နာမည်ကျော်တစ်ဦးဖြစ်တာကြောင့် ရုပ်ရှင်နဲ့ အခြားသောအနုပညာလှုပ်ရှားမှုတွေကို ဒေသတွင်းသာမက နိုင်ငံခြားမှာပါ သွားရောက်လုပ်ဆောင်ခဲ့ရပေမယ့် ပါ့ခ်ဘိုဂန်းဟာ အတန်းကိုတော့ ကိုယ်တိုင် တက်ရောက်ကာ သင်ယူလေ့ရှိကြောင်းလည်း သိရပါတယ်။



## စစ်မှုမထမ်းမီ ကဖေးဆိုင်သစ်ကို ဖွင့်လှစ်သွားမယ့်

# G-Dragon





တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIG BANG"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ G-Dragon ဟာ လာမယ့် ဖေဖော်ဝါရီ ၂၇ ရက်မှာ စစ်မှုစတင်ထမ်းဆောင်သွားမှာ ဖြစ်ကြောင်း ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒီလို စစ်မှုထမ်းရက်တွေကို မစတင်မီမှာတော့ သူဟာ ဂျယ်ဂျူကျွန်းပေါ်မှာ ဆောက်လုပ်ထားတဲ့ သူ့ရဲ့ ကဖေးဆိုင်တစ်ဆိုင်ကို ဖွင့်လှစ်ပေးသွားမှာဖြစ်ကြောင်း လတ်တလောမှာ အေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျယ်ဂျူကျွန်းပေါ်က "GD Cafe" လို့ အမည်ပေးထားတဲ့ ဆိုင်ကိုတော့ G-Gragon အနေနဲ့ စစ်မှုစတင်ထမ်းဆောင်ဖို့ နှစ်ရက်အလို ဖေဖော်ဝါရီ ၂၅ ရက်မှာ ကိုယ်တိုင် ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ်။ ပေ့ါပ်ကြယ်ပွင့်ဟာ နောက်ဆုံး ဖျော်ဖြေပွဲအပြီးမှာတော့ ဂျယ်ဂျူကျွန်းပေါ်ကို သွားရောက်ကာ ကဖေးရဲ့ ဆောက်လုပ်ပြီးစီးမှုအခြေအနေတွေကို ကြည့်ရှုခဲ့တာဖြစ်ပါတယ်။ ယင်းကဖေးဟာ ဘိုလင်းကစားရုံနဲ့ပါ တွဲဖက်ဖွင့်လှစ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

"BIG BANG" ရဲ့ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ G-Dragon ဟာ ယင်းကဖေးဆိုင်ရဲ့ တည်ဆောက်ရေးလုပ်ငန်းအားလုံးမှာ ကိုယ်တိုင်ပါဝင်ခဲ့တာလည်း ဖြစ်ပါတယ်။ အဆောက်အအုံ ဒီဇိုင်းဆွဲတာတွေ၊ အတွင်းပိုင်း အပြင်အဆင်တွေကို ကိုယ်တိုင် စိတ်ကြိုက်ပုံစံရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ အလှဆင်ရာမှာလည်း သူကိုယ်တိုင်ဆွဲထားတဲ့ ပန်းချီကားတွေကိုပါ ထည့်သွင်းဖန်တီးခဲ့သလို သူပိုင်တဲ့ အရာဝတ္ထုတွေကိုပါ ထည့်သွင်း အလှဆင်ထားတာတွေလည်း ရှိနေကြောင်း သိရပါတယ်။

"GD Cafe"နဲ့ တွဲဖက်ပါဝင်တဲ့ ဘိုလင်းကစားရုံကိုတော့ လာမယ့် မတ်လအတွင်းမှာသာ ဖွင့်လှစ်သွားမှာဖြစ်ပြီး ကဖေးဆိုင်ကိုတော့ လာမယ့် ၂၅ ရက်မှာ စတင်ဖွင့်လှစ်မှာဖြစ်ကြောင်း သိရပါတယ်။

အေးပြည့်ရေးသားသည်

# အိုလံပစ်ပိတ်ပွဲအတွက် ဆွေးနွေးပွဲသို့ EXO နှင့် စီအယ်လ် တက်ရောက်

တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းမှာ ကျင်းပလျက်ရှိတဲ့ ၂၀၁၈ ခုနှစ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲရဲ့ ပိတ်ပွဲအခမ်းအနားနဲ့ပတ်သက်ပြီး ပြုလုပ်တဲ့ ဆွေးနွေးပွဲသို့ နာမည်ကျော် အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "EXO"နဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "2NE1"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် အောင်မြင်နေတဲ့ စီအယ်လ်တို့ တက်ရောက်ခဲ့ကြကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလိုတက်ရောက်ကာ မီဒီယာတွေနဲ့ တွေ့ဆုံခဲ့ရတာကတော့ "EXO"နဲ့ စီအယ်လ်တို့ဟာ ပိတ်ပွဲအခမ်းအနားမှာ ပါဝင်ဖျော်ဖြေကြမယ့် အနုပညာရှင်တွေဖြစ်တာကြောင့်ပါ။ အဆိုပါဆွေးနွေးပွဲကို " EXO "အဖွဲ့ဝင်တွေက အိုလံပစ်အမှတ်တံဆိပ်ပုံစံဖန်တီးထားတဲ့ မျက်မှန်တွေ တပ်ဆင်ကာ လာရောက်ခဲ့ကြတာကိုတွေ့ရပြီး စီအယ်လ်ကတော့ သူ့ရဲ့ ကိုယ်ပိုင်ပုံစံအတိုင်း ဖက်ရှင်ဘုရင်မတစ်ဦးအသွင် ပြင်ဆင်တက်ရောက်ခဲ့တယ်လို့လည်း သိရပါတယ်။

အိုလံပစ်ကျင်းပရေးကော်မတီက ပိတ်ပွဲအခမ်းအနားမှာ ဖျော်ဖြေပေးသွားမယ့် အနုပညာရှင်တွေများစွာကို စဉ်းစားဆွေးနွေးခဲ့ကြပြီး နောက်ဆုံးမှာတော့ "EXO"နဲ့ စီအယ်လ်ဟာ အသင့်တော်ဆုံးနဲ့ အကောင်းဆုံးဖြစ်တယ်လို့ ဆုံးဖြတ်ခဲ့ကြတာလည်း ဖြစ်ပါတယ်။



## ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အဖွဲ့အစည်းများ၏ ဒုတိယအကြိမ် မျက်နှာစုံညီ စည်းဝေး



**တောင်ကြီး ဖေဖော်ဝါရီ ၂၂**
ရှမ်းပြည်နယ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အဖွဲ့အစည်းများ၏ ဒုတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းရင်းသားအားလုံး ရရှိခံစားစေရေးအတွက် အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်ရန် အခက်အခဲများစွာရှိနိုင်ပြီး ရည်မှန်းချက်တူညီသည့် အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်သဖြင့် တိုင်းရင်းသားကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ တက်ရောက်လာသူ အားလုံးမှ စိတ်ရှည်စွာဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် စနစ်ကောင်းများ ပျိုးထောင်ပေးနိုင်ရန် ရည်မှန်းချက်ဖြစ်သည့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားနိုင်ကြစေရေး အားလုံးဝိုင်းဝန်းကြိုးပမ်းကြရန် ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ UN agencies၊ INGOs၊ NGOs၊ CBOs၊ CSOs များမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## ဆရာ ဆရာမ လိုအပ်ချက် ဖြည့်ဆည်းပေးမည့် ချင်းပြည်နယ် ပညာရေးကောလိပ် ဖွင့်ပွဲကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၂၂**
ချင်းပြည်နယ်၏ အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး ဆရာ၊ ဆရာမ လိုအပ်ချက်များ ဖြည့်ဆည်းခန့်ထားနိုင်ရေးနှင့် အရည်အသွေးရှိသည့် ပညာရေးဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရေးတို့အတွက် ချင်းပြည်နယ်တွင် ပထမဆုံးဖွင့်လှစ်သည့် ဟားခါးပညာရေးကောလိပ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်အားပေးသည်။

ဟားခါး ပညာရေးကောလိပ် ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားပြီး အဆင့်မြင့်ပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်းက ကျေးဇူးတင်စကား ပြောကြားကာ ဟားခါးပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးဟရန်ဘွဲပုမ်က ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များပေးအပ်ခဲ့သည်။

ဟားခါး ပညာရေးကောလိပ်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၄ ရက်၌သင်ကြားမှု စတင်ဆောင်ရွက်ခဲ့ပြီး သင်တန်းသား ၅၀ ကို သင်ကြားရေး ဆရာ၊ ဆရာမ ၂၆ ဦးက ဆရာအတတ်ပညာများ စာတွေ့ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

ချင်းပြည်နယ်၏ အဆင့်မြင့်ပညာရေးကဏ္ဍအတွက် ဟားခါးမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံနှင့် ဟားခါးကောလိပ်သာရှိခဲ့ရာမှ ယခု ဆရာအတတ်ပညာများကို သင်ယူနိုင်မည့် ဟားခါးပညာရေးကောလိပ် ကိုဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ချင်းပြည်နယ်၏ ပညာရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် ပြန်/ဆက်**

## ခင်ဦးမြို့တွင် ဖမ်းဆီးသိမ်းဆည်းထားသည့် အသံဆူညံဆိုင်ကယ်အိတ်ဇောများ ဖျက်ဆီး

**ခင်ဦး ဖေဖော်ဝါရီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့တွင် အများပြည်သူကို စိတ်အနှောင့်အယှက်ဖြစ်စေသော အသံထိန်းကိရိယာမပါရှိသော အသံဆူညံဆိုင်ကယ်အိတ်ဇောများကို လမ်းကြိတ်စက် ဖြင့် ဖျက်ဆီးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှေ့တွင် ဖျက်ဆီးခဲ့သည်။

အဆိုပါ ဖမ်းဆီးသိမ်းဆည်းထားသည့် အသံဆူညံဆိုင်ကယ်အိတ်ဇောများ ဖျက်ဆီးဆောင်ရွက်မှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ပြီး အသံဆူညံ ဆိုင်ကယ်အိတ်ဇော ၁၅၀ ခန့်ကို လမ်းကြိတ်စက်ဖြင့် ဖျက်ဆီးခဲ့သည်။

အခုလို အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ ဆိုင်ကယ်အိတ်ဇောတွေကို ဖျက်ဆီးဆောင်ရွက်သင့်ကြောင်း၊ ဆူညံဆိုင်ကယ်အိတ်ဇောရောင်းချတဲ့ ဆိုင်တွေကိုလည်း စိစစ်စေချင်ကြောင်း ရောင်းချတဲ့သူရှိလို့ ဝယ်ပြီးတပ်ဆင်တာဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**ခင်ဦးစိုးဝေ**

## အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၈ ခုနှစ် (၆၃)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ တတိယနေ့ ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၂ နံနက် ၇ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၀၀ ပြိုင်ပွဲ၊ အမျိုးသား ၁၀ မျိုးစုံပြိုင်ပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတို့ကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ နည်းပြ၊ အုပ်ချုပ်သူများ လာရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများ ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ၂၀၁၈ ခုနှစ် (၆၃)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ် နောက်ဆုံးနေ့ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ နံနက် ၈ နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို နံနက် ၁၀နာရီ ၄၀ မိနစ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ဇော်**



## ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ရှင်းလင်း

**ကလေး ဖေဖော်ဝါရီ ၂၂**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဆောင်ရွက်မည့် ၆၆ ကေဗွီ ရာဇဂြိုဟ်- ကလေး-ကလေးဝ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်မည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကလေးခရိုင် ကလေးမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အဖွင့်အမှာစကားပြောကြားပြီးနောက် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) ဌာနမှ စီမံကိန်းဆိုင်ရာ ညွှန်ကြားရေးမှူး ဦးမင်းနိုင်က ၆၆ ကေဗွီ ရာဇဂြိုဟ်-ကလေး-ကလေးဝဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများအတွက် တည်ဆောက်မည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်သည့် ရည်ရွယ်ချက်များ၊ ထိုသို့တည်ဆောက်ရာတွင် လူမှုပတ်ဝန်းကျင်ကို အကျိုးသက်ရောက်မည့် အခြေအနေများကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြပေးကာ စီမံကိန်းဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသန့်နိုင်က တည်ဆောက်မှုနှင့်ပတ်သက်၍ ဓာတ်အားလိုင်း ဖြတ်သန်းသွားမည့် ကျေးရွာများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးရှောင်ကွင်း၍ တောင်ကုန်းတောင်တန်းများပေါ်မှ ခက်ခက်ခဲခဲ ဆောင်ရွက်ပေးလျက်ရှိကြောင်းကို Google Earth ဗီဒီယိုဖိုင်ဖြင့် ဓာတ်အားလိုင်းဖြတ်သန်းသွားလာမည့် လမ်းကြောင်းများအား ရှင်းလင်းပြသသည်။

ဆက်လက်၍ စီမံကိန်းညွှန်ကြားရေးမှူးက နိုင်ငံတော်အနေဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နိုင်ငံတစ်ဝန်းတိုးတက်ဖြန့်ဖြူးနိုင်အောင် အချိန်နှင့်အမျှ ကြိုးစားတည်ဆောက်ပေးလျက်ရှိကြောင်း၊ ဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းများကြောင့် ထိခိုက်ပျက်စီးမည့် သီးနှံပင်နှင့် နှစ်ရှည်ပင်များ၊ အဆောက်အအုံများအတွက် ဥပဒေနှင့်အညီ လျော်ကြေးပေးအပ်သွားမည်ဖြစ်ကြောင်း၊ ၆၆ ကေဗွီ ရာဇဂြိုဟ်-ကလေး - ကလေးဝဓာတ်အားလိုင်း တည်ဆောက်မှုလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် ပြီးစီးမည်ဖြစ်ပြီး ကလေးဝမြို့နယ်သည်လည်း လျှပ်စစ်ဓာတ်အား စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

"၆၆ ကေဗွီ ရာဇဂြိုဟ်-ကလေး-ကလေးဝ ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးသွားရင်တော့ ရာဇဂြိုဟ် ရေအားလျှပ်စစ်စက်ရုံကနေ ထွက်ရှိလာတဲ့ ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက်မယ်၊ ကလေးဝမြို့ကို နိုင်ငံတော်ဓာတ်အားပေးစနစ်ကနေ ဓာတ်အားပေးမယ်၊ ရာဇဂြိုဟ်စက်ရုံမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေနဲ့ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ပြီးသွားရင် အနီးနားမှာရှိတဲ့ ကျေးရွာတွေကို နိုင်ငံတော်ဓာတ်အားစနစ်ကနေ ဓာတ်အားပေးနိုင်တော့မှာဖြစ်ပါတယ်" ဟု စီမံကိန်းဆိုင်ရာ ညွှန်ကြားရေးမှူး ဦးမင်းနိုင်က ဆက်လက်ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်နှင့် လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ရာတွင် ဆက်စပ်ပတ်သက်လျက်ရှိသည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ မေးမြန်းချက်များအပေါ် စီမံကိန်းညွှန်ကြားရေးမှူးက ပြန်လည် ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

## တရားရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများရှင်းလင်း

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၂**
ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီခွဲက မြစ်ကြီးနားမြို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် တရားရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာက ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ အမှုများအား ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန် စစ်ဆေးစီရင်ရေး၊ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်တည့်မတ်ခိုင်မာအောင် ဆောင်ရွက်ရေးနှင့် ပြည်သူများယုံကြည်အားကိုးသော တရားစီရင်ရေးဖြစ်ထွန်းအောင် တရားသူကြီးများက ဝိုင်းဝန်းဆောင်ရွက်ကြရေး လမ်းညွှန်မှာကြားမှုများအား ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ဦးဇော်ဝင်းနှင့် ဒေါ်ပြုံးပြုံးအေးတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ ပြည်နယ်တရားရေးဦးစီးမှူး ဦးဖြိုးဖြိုးက တရားရုံး စီမံခန့်ခွဲရေးကိစ္စရပ်များ ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

## စုပေါင်း သန့်ရှင်းရေးဆောင်ရွက်

**ပျော်ဘွယ် ဖေဖော်ဝါရီ ၂၂**
ပျော်ဘွယ်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မျိုးမြင့်လွင် ဦးစီးသော တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ တတိယပတ်က ပျော်ဘွယ်မြို့ ပြည်သာယာရပ်ကွက် မြသိန်းတန် ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ကယားပြည်နယ်ဝန်ကြီးချုပ်က အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သည့်အဖွဲ့အားလက်ခံတွေ့ဆုံ



**လွိုင်ကော် ဖေဖော်ဝါရီ ၂၂**

ကယားပြည်နယ်အတွင်း အမေရိကန်အစိုးရ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသော စီမံကိန်းများ ကြည့်ရှုလေ့လာရန် လာရောက်သည့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှသံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သည့်အဖွဲ့အား ကယားပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၃ နာရီခွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် အမေရိကန် သံအမတ်ကြီးက ကယားပြည်နယ်အတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်၊ အသွင်ကူးပြောင်းရေး ဆောင်ရွက်နေသည့် လုပ်ငန်းများအား ဆွေးနွေးခဲ့ရာ ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေး ဖြေကြားပေးခြင်း၊ ပြည်နယ်အတွင်း ဖော်ဆောင်ရာတွင် လိုက်နာရန်လိုအပ်သည့် မူဝါဒများချပြဆွေးနွေး ခြင်း၊ ငြိမ်းချမ်းရေး ဖြစ်စဉ်များနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးမှု အခြေအနေများ၊ INGOs /CSOs များအနေဖြင့် ပြည်ပအစိုးရ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများတွင် ရည်ရွယ်ချက် ပေါ်လွင် ပေါက်မြောက်အောင် ဆောင်ရွက်ရာတွင် သတိပြုရမည့် အချက်များကို ရှင်းလင်းဆွေးနွေး ခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက ကျန်းမာရေးကဏ္ဍ အားလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ food security ကဏ္ဍအား လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ကော့သောင်းမြို့တွင် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ကော့သောင်း ဖေဖော်ဝါရီ ၂၂**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင်ကျင်းပမည့် ခရီးသွားနှင့်ရင်းနှီးမြှုပ်နှံမှုပွဲတော်ကျင်းပနိုင်ရေး အကြိုညှိနှိုင်း အစည်းအဝေးတစ်ရပ် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုအေးက ပွဲတော်ကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးတက်ရောက်လာသည့် ပွဲတော်ကျင်းပရေး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆောင်ရွက်မည့် လုပ်ငန်းများအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် ကျင်းပရေးဆပ်ကော်မတီ အသီးသီး တာဝန်ရှိသူများက ပွဲတော်ကျင်းပမည့် ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် (၃)မိုင်ကွင်းသို့ သွားရောက်ကြည့်ရှုကာ ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့်အစီအမံများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

အဆိုပါခရီးသွားနှင့်ရင်းနှီးမြှုပ်နှံမှုပွဲတော်တွင် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းများနှင့်သက်ဆိုင်သော၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနပြခန်း၊ တိုင်းဒေသကြီး MIC ပြခန်း၊ ဆလုံရိုးရာယဉ်ကျေးမှုပြခန်း ၊ ထိုင်းခရီးသွား ကုမ္ပဏီပြခန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များပြခန်း၊ ထားဝယ်၊ မြိတ်ခရိုင်ဒေသပြခန်း၊ သစ်တောနှင့် ပုလဲမွေးမြူရေးပြခန်း၊ ဒေသတွင်းနိုင်ငံတကာအဆင့်မီ အပန်းဖြေကျွန်းပြခန်းများ၊ ဒေသတွင်းအခြားစီးပွားရေး လုပ်ငန်းရှင်များပြခန်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားပြခန်းများ၊ ဒေသထွက်ကုန် အစားအစာ၊ အဝတ်အထည်နှင့် ဒေသရိုးရာယဉ်ကျေးမှုပြခန်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်း ရိုးရာတေးဂီတဖျော်ဖြေမှု အစီအစဉ်များ၊ မြန်မာရိုးရာအကပဒေသာများဖြင့် ကော့သောင်းမြို့တွင် နိုင်ငံတော်အဆင့် ပွဲတော်တစ်ခုအဖြစ် ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်း ဒေသကြီး၏အဓိကဝင်ပေါက် တစ်ခုဖြစ်သည့် ကော့သောင်းဒေသသည် နယ်မြေတည်ရှိမှုအရ ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်လျက် ပင်လယ်အခြေပြု အဏ္ဏဝါခရီးသွားလုပ်ငန်းကို အဓိကဆောင်ရွက်လျက်ရှိရာ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ထိုင်းလူမျိုးအပါအဝင် နိုင်ငံတကာ ခရီးသွားများ ဒေသအတွင်းဝင်ရောက်လည်ပတ်ကာ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးလာရေးနှင့် တနင်္သာရီတိုင်းဒေသကြီးအမှတ်တံဆိပ်ပိုမိုပေါ်လွင်ထင်ရှားလာရေး၊ အလာအလားအကောင်းဆုံး ခရီးစဉ်ဒေသ (Promising Destination) ဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးသည် အနာဂတ်မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသကြီးတစ်ခု ဖြစ်ပေါ်လာရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍအတွက်သာမက ရင်းနှီးမြှုပ်နှံမည့်သူများ၏ အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်မည့်အခြေခံအချက်များကို သိရှိခွင့်ရကြစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေး

**တွံတေး**။ ။ တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦးသည် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီခွဲက တလုတ္ထော်ကျေးရွာ အုပ်ချုပ်ရေးမှူး နေအိမ်၌ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**၁၁၈**

**စမ်းချောင်း**။ ။ စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လွင်နှင့် မြို့မ ရဲစခန်းမှူး ဒုရဲမှူး ဝင်းနိုင်တို့သည် ဖေဖော်ဝါရီ ၂၁ ရက် ည ၈ နာရီ က ဝေဠုဝန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ကွမ်းခြံကုန်း**။ ။ ကွမ်းခြံကုန်းမြို့နယ်ရဲတပ် ဖွဲ့မှူး ရဲမှူးစိုင်းသိန်းမောင်သည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁ နာရီခွဲတွင် ထီဖာ ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု လျော့နည်း ကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**တောင်ဥက္ကလာပ**။ ။ တောင်ဥက္ကလာပ မြို့မရဲစခန်းမှူး ဒုရဲမှူးရွှေဌေးသည် ဖေဖော်ဝါရီ ၂၁ ရက် ည ၇ နာရီက အမှတ်(၅) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး ဟောပြောခဲ့ရာ ရပ်ကွက်နေပြည်သူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ဆေးနည်း

## ခင်မောင်အေး(မန္တလေး)

စာရေးဆရာလို့ အမည်ခံယူကြသူတိုင်း မဂ္ဂဇင်းတိုက် အသီးသီးသို့ ကိုယ်တိုင် တစ်နေကုန် တစ်နေခန်း ကုန်းရုန်းကြိုးစား အားထုတ်ရေးသားပေးပို့ထားခဲ့သော စာမူတွေလျှောက်ပို့ မိမိစာမူလေးပါသည့်လဆို စာမူခလေးထုတ်။ ခြေတိုပြီး ပင်ပန်းလှပါသည်။ ဝမ်းစာအတွက် အလုပ်လုပ်နေကြရခြင်းဖြစ်၏။ ယနေ့သတင်းစာထဲမှာ သန်လျင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပသည့် သတင်းကို ဖတ်ရှုရပါသည်။ သည်အခါတွင် ကျွန်တော့အနေဖြင့် မှတ်မိသတိရနေခဲ့သည့် တင်မောင်ထက် (ကွမ်းခြံကုန်း) တစ်ခါကရေးသားခဲ့သော "အလုပ်" ဟူသည့် ဆောင်းပါးတစ်ပုဒ်ကို သတိရမိသွားပါသည်။ ဆောင်းပါးပါ အကြောင်းအရာကို မှတ်သားမိသမျှ ပြန်လည်ကိုးကား ရေးသားမိပါသည်။ အကြောင်းအရာမှာ၊

"ပျင်းမနေနဲ့ ပျင်းမနေနဲ့ အလုပ်လုပ်ကြပါ။ ထမင်းတစ်လုတ်အတွက် အလုပ်လုပ်ကြပါ။ လေးစားအပ်တဲ့ လုပ်သားပြည်သူများခင်ဗျား၊ ကျွန်တော် ထမင်းတစ်လုတ်အတွက် အလုပ်လုပ်ပါတော့မယ်။ လုပ်သားပြည်သူဦးကြီးများအတွက်၊ ဦးဦး၊ ဒေါ်ဒေါ်၊ မမများအတွက်၊ ဟောဒီမှာ ခင်ဗျ၊ အစွမ်းထက်တဲ့ ဆေးတစ်လက်ပါ။ သွေးဆုတ်ခြင်း၊ အိပ်ရေးပျက်ခြင်း ဒဏ်တွေအားလုံးကို ကာကွယ်ပေးသွားမယ့် အထူးခြားဆုံး ဆေးတစ်လက်ပါခင်ဗျား၊ အကျိုးရှိတာပေးမယ့် ဆေးခင်ဗျ။ တစ်နေကုန်ပင်ပင်ပန်းပန်း အလုပ်တွေလုပ်ပြီး ညဘက်အိပ်စက်ပြီးဆိုရင် အိပ်မက်ကောင်းတွေမက်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နိုင်ဖို့ ဆေးခင်ဗျ။ တစ်ထုပ်မှ နှစ်ရာ ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူနိုင်ပါတယ်။ ဝယ်သူတိုင်းအကျိုးရှိမယ့် ဆေးပါခင်ဗျ။ အကောင်းဆုံး "မရဏ" တံဆိပ် ကြမ်းပိုးသတ်ဆေး"

"ပေး --- ပေး၊ ငါးထုပ်"

"ဆယ်ထုပ်လောက် ရောင်းပါဦး"

"အို --- ဆယ့်ငါးထုပ်ဗျို့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ရပါပြီခင်ဗျာ၊ မြန်မြန်ဝယ်ကြပါ၊ သင်္ဘောထွက်ပါတော့မယ်၊ အမြန်ဝယ်ထားမှ သင်္ဘောထွက်ရင် မရလိုက်ဘဲ ဖြစ်သွားလိမ့်မယ်နော်"

သင်္ဘောစီး ခရီးသည်တွေ အလုအယက် ဝယ်နေကြ၏။ ကြမ်းပိုးသတ်ဆေး အထုပ်တော်တော်များများ ရောင်း၍ ကုန်သွားသည်။ သင်္ဘောက ပန်းဆိုးတန်ဆိပ်ကမ်းမှ အခွာ၊ ဆေးရောင်းသူလွှားခနဲခုန်ချကျန်ရစ်ခဲ့သည်။ သူ့အလုပ်က တော်တော်ကောင်းသည်။ အချိန်မကုန် လူမပန်း အားကျဖွယ်ရာ မဟုတ်ပါလား။

ဒိုင်းခနဲ ကုန်းဘောင်နှင့် သင်္ဘောဆောင့်လိုက်တော့မှ မိမိစဉ်းစားခန်းရပ်သွားသည်။ ဒလသို့ ရောက်ပြီဖြစ်၍ ကွမ်းခြံကုန်းကားပေါ်သို့ အပြေးအလွှား ခုန်ပျံကျော်လွှား သရုပ်ဆောင် အလားတက်လိုက်ရ၏။ ပါစင်ဂျာကား လူပြည့်တော့ ထွက်လာသည်။ လမ်းတွင် တွေ့၍ တားသူများကိုလည်း တင်သည်။ လူနှင့်ကားက မဆံ့ပေ။ ကားပေါ်မှာ ခရီးသည်တွေ အကျပ်ကျပ်၊ အညပ်ညပ်၊ တစ်ယောက်ပေါ်တစ်ယောက် ထပ်မတတ်။ ကားဆရာက ရသမျှလူအကုန် တင်သွားသည်။ ဘဝဟူသည် မွန်းကျပ်လှပါကလား။ သံဝေဂကထာတစ်ခု ရရှိသွားသည်။

ပါစင်ဂျာကားက တငြိမ့်ငြိမ့်ပြေးလျက်ရှိသည်။ ခရီးသည်တွေ မဆံ့မပြဲ တင်ဆောင်ထားသဖြင့် အင်ဂျင်က တဒီးဒီး မြည်သံပင်ထွက်ပေါ်နေသည်။ ခဏမျှအကြာ၊

"ဟင်- မအေပေး၊ လူလိမ်၊ မသာပေါ်မယ့် အကောင်တော်၊ ဒီမှာ ကြည့်ကြစမ်းပါဦး၊ မရဏကြမ်းပိုးသတ်ဆေးတဲ့"

"ဟောတော့၊ ဟုတ်ပါရဲ့၊ ကြည့်စမ်းပါဦး၊ ဟင်၊ အထုပ်ထဲမှာ ဆေးလည်းမပါ ပါကလား"

အထုပ်အတွင်း ဆေးလုံးဝမတွေ့ရ၊ ဖြည်ကြည့်သည့်အခါ စာရွက်ပိုင်းလေးတစ်ခု လက်နှိပ်စက်ဖြင့် ရိုက်ထားသော စာတစ်ကြောင်းသာ ပါရှိ၏။

"ပျင်းမနေနဲ့ နာနာရှာ၊ နာနာသတ်ပါ"တဲ့၊

နောက်တစ်ထုပ် ထပ်မံဖြည်ကြည့်လိုက်ပြန်သည့်အခါ

"လူမနိုင်ရင် ရေနံဆီနဲ့လောင်း မီးရှို့ပြီးသတ်ပါ"တဲ့၊

နောက်တစ်ထုပ် ထပ်မံ၍ မရဲတရဲ ဖောက်ကြည့်လိုက်ပြန်သည့်အခါ၊

"နေပူပူမှာ အိပ်ရာ၊ စောင်၊ ခေါင်းအုံးများ ထုတ်လှန်းပြီး တုတ်နှင့် နာနာရိုက်၍ ခါပါ"

"ဟားဟား - ဟား၊ ဒီလူက နည်းပေးသွားတာပေါ့၊ ကောင်းပါ့ဗျာ၊ စိတ်မဆိုးပါနဲ့ အဒေါ်ရယ်၊ သူနည်းပေးလမ်းပြ လုပ်သွားတဲ့အတိုင်း လုပ်မယ်ဆိုရင်လည်း ကြမ်းပိုးတွေ သေပါလိမ့်မယ်"

"အလိုတော်၊ နောက်မသာတစ်ကောင်၊ ဒါတွေကို သူက ပြောမှလား။ ကိုယ့်ဘာသာ ကိုယ်လုပ်တော့လည်း ရတဲ့ဟာကို"

"နို့၊ ဒေါ်ကြီးတို့ သူ့နည်းမျိုး အိမ်မှာ လုပ်ပြီးကြလို့လား"

"တော်တော်၊ ဟင်း- သေနာကောင်က လူလိမ်ဘက်က ရှေ့နေလိုက်ပေးနေပြန်သေးတယ်"

ပါစင်ဂျာကားပေါ်တွင် ဆဲဆိုကြိမ်းမောင်းသံတွေ ပွတ်လောရိုက်သွား၏။ ကြမ်းပိုးသတ်ဆေးဝယ်ယူသွားကြသူများ မိမိတို့အိမ် မိမိတို့ ပြန်ရောက်သွားကြပြီးနောက် ဆဲသံဆိုသံ ကျိန်ဆဲသံတွေ ပလူပျံနေကြမှာ သေချာသည်။ ဒါမှမဟုတ် ကြမ်းပိုးသတ်ဆေး ရောင်းသူပေးသည့် နည်းလမ်းအတိုင်း လုပ်နေကြမည်လား မပြောတတ်နိုင်။

**Credit: တင်မောင်ထက်(ကွမ်းခြံကုန်း)**

'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ

သဉ္ဇာသန္တိနီ

ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ကျောင်း ၁

ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ကျောင်း ၂

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံမည်



မြန်မာ့တက္ကသိုလ်ဝင်တန်း TOP TEN



မြန်မာ့တက္ကသိုလ်ဝင်တန်း TOP TEN

အဆင့်မြင့် ဘော်ဒါ

FORWARD အဆင့်မြင့် စာသင်ဝိုင်း

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397939



PRECIOUS
GEMS & JEWELLERY
10th Anniversary Sales

February (24-25)
နှစ်ရက်တည်းသာ

Colour D,E,F Clarity IF, VVS1 ရှိသော စိန်များကိုသာ အသုံးပြု၍ Thai ပန်းထိမ်ပညာရှင်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများအား စိန်ရှိန်၊ စိန်အစည်အသွေး၊ ရွှေချိန်၊ ရွှေအရည်အသွေးများကို အာမခံဖြင့် ရောင်းချပေးနေပါသည်။ မိုးကုတ်ကျောက်မျက်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများကိုလည်း Lab စစ်ဆေးချက် Certificate ဖြင့် အာမခံရောင်းချပေးပါသည်။

**Promotion** ရက်အတွင်း အထူးဈေးနှုန်း (Discount) များဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

အမှတ်(၂၉)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းလမ်းဆုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁-၅၄၆၆၄၅၊ ၀၉-၇၃၀၁၃၀၆၀၊ ၀၉-၄၄၃၀၁၃၀၆၀



STANDARD ECO ZONE
your affordable quality

SG Eco laminate floor
New Designs



12 mm- ၁ ကျင်း
134,000 Ks

Hotline: 09 4555 444 30, 09 4555 444 03



အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်

ဂုဏ်ထူး-ဦးအောင်ဒိုင်

Grammar & Essay Class
သဒ္ဒါ + စာစီစာကုံး သင်တန်း

March April May

မြို့လယ် ၂၂ ဝန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန္ဒာလမ်း 09 798 44 33 20



Bedsheet Comforter Pillow Bolster

GOLDEN EDEN
SLEEP SOLUTIONS



Promotion!
ကျိုက္ကဆံ Super One
24 - 2 - 2018
&
25 - 2 - 2018

NOW AVAILABLE AT
Imported From Singapore
www.goldenedensleepsolutions.sg


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉ င᠁)၊ မြေကွက်အမှတ်(၁၀၅)၊ မြေကွက်တည်နေရာအမှတ် (၁၆)၊ ဗားကရာတောရလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ (၁) ဒေါ်မြမြသွယ် [၁၂/စခန (နိုင်) ၀၄၅၃၃၁]၊ (၂) ဦးဇော်ရှိန်ဝင်း [၁၂/စခန (နိုင်) ၀၀၆၁၂၄]၊ (၃) ဦးမင်းအောင် [၁၂/စခန (နိုင်) ၀၀၇၂၇၅]] အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားမရုံး တရားမကြီးမှုအမှတ်-၆၅/၂၀၁၃၊ တရားမအသေးအဖွဲ့ဇာရီမှုအမှတ်-၁၀၂/၂၀၁၃ တို့အရ ဧရိယာ(၀. ၀၅၆)ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏အနောက်ဘက် (၅၈ ပေ ၃ လက်မ)၊ အရှေ့ဘက် (၄၀ ပေ ၆ လက်မ)၊ တောင်ဘက် (၃၂ ပေ)၊ မြောက်ဘက် (၃၂ ပေ) အား တရားရုံးများကိုယ်စား ဒေါ်ရတနာထွန်း(ဘီလစ်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၄၀၀၁/၂၀၁၇) ၂၉-၁၂-၂၀၁၇ ဖြင့် (၁) ဒေါ်ခင်ကြူ [၁၂/စခန(နိုင်)၀၄၆၄၀၁]၊ (၂) ဒေါ်ရင်ရင်သိန်း [၁၂/စခန(နိုင်)၀၄၅၄၉၅] တို့မှ တစ်ဖက်သတ်မြေခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ နန္ဒဝန်ဈေး၊ ကျောက်ပြား(၃)၊ ဆိုင်အမှတ် (၂၀၂/၂၀၃) အငှားချထားခြင်းခံရသူ ဒေါ်သူသူအောင် [၁၂/မဂတ(နိုင်)၀၈၄၅၂၆]သည် ရန်ကုန်မြို့တော်စည်ပင်ဈေးများဌာန အငှားချထားသော စာအုပ်အမှတ်(၁၁၄၈၅) ဆိုင်အမှတ်(၂၀၂)နှင့် စာအုပ်အမှတ် (၁၁၄၈၆) ဆိုင်အမှတ်(၂၀၃)စာအုပ် ပျောက်ဆုံးပါသဖြင့် ပြန်လည်လျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သူသူအောင် [၁၂/ မဂတ(နိုင်)၀၈၄၅၂၆]**
**အမှတ် ၂/၄၊ ၄-လွှာ၊ မွှေးရုံလမ်း၊ ကန်တော်ကလေး၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၂၂၇၉**

## အစုစပ်ဖြတ်စိုးခွဲ့ရှုပ်ကြောင်း ကြေညာခြင်း

[illegible]

## လုံးဝမသက်ဆိုင်တော့ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာ၊ ဘုတာလမ်းနေ (ဦးဟာရှင်-ဒေါ်နိုစိမာ)တို့၏သမီးဖြစ်သူ ဖဒိုမြို့နေ မဇင်မာဦး(ခ)မစဖူးဒါသည် ညီအစ်ကိုမောင်နှမများနှင့် ဆွေမျိုးများအား အကြိမ်ကြိမ်အရှက်ရစေခြင်း၊ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ မိသားစုဝင်အဖြစ်မှ လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလည်း နောက်နောင်လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးချစ်(ခ)ဦးလှဦး [၇/ဒဥန(နိုင်)၁၀၄၃၅၈]**
**နှင့် ညီအစ်ကိုမောင်နှမများ**


✓ ထိုင်းရှင်ဘုရင်အကျော်ကြားပွဲတော်ဆု (ရိုနီဇာ - ၂၀၁၀) ရွှေတံဆိပ်ဆု
✓ နိုင်ငံတကာ ဆေးပညာ ဆုရ Certificate ရ
✓ ကမ္ဘာ့အရည်အသွေးမြင့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖျံ-၅-ကောင်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ
Ph.D (Alternative Medicines)

## မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ

ရွှေကျောင်းတော်ကြီး၏ ထုပိကာတော်အား လိုအပ်နေသည့် ရွှေစင်ရွှေပြား အသစ်ကပ်လှူခြင်း၊
ရာမလက်ညှိုးမှ ကြာကလပ်တော်အထိ ကြေးပြားနှင့်ရွှေစင်ရွှေပြား အသစ်ကပ်လှူခြင်း၊
ပြာသာဒ်တော်ဘုံခုနစ်ဆင့်နှင့် အရံစေတီတော်ဘုံသုံးဆင့်တို့အား မျက်ပါးရွှေကပ်လှူခြင်း တို့အတွက်

| | | | |
|---|---|---|---|
| (၁) | ထုပိကာတော် ( ၆" ပတ်လည်၊ ၆ သား ) ရွှေစင်ရွှေပြားတစ်ချပ် | = | ၉၄၀,၀၀၀/- |
| (၂) | ရာမလက်ညှိုးကြာကလပ်တော် ( ၉" ပတ်လည်၊ ၆၊ ၁၂ သား ) ရွှေစင်ရွှေပြားတစ်ချပ် | = | ၁,၆၄၅,၀၀၀/- |
| (၃) | ပြာသာဒ်တော်နှင့် အရံစေတီတော် မျက်ပါးရွှေ( ၂" ပတ်လည် )ရွှေတစ်ဆိုင်း | = | ၅၀,၀၀၀/- |
| (၄) | မျက်ပါးရွှေကပ်လှူပြီး အရံစေတီတော်၏ ထီးတော်တစ်ဆူ | = | ၁၆၅,၀၀၀/- |
| (၅) | မျက်ပါးရွှေကပ်လှူပြီး ကြာပန်းခိုင်တစ်ခိုင် | = | ၁၀၀,၀၀၀/- |

အလှူရှင်များအနေဖြင့်မဟာမုနိဘုရားကြီးရင်ပြင်တော်မိုးကောင်းဓမ္မာရုံ အလှူခံမဏ္ဍပ်တွင်လှူဒါန်းနိုင်ပါကြောင်းနှင့် ရပ်ဝေးအလှူရှင်များ အနေဖြင့် UAB ဘဏ်အမှတ်( 017070100006042 )သို့ ပေးပို့လှူဒါန်းနိုင်ပါကြောင်း နိုးဆော်အပ်ပါသည်။

ဆက်သွယ်နိုင်ပါရန် ဖုန်း = ၀၉-၂၂၂၈၀၀၂ ၊ ၀၉-၄၂၅၅၅၆၀၅၅

မဟာမုနိဂေါပကအဖွဲ့၊ မန္တလေးမြို့



ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ကောလိပ်

IDEAL CLASS EDUCATION CENTRE

ICEC

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက်
KG မှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းအပ်လက်ခံနေပြီ

မြေအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်၊
Tel : 09 300 59147, 09 300 59148
09 7958 86818, 09 2559 65938

(5-A/B) လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊
Tel : 09 731 66911, 09 450 401055
09 450 401011, 09 731 62577

(မြေ၁ / ၈ - ၂)၊ ညောင်တုန်းလမ်းနှင့်ကျွန်စစ်သားလမ်းထောင့်၊ (ရုံးရှေ့မှတ်တိုင်)၊ လှိုင်သာယာမြို့နယ်၊
Tel : 09 785274023, 09970 490781, 09 9799 862303

သန်လျင်မြို့တွင် ထပ်မံဖွင့်လှစ်လိုက်သော ကျောင်းသစ်
အမှတ်(၇)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ဆောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ (မှင့် - မြန်မာထမင်းဆိုင်နှင့်မျက်နှာချင်းဆိုင်)
Tel : 09 441 311 653, 09 441 311 628
09 790 767 138, 09 951 862 917



ပိုင်ရှင်ကိုယ်တိုင်ရောင်းသည်
09-793451164, 09-784638795



သီဟလင်း
(10',14',16',18',22')
01-570307
09-5112729
09-5126394



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
(G)
25'x60' = (45) သိန်း၊ 40'x60' = (70) သိန်း
Ph: 09- 421 161 198,09- 450 378 377



ပိုင်ရှင်ကိုယ်တိုင်ရောင်းသည်
09-795481505



GW
0973220006
0973133528
0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း



လိပ်ခေါင်း၊ ဂရင်ဂျီနာ
09-73121554
09-73038158, 09-43088215



မြန်မာကျော်ရှင်းနီးမြှုပ်နှံမှုအဖွဲ့ကုမ္ပဏီလီမိတက်မှ
တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်
Finance Project Manager (ကျား/မ) M/F (၁) ဦး
B.Eco, B.com, LCCI Level (3), ACCA Part (2)
Internet & E-mail
CV Form
E-mail : admin@myanmarkyawinvestmentgroup.com



မြန်မာ့ရိုးရာ ဆေးနည်းတို
ကုထုံးများ
[အကျရာစုံ ဆေးနည်းတို အဘိဓာန်]
ကြည်လွင်မြင့်(မှခြာ)






ရန်ကုန် - JCGV (Junction City)၊ ( Junction City Mall - စိန်ပွန်း)၊ JCGV (Mawtin) (Square)၊ Red Radiance(လှည်းတန်း)၊ နဝဒေး၊ မဟာမြိုင်၊ ရွှေဂုံတိုင်၊ Capital (သာကေတ)၊ မြတ်သာ(သန်လျင်)၊ ရွှေပြည်သာ 3D၊ PARADISO (မှော်ဘီ)၊ မန္တလေး - JCGV (Ocean)၊ မြို့ကျက်ရောင်၊ နေပြည်တော် - JCGV၊ အောင်သမြေ၊ ဖုသိမ် - ရွှေပြည်တော်၊ [PARADISO - ချောင်းဆုံ၊ ဘိုကလေး၊ မအူပင်၊ သထုံ၊ ] (မော်လမြိုင် - JCGV၊ PARADISO ၊ )ဘားအံ - ဦးဆောက်ပန်း၊ တတ်နေဝင်း၊ (မြိတ် - မြိတ်မင်္ဂလာ၊ Hello၊ ဝှက်)၊ တောင်ကြီး - မြသုခ၊ Mega Ace၊ PARADISO (အေးသာယာ)၊ ပခုက္ကူ - သီတာ၊ ပြင်ဦးလွင် - Movie Planet၊ ချယ်ရီလွင်၊ လားရှိုး - သိန်းထိုက်၊ မိတ္ထီလာ - ရှင်း၊ [ PARADISO - မုံရွာ၊ အောင်ပန်း၊ ကျောက်ပန်းတောင်း၊ ရွှေဘို၊ မတ္တရာ၊ တလေး၊ ]
တပြိုင်တည်း ဖူးဖူး


## ဂုဏ်ထူး မြန်မာစာ

မြန်မာစာ အထူးသင်ကျောင်း

## ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း

(KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ပညာရေး အဆင့်မြင့် ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ



M.Sc.(Final)

ORANGE SUPER MART





09-79 700 70 71
09-79 700 70 81

## မင်္ဂလာပါ

Box
09-450042704
09-250095116
09-420086296

## ဆရာဒွေး

Guide
Essay, Letter, Word-Verb Forms, Read the Passage

B.A (English), Dip in English (YUFL)
B.C (Advanced Level)
Dip in Communicative English (Stanford City)

4 Skills English Courses

Ph: 01-375970, 0951 72096, 09254541441

## NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY

# LCCI(UK)
## Level I,II & III

For September 2018 Exam

B.A (English),Dip;in E.L.T.M

## ဆရာဇော် ကိုယ်ပိုင်အထက်တန်းကျောင်း
## အဆင့်မြင့်ဘော်ဒါ

မတ်လ ၁ ရက်နေ့ ဖွင့်မည်။

## အောင်ဧယျ ညည်းခိုမှုခန်း

City Mart, Super One, ILBC
Car Parking
No.81,
Ph 09-9689 133 03
09-9689 133 63
Wifi Free
10000 / 12000
20000 / 27000
Facebook

## Columbus Vocational Education Centre (CVEC)
# Introductory course to Inbound Tour operations in Myanmar

Tour Company များတွင်ဝန်ထမ်းလိုအပ်ချက်အလွန် မြင့်မားနေတယ်ဆိုတာကို သင်သိပြီးပြီလား?

Tour Company များတွင် ဝင်ရောက်လုပ်ကိုင်လိုသူ

လူသစ်များအတွက် မရှိမဖြစ် လိုအပ်သော Basic knowledge of Tourism Industry များကို သင်ကြားပေးပြီး မြန်မာနိုင်ငံ၏ Tour destination များ၊ attraction များ၊ Facility များ အကြောင်းနှင့် operation အတွက် လိုအပ်သော Basic knowledge များကို သင်ကြားပေးမည်ဖြစ်သည်။

- Hotel Inspection

အပ်နှံသင့်သူများ
- Tour Company ထောင်လိုသူများ
- Tour Company တွင် အလုပ်ဝင်လိုသူများ
- Tour Guide လုပ်လိုသူများ
- Hotel တွင် အလုပ်ဝင်လိုသူများ
- နိုင်ငံခြား Company ကြီးများ၊ NGO များ၏ Travel Section များတွင် ဝင်လုပ်လိုသူများ

သင်တန်းဖွင့်မည့်နေ့ – ၃၁ . ၃ . ၂၀၁၈
သင်တန်းအချိန် – စနေ (၁၀း၀၀ မှ ၅း၀၀) ၊ တနင်္ဂနွေ (၈း၀၀ မှ ၁၂း၀၀)
သင်တန်းကာလ – ၆ ပတ်

01-2315868 , 09250293831

Facebook – cvecgroup@gmail.com

No(65) ဝါးတန်းလမ်း၊ လမ်းမတော်။

## YANGON BUSINESS ACADEMY (YBA)
### Applied Business Management Skill

General Management Skill

Course Content
- Introduction to Management
- Planning
- Communication
- Task Management
- Organization Structure
- Reporting

100% Refund

| | |
|---|---|
| စတင်မည့်ရက် | 25 Feb 2018 |
| နေ့ရက် | Sat, Sun |
| အချိန် | 2:30 PM to 5:30 PM |
| ကာလ | 24 Hours (1 month) |
| သင်တန်းကြေး | 80,000 Kyat |

Block C, Level 9, Room-901, Dagon Centre (1), Bargayar Road, San Chaung Township, Yangon, Myanmar.
Tel: +959 457 200 400, +959 457 200 500, +959 457 200 600
www.facebook.com/YBAEDUCATION

## ရွှေသပြေ



Ph : 01-664636, 01-662065


SHARE MY RIDE
GG-12XX . TOYOTA FIELDER
GrabTaxi Plus
သင် သွားလေရာရာ စိတ်ချလုံခြုံမှုရှိဖို့ဟာ
အရေးကြီးဆုံး အချက်တစ်ချက်ပါ
စိတ်ချလုံခြုံမှုရှိဖို့ဆိုတာ Grab အတွက် အရာအားလုံးထက် အရေးကြီးပါတယ်။ ဒါကြောင့်လည်း ယာဉ်မောင်းတွေကို သေချာ စိစစ်ရွေးချယ်မှု၊ ယာဉ်ရဲ့ကြံ့ခိုင်ကောင်းမွန်မှုနဲ့ အရေးပေါ် အကူအညီတွေအပေါ် Grab က အလေးထားတာပေါ့။ ဒါတွေက သင့်ကို အမြဲတမ်း စိတ်ချလုံခြုံပြီး သက်သောင့်သက်သာဖြစ်တဲ့ ခရီးစဉ်တွေကို ဖန်တီးပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။
အရည်အချင်းရှိ ယာဉ်မောင်းများ
• Grab ယာဉ်မောင်းအဖြစ် အသိအမှတ်ပြု ခံရဖို့ဆိုရင် လျှောက်ထားသူတွေဟာ ပထမဆုံး ISO အရည်အသွေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုစံနှုန်းနဲ့အညီ စိစစ်မှု နဲ့ လေ့ကျင့်သင်ကြားပေးခြင်း ခံယူရပါတယ်။
• သူတို့တွေဟာ စိတ်ချလုံခြုံရတဲ့ ခရီးစဉ်တွေ မောင်းနှင်မှုနဲ့ ဝန်ဆောင်မှုဟာ ဘယ်လောက်အရေးပါတယ်ဆိုတာနဲ့ ပတ်သက်ပြီး Grab ယာဉ်မောင်းစင်တာမှာ သင်တန်းတက်ရပါတယ်။
အာမခံ ခံစားခွင့်
ခရီးစဉ်အတွင်း သင်နဲ့ Grab ယာဉ်မောင်းတွေအတွက် ကြိုတင်အကာအကွယ် စီစဉ်ပေးထားတဲ့ အနေနဲ့ ခရီးစဉ်တွေရဲ့ စမှတ်နဲ့ ဆုံးမှတ်တွေကြား တစ်စုံတစ်ရာ ဖြစ်လာသည် ရှိသော် တစ်ကိုယ်ရေ အာမခံ ခံစားခွင့် အခမဲ့ ပေးထားပါတယ်။
သုံးစွဲသူဝန်ဆောင်မှု ဖုန်းလိုင်း
Grab ဖုန်းလိုင်းတွေကို တနင်္လာမှ သောကြာအတွင်း မနက် ၈ နာရီမှ ည ၈ နာရီအထိ ဖြေကြားပေးနေပါတယ်။ Grab ရဲ့ သုံးစွဲသူ ဝန်ဆောင်မှုဆိုင်ရာ ဝန်ထမ်းတွေကလည်း သင့် မေးခွန်းတွေအတွက် လိုလိုလားလားနဲ့ အကူအညီပေး ဆောင်ရွက်ပေးဖို့ အသင့် ရှိနေပါတယ်။
EMERGENCY
အရေးပေါ်ခလုတ်
သင့်ခရီးစဉ်ရဲ့ ဘယ်နေရာမှာပဲဖြစ်ဖြစ် အကူအညီ လိုအပ်လာပြီဆိုရင် အပလီကေးရှင်းက အရေးပေါ် ခလုတ်ကို နှိပ်လိုက်ရုံပါပဲ။ သူက သင့်ကို အရေးပေါ် ရဲစခန်း ဖုန်းနံပါတ်ဖြစ်တဲ့ 199 နဲ့ ချိတ်ဆက်ပေးပါလိမ့်မယ်။
ကိုယ့်ခရီးစဉ်ကို အသိပေးဝေမျှပါ
ဒါကတော့ သင့်ချစ်ရသူတွေအနေနဲ့ သင် စီးနင်းတဲ့ Grab ကားရဲ့ လက်ရှိ တည်နေရာကို ခြေရာကောက်နိုင်စေမှာ ဖြစ်သလို သွားတဲ့ လမ်းကြောင်းတစ်လျှောက်ကိုလည်း အချိန်နဲ့တစ်ပြေးညီ ပြပေးနေမှာပါ။ ဒီတော့ သူတို့ဟာ သင့် ခရီးလမ်းကြောင်းတစ်လျှောက် သင် ဘယ်နေရာကို ရောက်နေပြီဆိုတာကို အတိအကျ သိနေမှာ အသေအချာပါပဲ။
Grab App ကို ဒီမှာ ဒေါင်းပါ။
App Store
Google Play
Grab

## UNIQUE STAR TRAVELS & TOURS CO., LTD.

သင်္ကြန် ခရီးစဉ်များ

Hanoi - Halong Bay ($ 350)
Mar: 1, 2, 10, 23, 24

BaNa Hill - Halong Bay ($ 550)
Mar: 2, 10, 23, 24

Singapore
Mar: 2, 23, Apr: 10, 14 ($ 650 / $ 750)

Vietnam - Cambodia
Mar: 24, Apr: 11 ($ 650 / $ 850)

Bangkok - Pattaya ($ 350)
Mar: 1, 10, 23, 24

Singapore - Bali (7 Days)
Apr: 10, 14 ($ 1350)

Bali-Borobudur (6 Days)
Apr: 10, 13 ($ 1250)

Sin - Malay (7 Days)
Mar: 24, Apr 10, 14 ($ 1200)

BKK - Pattaya / Hua An (5 Days)
Apr: 11, 12, 13, 14 ($ 450)

Hanoi - Halong (4 Days)
Apr:10, 12, 14, 17 ($ 550)

BaNa Hill - Halong (5 Days)
Apr:10, 12, 14 ($ 750)

Phuket / ChinMai - BKK (5 Days)
Apr: 11, 12, 13, 14 ($ 850 / 750)

America (14 Days)
Apr: 7, 9, 10 ($ 3600)

Japan (9 Days)
Apr: 10, 11, 13, 14 ($ 2700)

Korea (9 Days)
Apr: 10 ($ 1650)

Beijing - HongKong (10 Days)
Apr: 10 ($ 1900)

Europe (9 C) (14 Days)
Apr: 9, 12 ($ 3600)

Egaland (10 Days)
Apr: 13 ($ 3400)

Mediterranean Sea (10 Days)
Apr: 13 ($ 3200)

Russia (9 Days)
Apr: 13 ($ 2900)

Scandinavian (12 Days)
Apr: 11 ($ 3900)

Greece (10 Days)
Apr: 12 ($ 3400)

Australia (9 Days)
Apr: 11 ($ 3400)

Europe (4 C) (10 Days)
Apr: 11 ($ 2900)

70/A, Kabaaye Pagoda Rd, Bahan Tsp.Ph: 09 540 1568, 09 540 1569, 09 514 8079, 09 200 6409. Facebook- Unique Star Travels and Tours. Viber: 09 760 858585 / 766 858585

---

## GL အဆင့်မြင့်ခရီးသွားလုပ်ငန်း

မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ (ကသာ) မြင်ဦးလှိုင် Apr 12
ပုဂံ၊ ပုပ္ပါး၊ စစ်ကိုင်း၊ မန္တလေး၊ မြင်ဦးလှိုင် Apr 12
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထန့်ဆိမ်း Apr 12
ချင်းပြည်နယ် ၊ (နတ်မတောင်)၊ ပုဂံ၊ ပခုက္ကူ Apr 12
(၅)ဦးနှင့်အထက်ဝယ်ယူသူတိုင်းPromotionအစီအစဉ်ရှိပါသည်။
09-73040051, 09-259280727, 09-5250900

---

09-422229733, 09-422229993

Feb 23, 28
Mar 2, 16, 23, 30

---

## DM TRAVELS

12000 ကျပ်
15000 ကျပ်
18000 ကျပ်
09-257103030, 09-257103050

---

09 4210 14940
09 4210 68050
- ငေါ်ရန်ချီကျွန်း သီးသန့် Feb 28 65000/90000/-
- ထားဝယ်-ရှင်ကိုရှင်-မောင်းမကန် Feb 28 120000/-
- ထားဝယ်-ရှင်ကိုရှင်-မြိတ်ကျွန်းစု Feb 28 220000/-

CAR RENTAL

---

## OD TOUR

Since 1997

ORIENTAL DRAGON TRAVELS & TOURS Co.,Ltd

| | | |
|---|---|---|
| [illegible] | (4D 3N)/(5D 4N) | Mar 1, 24, Apr 13,14 |
| [illegible] | (4D 3N)/(5D 4N) | Mar 1, 24, Apr 12,13,14 |
| [illegible] | (5D 4N)/(6D 5N) | Mar 1, 24, Apr 13,14 |
| [illegible] | (5D 4N) | Mar 1, 24, Apr 13,14 |
| [illegible] | (4D 3N)/(5D 4N) | Mar 1, 24, Apr 13,14 |
| [illegible] | (5D 6N)/(7D 6N) | Mar 1, 24, Apr 13,14 |
| [illegible] | (5D 6N)/(6D 7N) | Mar 23, Apr 11 |
| [illegible] | (4D 3N)/(5D 4N) | Mar 1, 24, Apr 12,13,14 |
| [illegible] | (5D 4N)/(6D 5N) | Mar 23, Apr 13 |
| ဥရောပ | (14D 13N) | Apr 9,10 |
| [illegible] | (13D 12N) | Apr 10 |

☎ 01-504808, 523187, 09-5187045, 09-444477129
www.facebook/ODTour www.odtourmyanmar.com

---

## ဂန္ဓဝင်ရွှေပုဂံ Travel & Tours

| | | | | | |
|---|---|---|---|---|---|
| [illegible] | USD 680 | [illegible] | USD 2900 |
| [illegible] | USD 680 | [illegible] | USD 3800 |
| [illegible] | USD 850 | [illegible] | USD 1900 |
| [illegible] | USD 1350 | [illegible] | USD 3950 |
| [illegible] | USD 1000 | [illegible] | USD 3500 |
| [illegible] | USD 1400 | [illegible] | USD 3900 |
| [illegible] | USD 1450 | [illegible] | USD 4600 |
| [illegible] | USD 550 | [illegible] | USD 3700 |
| [illegible] | USD 1590 | [illegible] | USD 4200 |
| [illegible] | USD 1100 | [illegible] | USD 3900 |
| [illegible] | USD 1350 | [illegible] | USD 4600 |
| [illegible] | USD 1400 | [illegible] | USD 4900 |
| [illegible] | USD 1800 | [illegible] | USD 3800 |
| [illegible] | USD 1600 | (East+West) | USD 4000 |
| [illegible] | USD 1590 | (East+West+Hawaii) | USD 5700 |
| [illegible] | USD 1980 | USD 2900 | USD 3700 |
| [illegible] | USD 2000 | | |
| [illegible] | USD 2750 | | |
| [illegible] | USD 3200 | | |

Hot Line 09- 790901466

---

THIS SUMMER, LET YOUR CHILDREN DEVELOP THE INNOVATIVE THINKING AND PRACTICAL SKILLS ESSENTIAL TO SUCCESS IN THE 21ST CENTURY.

## TOTAL SUMMER SCHOOL

Explore, Experience, Enhance



Enroll NOW!!

Kamayut | Thingangyun | Thaketa | Taunggyi | Kyi Myin Daing | Bayint Naung | North Dagon | Wei Za Yan Tar | Tamwe

www.brainworks-total.com

---

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(ကျောက်မျက်ပညာသင်တန်း/ဓာတ်ခွဲခန်းကော်မတီ)

အခြေခံကျောက်မျက်ပညာသင်တန်း(အပတ်စဉ်-၃၅)

သင်တန်းသားခေါ်ယူခြင်း

- ကျောက်စိမ်း၊ ပုလဲနှင့် စိန်၊ ပတ္တမြား၊ နီလာနှင့်အခြားကျောက်မျက်တို့၏ အမျိုးအစားခွဲခြားခြင်း၊ အတုအစစ်ခွဲခြားခြင်း
- စာတွေ့-လက်တွေ့-သင်ထောက်ကူပစ္စည်းများဖြင့်သင်ကြားမည်။
- (O-Level အပတ်စဉ်-၃၅) (၆.၃.၂၀၁၈)ရက်နေ့တွင် စတင်မည်။ သင်တန်းချိန် - နံနက် (၇း၃၀) မှ (၉း၃၀) ထိ
- သင်တန်းကာလ(၅)ပတ်ခန့်၊ အပတ်စဉ်(အင်္ဂါနေ့မှတနင်္ဂနွေနေ့ထိ)
- မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၊ အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph:09-73143496, 09-425021912, 01-663080

---

## YumYum နှင့် Xcite စားပြီး ကံစမ်းရယူကြပါစို့...

ကံစမ်းကာလ
၁.၁၁.၂၀၁၇ မှ ၃.၄.၂၀၁၈ နေ့အထိ

ပွဲစဉ်(၂)ခုပါ

NISSAN SUNNY Brand New 8 စီး



၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၅) ရက်နေ့တွင် ကားကံထူးခဲ့သောပေါက်မဲနံပါတ်များ
D184P27T77
L708V65X37
ထုမဲနောက်ဆုံးထုတ်ယူရမည့်ရက်
၂၈.၂.၂၀၁၈

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ကားကံထူးခဲ့သောပေါက်မဲနံပါတ်များ
OM57P74T84
Y4Z0167Z4E
ထုမဲနောက်ဆုံးထုတ်ယူရမည့်ရက်
၃၁.၃.၂၀၁၈

Hot Line 09-8635247
www.facebook.com/yumyummyanmar
www.yumyummyanmar.com

ဦးစိုးမြွေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

MEC

# MYANMAR EDUCATION CENTRE
# မြန်မာ့ပညာရေးအောင်မြေ

## ကိုယ်ပိုင်အထက်တန်းကျောင်း
## သူငယ်တန်းမှ ဒသမတန်း

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

ကျောင်းတည်နေရာ MEC-1 ...
MEC-2 ...
ဆက်သွယ်ရန် ...

- Lite Truck, Townace, Hiace, Mini-Bus ကျောင်းကားစီးလိုသူများ ဆက်သွယ်နိုင်ပါသည်။

... Ph.D, M.Sc, B.Sc ... (Ph.D, M.Sc, M.Ed, B.Ed, M.A ...)

... (4 Skills) ...

... (Air Condition) ...

... Study Guide ...

... (Ferry) ... Lite Truck ...

Home
"Factory Soft Opening Special Gift"
BUY 1
201,800
175,000/-
GET 1
Same Quality
ONLY- 75,000/-
20,000 ks
With Glossy Crystal Kitchen Doors !
https://www.facebook.com/HomeDistributionGroup/
09-79 700 70 71 09-79 700 70 81






Queenswood
Beauty Spa
Colour
Digital
Ph: 09 8177929

ဆရာချို (ရှပ)
2018-19 ပညာသင်နှစ်
(Mon to Fri)
(Mon to Fri)

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING



အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

ခရုသင်း (သမင်ဖြူ)
LEUCODERMA

အောင်ကမ္ဘာ အိမ်ခြံမြေရောင်းဝယ်ရေး
ဒဂုံမြို့သစ်ဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံမြေကွက်များ ဝယ်လိုသည်။ အိမ်အရောက် ငွေချေပေးသည်။ ပွဲခပေးရန်မလိုပါ။
ဖုန်း-၀၉-၄၃၁၁၈၂၀၀၊ ၀၉-၄၅၀၀၉၆၁၄၄၊ ၀၉-၄၅၀၀၉၆၁၅၅

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်တားသွားဆွဲကြိုးများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်း၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းစန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေခိုခံ
ဒီနိုင်ငံကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်အနီး၊ ပဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ...
Ph: 09-5425251, 09-73225464
အရောင်းခန်းမ(၃) - အမှတ်(၂၄၀)၊ ...
Ph: 09-5076661, 09-5076662, 09-5076663

# ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ကြရာတွင် ရေနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန် လိုအပ်လျက်ရှိ






ကမ္ဘာ့ရေနေ့ ၂၀၁၈ (World Water Day 2018) အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကမ္ဘာ့ရေနေ့ ၂၀၁၈ (World Water Day 2018) အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

## ဂေါ်ရန်ဂျီကျွန်းကို လူထုအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်မည်

**ငပုတော ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းဒေသရှိ ဂေါ်ရန်ဂျီကျွန်းကို အခြေတည်ကာ ကျေးရွာများတွင် လူထုအခြေပြုခရီးသွားလုပ်ငန်းတစ်ရပ်ကို ဒေသခံများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

"ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာ ခရီးသွားဒေသတွေအနေနဲ့ ငွေဆောင်၊ ချောင်းသာ၊ ပြီးတော့ မြတ်မော်တင်စွန်းပေါ့၊ မြတ်မော်တင်စွန်းကတော့ ဘုရားပွဲရာသီတစ်လလောက်ပဲဆိုပေမယ့် ငွေဆောင်၊ ချောင်းသာကျတော့ ဖွံ့ဖြိုးဆဲအနေအထားထက် ဖွံ့ဖြိုးနေပြီလို့ ပြောရမယ်၊ အဲဒီအချိန်မှာ ဂေါ်ရန်ဂျီကျွန်းဆိုတဲ့ ခရီးသွားဒေသတစ်ခု ပေါ်ထွက်လာတော့ တရားဝင် အပန်းဖြေစခန်းတစ်ခုဖြစ်လာအောင် ဒေသခံတွေနဲ့အတူ ဆောင်ရွက်မယ်၊ ဆောင်ရွက်ပြီးသွားရင်တော့ ဒီဒေသက ဧရာဝတီတိုင်းဒေသကြီးရဲ့ ပထမဆုံး လူထုအခြေပြု ခရီးသွားလုပ်ငန်းတစ်ခု ဖြစ်လာမှာပါ"ဟု **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖











## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

## ယုဇနကုမ္ပဏီ၏ နယ် Site များတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်

**၁။ ယာဉ်မောင်း ကျား(၃၀)ဦး**

လျှောက်ထားလိုသူများသည် (၆)လအတွင်း ရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ လိုင်စင်(အနီ) မူရင်း/ မိတ္တူ၊ မှတ်ပုံတင်မူရင်း/မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်း မိတ္တူ/ အလုပ်သမား မှတ်ပုံတင်များနှင့်အတူ ယုဇနကုမ္ပဏီ အမှတ်(၁၃၀)၊ ယုဇနစင်တာ တတိယထပ်၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်သို့ ကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**ဖုန်း-၀၁-၅၄၀၇၄၂၊ ၀၁-၅၄၀၇၄၇၊ ၀၁-၅၅၈၉၇၃**

**အငှားကားပို့**
ညှော်မထွက်ဆန် ၂၄-မြို့
(၁)အိတ် ၂၁၀၀ဝိ/-
09 5108316, 09 975108316

095012322,09770877057

**ကားရောင်းမည်**

| | |
|---|---|
| Fielder / RVR | 295-340 |
| 2003 NOAH | 270-295 |
| 2003 Wish | 225 |
| 2013 Axio | 245-280 |
| Shuttle Taxi | 225-255 |
| CIVIC | 270 |
| Fit / Insight | 190-205 |
| 2011 Swift/Golf/Polo | 190-240 |
| 2010 Belta 1300/1300CC | 185-210 |
| Vitz, Ractis | 190 |
| Probox Taxi | 185 |

09 5108316, 09 975108316

**ဂျော်ခြည်ထစ်**
10',14',15'
Ph:09-450454771
09-450454772
09-450454773

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

**မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်ဘူတာအနီးရှိမြန်မာ့မီးရထားပိုင် မြေနေရာအကျယ်အဝန်း(၅၈၀ပေ×၇၀ပေ)(၀.၉၃ဧက)၌ဒေသနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရေးအတွက်စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest EOI) တင်သွင်းရန် ဖိတ်ခေါ်ခြင်း**

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်ဘူတာအနီး ရုံးကြီးလမ်းနှင့် ဆေးရုံလမ်းထောင့်ရှိ မြန်မာ့မီးရထားပိုင် မြေနေရာ အကျယ်အဝန်းပေ(၅၈၀×၇၀) (၀. ၉၃) ဧက၌ ဒေသနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ၊ အဆင့်မြင့်လူနေဈေးဆိုင်ခန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ အဆင့်မြင့်ရုပ်ရှင်ရုံလုပ်ငန်းများ (Service Apartment) များ ယာဉ်ရပ်နားရန် နေရာပါဝင်သည့် အခြားလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI)များတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အဆိုပါ (EOI)အတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ အပြည့်အစုံ ဖော်ပြထားသည့် လျှောက်လွှာပုံစံများကို (၁)စုံလျှင် ကျပ် (၁၀၀၀ဝိ/-) နှုန်းဖြင့် ၁၃-၂-၂၀၁၈ ရက်မှ ၁၂-၃-၂၀၁၈ ရက်အထိ မန္တလေးဘူတာကြီး၊ တတိယထပ်ရှိ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)ရုံး၊ တယ်လီဖုန်းအမှတ်(၀၂-၄၀၆၆၇၆၄)၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ (EOI) အဆိုပြုလွှာတွင် ဖော်ပြရမည့်အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃) ရုံးသို့ (၃၀-၃-၂၀၁၈) ရက်နေ့ (၁၆း၃၀) နာရီ နောက်ဆုံးထား၍ ပေးပို့သွားရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသည့် (EOI) အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း၊ ၀၂-၄၀၃၅၁၇၂)၊ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)ရုံး (ဖုန်း-၀၂-၄၀၃၅၈၂၉)၊ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃) (ဖုန်း၊ ၀၂-၄၀၆၆၇၆၄)တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**




**မြေရောင်းမည်/ပိုင်ရှင်ကိုယ်တိုင်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၈)လမ်း၊ တိုက်အမှတ်(၂၀၂)၊ အခန်းအမှတ်-အေ(၄-လွှာ) (ခေါင်းရင်းခန်း)၊ (အလျား ၁၂½ပေ×အနံ ပေ၅၀) အကျယ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မြင့်သိန်း[၁၁/ကဖန(နိုင်)၀၀၇၀၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်မြတ်သီတာအောင် LL.B** | **ဒေါ်ကြာညိုနှင်းရည် LL.B** | **ဦးထက်နိုင်ထွန်းရှိန် LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၅၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၉၅)** | **အထက်တန်းရှေ့နေ (စဉ်-၄၂၅၉၈)** |

**ဖုန်း ၀၉-၂၅၀၀၂၀၇၇၂၊ ၀၉-၇၃၁၃၅၇၄၅**
**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

[illegible]

(နုဝမ်းမပျက်ခြင်းသည့်ဖခင်)
ဦးလှထွန်း+ဒေါ်ခင်ဆောင်မူ

## တာဝန်မယူကြောင်းနှင့် ပတ်သက်မှုမရှိတော့ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ထန်းတပင်မြို့နယ်၊ တူချောင်းကျေးရွာ၊ ရတနာသိခ်လမ်း၊ အမှတ် (၂၈၆) နေ ဦးနိုင်လင်း(ခ)ဦးချက်ကြီး (ဘ)ဦးတိုးခိုင် [၁၂/ထတပ(နိုင်)၀၇၇၉၅၁] ကိုင်ဆောင်သူနှင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မာကျော် (ဘ)ဦးကျော်သောင်း[၁၂/ထတပ(နိုင်)၀၇၅၃၃၀]ကိုင်ဆောင်သူတို့နှစ်ဦးသည် လွန်ခဲ့သော အနှစ်(၂၀)မှစ၍ပေါင်းသင်းခဲ့ရာ သား (၄) ဦးထွန်းကားခဲ့ပါသည်။ ယခုအချိန် ဦးနိုင်လင်း(ခ)ဦးချက်ကြီးသည် အိမ်ထောင်ရေးဖောက်ပြန်မှုများ အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပြီး နေအိမ်မှ အကြိမ်ကြိမ်အခါခါ ထွက်ခွာသွားခြင်းများပြုလုပ်နေသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မာကျော်မှ ၁၉-၂-၂၀၁၈ ရက်မှစ၍ ဦးနိုင်လင်း (ခ)ဦးချက်ကြီးနှင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မာကျော်တို့မိသားစုဝင်များနှင့် ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးစုစုရည်** | **ဒေါ်အေးအေးခိုင်** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၃၅၄၄/၂၀၁၄)** | **(စဉ်-၄၈၉၉၄/၂၀၁၇)** |

**အမှတ်(၅၇၀/ခ)၊ နိုင်ကျွန်းသာလမ်း၊ အတွင်းပဒဲကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၈၁၃၁၇**

# THE CENTRAL

## WHERE THE FINEST MEETS



## LIVE, WORK & PLAY IN THE HEART OF YANGON

**At the corner of Kabar Aye Pagoda Road and Kanbe Road,** The Central is designed to be a world-class mixed-use development with Yangon's furst retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.

ကမ္ဘာ့အေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်
The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း စားသောက်ဆိုင်များ အဆင့်မြင့်လူနေတိုက်ခန်းများ ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလန်းခြင်း ရှင်သန်တည်တံ့ခြင်းနှင့် ညီညွတ်ခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။



**LIMITED PROMOTIONAL UNITS REMAINING**

Developed by

MARGA LANDMARK

**HOTLINE**
**+959 777 773 770**

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar.

**GALLERY SHOWROOM**
No. 7 - 8, Kabar Aye Pagoda Road, Yankin Township, Yangon.
www.thecentral.com.mm


KER
Kabaraye Executive Residence
A LIVING SQUARE
GOOD NEWS FOR 2018
TIME FOR INVESTMENT!
SALE GALLERY
OPEN NOW
READY TO MOVE IN
အရစ်ကျငွေပေးချေမှုဖြင့် ဝယ်ယူနိုင်ပါသည်
09 7748 33350 / 09 78 70 58546 / 09 7851 66 291 / 09 799 755 811
အမှတ်(၆၅)၊ ကမ္ဘာအေးဘုရားလမ်း၊ ကျောက်မြတ်ရတနာပြခန်းရှေ့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## အထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော် ဒေါက်တာသိန်းမြင့် (တွဲဖက်ပါမောက္ခ-ဆေးပညာ) ရုတ်တရက် နေမကောင်းဖြစ်စဉ် မိသားစုအရင်းအချာသဖွယ် မေတ္တာဖြင့် လိုအပ်သော အရေးပေါ်ကုသမှုများကို ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော ရောဂါရှာဖွေရေးစစ်ဆေးချက်များ (CT-IVU အပါအဝင်)ကို နာရီပိုင်းအတွင်း အကုန်ပြည့်စုံအောင် အလျင်အမြန်ဆောင်ရွက်ပေးခြင်း၊ ပြသရမည့် အထူးကုဆရာဝန်ကြီးနှင့် အမြန်ဆုံးချိတ်ဆက်ပေးခြင်း၊ ရောဂါကုသမှုပြီးဆုံးသည်အထိ နေ့စဉ်ပုံမှန်စွာ စောင့်ရှောက်သတင်းမေး ကူညီပေးပါသော အိုအက်(စ်)စီဆေးရုံ (OSC Hospital)မှ MD နှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြင်နာစွာ ပြုစုစောင့်ရှောက်ပေးပါသော လုပ်ဖော်ကိုင်ဖက် MO များ၊ သူနာပြုဆရာမများ၊ အထွေထွေဝန်ထမ်းများအားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း နှလုံးသားထဲမှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ဒေါက်တာသိန်းမြင့် (တွဲဖက်ပါမောက္ခ-ဆေးပညာ)**

## အထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော် ဒေါက်တာသိန်းမြင့် (တွဲဖက်ပါမောက္ခ-ဆေးပညာ) ရုတ်တရက် နေမကောင်းဖြစ်စဉ် မိသားစုအရင်းအချာသဖွယ် လိုအပ်သောကုသမှုများကို မေတ္တာဖြင့် အမြန်ဆုံးဆောင်ရွက်ပေးပါသော ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာလမင်းဝင်း၊ လက်ထောက်ဆရာဝန်ကြီး Dr.S Htut Wai Saing၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးမင်းဆွေတို့နှင့်တကွ ဆေးရုံတက်စဉ် အစစအရာရာ လိုလေသေးမရှိ ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးပါသော ဗိတိုရိယဆေးရုံ (Victoria Hospital)မှ ဆေးရုံအုပ်ကြီးနှင့်တကွ ဆေးရုံအုပ်ချုပ်မှုအဖွဲ့ဝင်များ၊ ကြင်နာစွာ ပြုစုစောင့်ရှောက်ပေးပါသော လုပ်ဖော်ကိုင်ဖက် MO များ၊ သူနာပြုဆရာမများနှင့် အထွေထွေဝန်ထမ်းများ၊ Innovative Diagnostic Lab မှ တာဝန်ခံနှင့် ဝန်ထမ်းများ၊ ဆေးရုံတက်စဉ် သတင်းမေးအားပေးကြပါသော မိတ်ဆွေအပေါင်းတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း နှလုံးသားထဲမှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ဒေါက်တာသိန်းမြင့် (တွဲဖက်ပါမောက္ခ-ဆေးပညာ)**


ဇာလေးနာမည် ပေးဆရာကြီး
**ရာဇာဇော်ဝင်း**
01-394727, 01-399426, 09-73009994(LL.B.)
09-5152521


## အမည်ပြောင်း

ရန်ကင်းမြို့နယ် ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း တတိယတန်း(ခ)မှ ဦးအောင်ဒေး [၃/ကကရ(နိုင်)၀၉၄၂၅၉]၏ သမီး မလရိပ်ဂျူးဂျူးအား ယနေ့မှစ၍ မရွှေရည်မြတ်မွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နေ မောင်ခန့်ဇော် ဒသမတန်း(ဆတည-၁၀၆၀)ပြင်ပ၏ ဖခင်အမည်မှန်မှာ ဦးဘာလကိစ္စနား [၁၂/ဗဟန(နိုင်)၀၇၆၉၈၄]ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]


**ရွှေပြည်သာမြို့နယ်ရှိ Sq-ft 168000 နှင့် Sq-ft 100000 အကျယ်ရှိသော စက်ရုံ (၂)လုံးနှင့် ပဲခူးမြို့နယ်ရှိ Sq-ft200000 နှင့် Sq-ft60000 အကျယ်ရှိသော စက်ရုံ(၂)လုံး ငှားရန်ရှိသည်။**
**ဖုန်း-၀၉-၃၁၆၅၆၄၀၇**
**၀၉-၄၂၉၉၇၈၆၅၆**



**ရွှေလက်ခဲ** ... Feb 23,28
09512467B, 09401589907, 01371317


**ASSOCIATE WELDING ENGINEER (AWE) COURSE**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Myanmar Institution of Mechanical Engineers (MMechE) နှင့် Japan Welding Engineering Society (JWES) တို့ပူးပေါင်းဆောင်ရွက်၍ Associate Welding Engineer Course သင်တန်းအား ဖွင့်လှစ်မည်ဖြစ်ပါသည်။

[illegible]

Mobile – 09795220950, Tel – 01-519673- 6 Extension (216) သို့ [illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃အိုင်၊ မြေကွက်အမှတ်-V Class ၁၉၀၊ မြေကွက်တည်နေရာအမှတ်(၉)၊ ဌာနာလမ်း၊ဌာနာရပ်ကွက်၊ အလုံမြို့နယ် ဦးစိုးမြင့်(စီဒီ-၀၁၈၆၀၀)၊ ဒေါ်အုန်းမြင့်(ပီပီအန်-၀၈၄၂၇၂) အမည်ပေါက် နှစ်(၉၀) ဂရန်မြေ(သက်ကုန်)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစိုးမြင့်သည် ၅-၁၂-၂၀၀၂ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဒေါ်အုန်းမြင့် [၁၂/အလန(နိုင်)၀၂၈၇၅၀]မှ တရားဝင်(ဇနီး)တော်စပ်၍ အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရသေ့တောင်မြို့နယ်အသင်း (ရန်ကုန်)
## ဖိတ်ကြားခြင်း

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေးကို အသင်းကော်မတီသစ်ရွေးချယ်တင်မြှောက်ပွဲ၊ စာအောင်သံဃာတော်များပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲတို့ကို ၂၅-၂-၂၀၁၈ ရက် ၉း၀၀ နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

ယခင်နှစ်မှ အပူဇော်ခံ သက်ကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ပူဇော်ခံကြွရောက်ကြပါရန်နှင့် မြို့နယ်သူ/သားများလည်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မြို့နယ် အသင်းဝင်များအနေဖြင့် လစဉ်ကြေး၊ နှစ်စဉ်ကြေးများ ထည့်ဝင်လှူဒါန်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရသေ့တောင်မြို့နယ်အသင်း (ရန်ကုန်)**

## အများသိစေရန် ကြေညာခြင်း

[illegible]

ရုံးအမိန့်ကြော်ငြာရသူ -
**ဒေါ်ခင်မာဆွေ ( LL.M )**
တရားလွှတ်တော်ရှေ့နေ [illegible]

[illegible]

**ဥတုရာသီ တောကိုမီး၏**

